# တက္ကသိုလ် သုတေသီများအတွက်
# သုတေသနလက်စွဲ

## သစ်မင်းအိမ် ( မြန်မာဘာသာပြန် )



ဂျော်နသန် လီဂျော်ဘာလဒ်၊ လှဲ့ပြာ (ဥပဒေ)၊ ခင်ခင်မေ၊
ဆောင်းနှင်း၊ မေဖြူ၊ သံလွင်၊ မိုးမခ၊ အိုင်းရစ်

# Research Handbook for Emerging Researchers

Authors - Jonathan Liljeblad, Lei Pyar (Law), Khin Khin May, Saung Hnin, May Phyu, Salween, Moe Makha, Iris

Editor – Jonathan Liljeblad

Translated to Myanmar language by Thit Min Eain.

သစ်မင်းအိမ် ဘာသာပြန်သည်။

Cover design by Za Mal Din

မျက်နှာဖုံးဒီဇိုင်း - ဇမာဒင်

This Burmese translation is copyrighted and published with the support of DANIDA. All rights relating to Burmese translation are reserved.

Reproduction of this Burmese translation book is subject to the permission of the copyright owner.

မာတိကာ

ဥယျောဇဉ် .......... i

နိဒါန်း .......... iii

လူ့အခွင့်အရေးသုတေသန၏ရည်ရွယ်ချက် .......... iii

မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးသုတေသနဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ .......... v

ဤလက်စွဲစာအုပ်အကြောင်း .......... vii

အခန်း (၁) .......... ၁

အပိုင်း (၁) သုတေသနလုပ်ငန်းတစ်ခု ဒီဇိုင်းရေးဆွဲရာတွင် ပါဝင်ရမည့် အစိတ်အပိုင်းများ .......... ၁

နိဒါန်း .......... ၁

အဆင့် (၁) သုတေသန အကြောင်းအရာ သို့မဟုတ် ခေါင်းစဉ် ရွေးချယ်ခြင်း .......... ၁

အဆင့် (၂) သုတေသနပြုမည့် ပြဿနာနှင့် သုတေသနမေးခွန်း .......... ၃

အဆင့် (၃) သုတေသနနည်းစနစ် .......... ၈

အဆင့် (၄) သုတေသနရလဒ်များ .......... ၁၂

အဆင့် (၅) ကျမ်းကိုးစာရင်းများ .......... ၁၂

အဆင့် (၆) အဆိုပြုရန်ပုံငွေလိုအပ်ချက် .......... ၁၃

အပိုင်း (၂) ပညာရပ်စာပေ သုံးသပ်လေ့လာချက် .......... ၁၄

နိဒါန်း .......... ၁၄

(၁) လေ့လာဆန်းစစ်ချက် ဖွဲ့စည်းတည်ဆောက်ပုံ .......... ၁၄

(၂) စာအုပ်စာတမ်းများကို စိတ်ဖြာလေ့လာဆန်းစစ်ခြင်း .......... ၁၅

သုံးသပ်ချက် .......... ၁၉

အပိုင်း (၃) သုတေသနအဆိုပြုလွှာတစ်ခုတွင် ပါဝင်သည့် အစိတ်အပိုင်းများ ပုံစံ .......... ၂၀

သုတေသနပြုမည့်ပြဿနာများ .......... ၂၀

သုတေသနမေးခွန်းများ.......................................................................... ၂၀

သုတေသနရည်ရွယ်ချက်များ ..................................................................... ၂၁

သုတေသနနည်းစနစ်များ......................................................................... ၂၁

သုတေသနတွေ့ရှိချက်များ........................................................................ ၂၂

သုတေသနလုပ်ငန်း အစီအစဉ် ................................................................... ၂၂

သုတေသနရန်ပုံငွေအဆိုပြုလွှာ/ ဘဏ္ဍာရေးအစီအမံ ........................................ ၂၂

မြန်မာသုတေသီများအတွက် အကြံပြုချက်များ.................................................. ၂၃

ကျမ်းကိုးစာရင်း ........................................................................................ ၂၅

အခန်း (၂) သုတေသနကျင့်ဝတ်များ - လူသားများနှင့် သက်ဆိုင်သည့် သုတေသန ပြုရာတွင် ကျင့်သုံးရမည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အချက်အလက်များ............................................... ၂၇

နိဒါန်း......................................................................................................... ၂၇

သုတေသနကျင့်ဝတ် ....................................................................................... ၂၈

သုတေသီ၏တာဝန်ဝတ္တရားများ....................................................................... ၂၈

သုတေသနတွင်ပါဝင်သူများအတွက် ပွင့်လင်းမြင်သာမှုရှိစေရေးဆိုင်ရာ တာဝန် ........................................................................................................ ၂၉

လွတ်လပ်ပွင့်လင်း၍ ရှင်းလင်းတိကျသည့် သဘောဆန္ဒရယူသည့် တာဝန်...... ၂၉

လျှို့ဝှက်ချက်ထိန်းသိမ်းရမည့် တာဝန်.......................................................... ၃၀

ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက်ကို လေးစားရမည့် တာဝန် ........................................ ၃၁

သုတေသနတွင် ပါဝင်သူများအတွက် ဘေးဒုက္ခမဖြစ်စေရေး တာဝန် ............. ၃၂

ထိခိုက်ခံစားလွယ်လူအုပ်စုများ.................................................................... ၃၃

စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် အချက်အလက်စီမံခန့်ခွဲမှု ............................ ၃၄

ပညာရှင် အသိုက်အဝန်းနှင့် အဖွဲ့အစည်းအတွက် ရှေးရှုသည့် တာဝန်ယူမှု ...... ၃၄

စာပေအသိဉာဏ်ကူးယူခိုးချမှု...................................................................... ၃၅

သုံးသပ်ချက် ..........၃၅
ကျမ်းကိုးစာရင်း..........၃၆
နောက်ဆက်တွဲ - စာဖြင့်ရေးသားထားသည့် သဘောဆန္ဒတောင်းခံလွှာ နမူနာပုံစံ ..........၃၆
မြန်မာသုတေသီများအတွက် အကြံပြုချက်များ..........၄၀
အခန်း (၃) အရည်အသွေးအခြေပြုနည်းလမ်းများ - အင်တာဗျူးဒီဇိုင်း၊အင်တာဗျူး မေးခွန်းများ ပြုစုရေးသားခြင်းနှင့် အင်တာဗျူး မေးမြန်းခြင်းအတွက် အခြေခံအချက်များ ..........၄၁
၁။ အရည်အသွေးအခြေပြု သုတေသန၏ ထူးခြားသောလက္ခဏာရပ်များ..........၄၁
၂။ အင်တာဗျူးအမျိုးအစားများနှင့် နည်းလမ်းများ..........၄၂
၂.၁။ အင်တာဗျူးအမျိုးအစားများ .......... ၄၂
၂.၂။ အင်တာဗျူးမေးမြန်းသည့် နည်းလမ်းများ.......... ၄၃
၃။ အင်တာဗျူးမေးခွန်းများရေးသားပြုစုရာတွင် လိုက်နာရမည့် အခြေခံအချက်များ..........၄၇
၃.၁။ အင်တာဗျူးအတွက် ပြင်ဆင်ခြင်း..........၄၈
၃.၂။ အင်တာဗျူးတွင်ပါဝင်သည့် အကြောင်းအရာ အမျိုးအစားများနှင့် မေးခွန်းအမျိုးအစားများ..........၄၉
၃.၃။ မေးခွန်းမေးမြန်းရာတွင် လိုက်နာရမည့် အချက်များ ..........၅၀
၄။ အချက်အလက်မှတ်တမ်းတင်ခြင်း နည်းနာများ..........၅၂
၅။ သုတေသီ၏ ဘက်လိုက်မှု..........၅၄
မြန်မာသုတေသီများအတွက် အကြံပြုချက်များ..........၅၅
ကျမ်းကိုးစာရင်း..........၅၇
အခန်း (၄) အရေအတွက်အခြေပြု နည်းလမ်းများ - စစ်တမ်းကောက်ယူ သုတေသန ပြုခြင်း ၅၉
၁။ စစ်တမ်းမေးခွန်းများ..........၆၀
(က) စစ်တမ်းမေးခွန်းပုံစံများ ..........၆၀
(ခ) ဘက်လိုက်မေးမြန်းသည့် မေးခွန်းများ (Biased questions) ..........၆၅

၂။ စစ်တမ်းကောက်ယူခြင်း ........................................................................................................... ၆၉
ကြိုတင်သိရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှု (Demand bias) ....၇၀
လူမှုရေးရာ လိုလားချက်အရ ဖြစ်ပေါ်သည့် ဘက်လိုက်မှု (Social desirability bias)........................................................................................၇၀
မဖြေဆိုခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှု (Non-response bias)..၇၁
သဘောဆန္ဒကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှု (Voluntary bias)......... ၇၂
အဖြေများ စီစဉ်ထားရှိပုံကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှု (Answers order bias)........................................................................................ ၇၂
အစွန်းရောက် ဘက်လိုက်မှု (Extreme bias) .............................................၇၃
ကြားနေ ဘက်လိုက်မှု (Neutral bias).......................................................၇၃
၃။ စစ်တမ်းလေ့လာဆန်းစစ်ခြင်း........................................................................................................၇၄
ဖြစ်နိုင်စွမ်းရှိသည့် နမူနာရွေးချယ်ခြင်း (Probability sampling)..................၇၅
ဖြစ်နိုင်စွမ်းမရှိသည့် နမူနာရွေးချယ်ခြင်း (Non-probability sampling) ........၇၇
၄။ မြန်မာသုတေသီများအတွက် အကြံပြုချက်များ.........................................................................၇၉
ကျမ်းကိုးစာရင်း .........................................................................................................................၈၂
အခန်း (၅) ပညာရပ်ဆိုင်ရာ သုတေသနနှင့် ရေးသားနည်းအခြေခံအချက်များ .............................၈၃
စာတမ်းအကျဉ်း (Abstract) ........................................................................................................ ၈၃
နိဒါန်း (Introduction)................................................................................................................. ၈၄
သုတေသနမေးခွန်း (Research Question).....................................................................................၈၆
ပညာရပ်စာပေ သုံးသပ်လေ့လာချက် (Literature Review)...........................................................၈၆
သုတေသန နည်းလမ်းများ (Research Methods).........................................................................၈၇
အချက်အလက် လေ့လာဆန်းစစ်ခြင်းနှင့် တွေ့ရှိချက်များ (Data Analysis and finding)................၈၈
သုံးသပ်ချက် (Conclusion)...........................................................................................................၉၀

ကျမ်းကိုးစာရင်း သို့မဟုတ် စာစုစာရင်း (References or Bibliography) ........ ၉၁

မြန်မာသုတေသီများအတွက် အကြံပြုချက်များ ........ ၉၁

ကျမ်းကိုးစာရင်း ........ ၉၃

# ဥယျောဇဉ်

Louise Simonsen Aaen

လူ့အခွင့်အရေးနယ်ပယ်တွင် ပညာရပ်ဆိုင်ရာ သုတေသနဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံရှိ အဆင့်မြင့်ပညာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို ပေါင်းစပ် မြှင့်တင်ရန် အလို့ငှာ ဒိန်းမတ်အစိုးရသည် ၎င်းအဆင့်မြင့်ပညာ အဖွဲ့အစည်းများအား ၂၀၁၆ ခုနှစ် ကတည်းက အထောက်အပံ့ပေးလျှက်ရှိသည်။ စွမ်းဆောင်ရည် အားကောင်း ခိုင်မာစေသည့် သင်တန်းများ စဉ်ဆက်မပြတ်ပေးခြင်းဖြင့် အထောက်အပံ့ ပေးပါသည်။ ဖော်ထုတ်ထားသည့် လိုအပ်ချက်များအပေါ် မူတည်၍ ၎င်းသင်တန်းများအား မြန်မာပညာရှင်များနှင့် ပူးပေါင်း ရေးဆွဲထားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် တားဆီးရေးအတွက် အပြင်ထွက်သွားလာခွင့်ကို ကာလကြာရှည် ပိတ်ပင်ထားစဉ် ကာလအတွင်း သုတေသနမေးခွန်းများအား မေးမြန်းစုံစမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက် စေခြင်းဖြင့် သာမက ဒေသတွင်းနှင့် နိုင်ငံတကာဂျာနယ်များတွင် ပညာရပ်ဆိုင်ရာဆောင်းပါးများနှင့် သုတေသန စာတမ်းများအား ပုံနှိပ်ထုတ်ဝေခြင်းတို့မှတဆင့် သုတေသန ပညာရှင် အများ အပြားက သုတေသနနည်းလမ်းဆိုင်ရာ ဗဟုသုတနှင့် စွမ်းရည်များကို စဉ်ဆက်မပြတ် တိုးပွားလာစေသည့် အခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်ခဲ့ကြသည်။ အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများသည် ပညာရပ်ဆိုင်ရာ သုတေသနနည်းလမ်းများနှင့် သက်ဆိုင်သည့် သင်ရိုးများကို မိတ်ဆက်သင်ကြားရန် လိုအပ်ကြောင်း မြန်မာပညာရှင်အများအပြားက အလေးထား ပြောဆိုခဲ့ ကြသည်။ ထို့အပြင် သုတေသန နည်းလမ်းများအကြောင်း သင်တန်းနှင့် ဗဟုသုတမရှိခြင်းတို့ကြောင့် သုတေသန၏ အရည်အသွေးကိုလည်း ထိခိုက်ကြောင်းကိုလည်း အလေးထားပြောဆိုခဲ့ကြသည်။

တက်သစ်စပညာရှင်များနှင့် နောင်ထွက်ပေါ်လာမည့် တက်သစ်စပညာရှင်များကို အထောက်အပံ့ ဖြစ်စေမည့် မြန်မာနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် မိတ်ဆက်ရေးသားသည့် သုတေသနလက်စွဲစာအုပ်အား ပြုစုရန် စိတ်ကူးစိတ်သန်းက အချိန်ကိုက် ပေါ်ထွက်လာသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်မှ အာဏာသိမ်းပြီးနောက် နိုင်ငံရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအား သိသိသာသာ ဆက်လက်ကြုံတွေ့ရပြီး ပြည်သူအများစုအတွက် ဆင်းရဲဒုက္ခကြီးကြီးမားမား ဖြစ်ပေါ်လျှက်

ရှိသည်။ ထိုဘေးဒုက္ခများကြားမှပင် ဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာ သုတေသနစွမ်းရည် မြှင့်တင်ခြင်းက အရေးပါကြောင်း သုတေသနပညာရှင်များက ဆက်လက် အရေးထား ခဲ့ကြသည်။ ပညာရပ်ဆိုင်ရာ သုတေသနတွင်ပါဝင်ဆောင်ရွက်ရန်အလို့ငှာ စဉ်းငယ်မျှသော အခွင့်အလမ်းများကို ဆုပ်ကိုင်ရန်အတွက် မမောနိုင် မပန်းနိုင် အလုပ်လုပ်ခဲ့ကြသည်။

ခက်ခဲနေစဉ်ကာလအတွင်း အတွေ့အကြုံနုနယ်သေးသည့် သုတေသီများအတွက် လမ်းညွှန်မှုနှင့် အထောက် အပံ့များ အသေအချာရှိရန်အလို့ငှာ မြန်မာပညာရှင်များက အလွန်ပင် ဆန္ဒရှိခဲ့ကြသည့်အတွက်ကြောင့် ဤလက်စွဲ စာအုပ်အား ၂၀၂၁ ခုနှစ်တွင် စတင်ပြုစုခဲ့သည်။

ဤမိတ်ဆက်လက်စွဲစာအုပ်အား တွဲဖက်ပါမောက္ခ Dr Jonathan Liljeblad က မြန်မာပညာရှင် ၇ ဦးနှင့် အတူ ရေးသားပြုစုခဲ့ကြသည်။ ထိုသို့ ရေးသားပြုစုရာတွင် အကြီးတန်း ဥပဒေအကြံပေးပညာရှင်ဖြစ်သူကလည်း အထူးပင် ကူညီထောက်ပံ့ပေးခဲ့သည်။ လက်စွဲစာအုပ် ရေးသားပြုစုရန်အတွက် ကနဦးသင်တန်းပေးခြင်းနှင့် ပြင်ဆင်စီမံခြင်းတို့သာမက မူကြမ်းအပေါ် ဆွေးနွေးခြင်း လုပ်ငန်း အာလုံးတို့အား အွန်လိုင်းမှတဆင့် ဆောင်ရွက်ခဲ့ကြသည်။ လက်စွဲ စာအုပ်ပါ အခန်းများအား ပညာရှင်များက သီးခြား ပြုစုရေးသားကြပြီး မူကြမ်းများအပေါ် အကြံပြုချက်များနှင့် တုံ့ပြန်ချက်များကို ကြိုးစား၍ပေါင်းစပ် ထည့်သွင်းခဲ့ကြသည်။

မိတ်ဆက်လက်စွဲစာအုပ်အား တစ်သမတ်တည်းမဟုတ်ဘဲ ပြင်လွယ်ပြောင်းလွယ်သည့် စာအုပ်တစ်အုပ် အဖြစ် ရည်ရွယ်ပါသည်။ အကြံဉာဏ်သစ်များ၊ နည်းစနစ်အသစ်များဖြင့် စာအုပ်ကို နောက်ပိုင်းတွင် အဆင့်မြှင့် ပြုစုသွားမည် ဖြစ်သလို မြန်မာပညာရှင်များထံမှ ရရှိသည့် တုံ့ပြန်ချက်များ/ သဘောထားမှတ်ချက်များကို အခြေပြု၍လည်း မွမ်းမံပြင်ဆင်သွားမည် ဖြစ်သည်။

ဤလက်စွဲစာအုပ်အား ပူးတွဲရေးသားခဲ့ကြသည့် မြန်မာပညာရှင်များအား အထူးပင် ထောပနာပြုကာ ကျေးဇူးတင်ရှိ ကြောင်း ပြောကြားလိုပါသည်။ Dr Jonathan Liljeblad ကိုလည်း ကျေးဇူးဥပကာယ တင်ရှိကြောင်းလည်း အလားတူ ပြောကြားလိုပါသည်။

# နိဒါန်း

## Jonathan Liljeblad

ဤလက်စွဲစာအုပ်က သုတေသနနည်းလမ်းများအား မိတ်ဆက်ရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံတွင် လူ့အခွင့် အရေးလေ့လာမှုများအတွက် သင့်လျော်မည့် သုတေသန နည်းလမ်းများတွင် ပါဝင်သည့် အစိတ်အပိုင်းများကို ဤစာအုပ်တွင် အလေးထား ထည့်သွင်း ထားသည်။ ထို့ကြောင့် ပညာရှင်များလေ့လာမှုတွင် အသုံးပြုသည့် သုတေသနနည်းလမ်းများ အားလုံး အပြည့်အဝပါဝင်သော ပြီးပြည့်စုံသည့် ပညာရပ်တစ်ခုအဖြစ် ဤလက်စွဲ စာအုပ်အား ရည်ရွယ်ထားခြင်း မဟုတ်ပါ။ ထို့အစား မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ပညာရှင်များအတွက် သင့်လျော်သည့် အခြေခံကျကျ နည်းလမ်းများအား အနှစ်ချုပ်ဖော်ပြရန်သာ ဦးတည်ထား ပါသည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအား ဘာသာရပ်တစ်ခုအဖြစ် ဥပဒေပညာဌာနမှ သင်ကြားပေးပါသည်။ လူမှုသိပ္ပံဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများနှင့် ကိုက်ညီသည့် သီအိုရီပိုင်းနှင့် လက်တွေ့မျက်မြင်အခြေပြုသုတေသနကို ဥပဒေပညာဌာနမှ အများအားဖြင့် အသုံးပြုကြသည်။ စာအုပ်စာတမ်းများ စိစစ်လေ့လာချက်၊ အင်တာဗျူးများနှင့် စစ်တမ်း ကောက်ယူချက်များမှ ကောက်နှုတ်ထားသည့် အရင်းခံအချက်အလက်များနှင့် တဆင့်ခံ ရရှိသည့် အချက်အလက် အရင်းအမြစ်များ ပါဝင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးသုတေသီများအား အထောက်အပံ့ဖြစ်စေရန် အလို့ငှာ အောက်ပါအခန်းများက အထက်ဖော်ပြပါ အချက်အလက်များအပေါ် အခြေခံ ရေးသားပြုစုထားသည်။ သုတေသနဒီဇိုင်း၊ သုတေသနကျင့်ဝတ်၊ အင်တာဗျူးမေးမြန်းသည့် ဒီဇိုင်း၊ စစ်တမ်း ကောက်ယူသည့်ဒီဇိုင်းနှင့် သုတေသနစာတမ်း ရေးသားခြင်းတို့အတွက် အခန်းလိုက် သီးခြားစီ ရေးသား ပြုစုထားသည်။ နိုင်ငံတကာပညာရှင် အသိုက်အဝန်းတွင် အသုံးပြုလျှက်ရှိသည့် အလေ့အကျင့်များကို ထင်ဟပ်ထားသည့် အဓိကကျသော အခြေခံမှုများကိုသာမက အဆိုပါအခြေခံမှုများအား မြန်မာနိုင်ငံတွင် အသုံးချရာတွင် သိရှိသင့်သည့် ထင်မြင်ချက်များကိုလည်း အခန်း တစ်ခုချင်းစီတွင် တင်ဆက်ထားသည်။

## လူ့အခွင့်အရေးသုတေသန၏ ရည်ရွယ်ချက်

လူ့အခွင့်အရေးသုတေသနဆောင်ရွက်ရာတွင် လူ့အခွင့်အရေးနယ်ပယ်အတွက် တမူထူးခြားသည့် ကိစ္စရပ်များကို ကြုံတွေ့ရသည်။ ၎င်းတို့သည် ထိရှလွယ် အကြောင်းအရာများ၊ နှိုင်းချိန်၍ လေ့လာဝေဖန်ဆန်းစစ်ခြင်း၊ လူ့အခွင့်အရေး၏ ဦးတည်ချက်နှင့် လက်ရှိ အခြေအနေနှင့် ချိတ်ဆက်နေသည့် လူ့အခွင့်အရေးအခြေအနေ စသည်တို့မှ ထွက်ပေါ်လာသည့်

ကိစ္စရပ်များ ဖြစ်ကြသည်။ ကနဦးအနေဖြင့် အကြောင်းအရာအရ ဆိုသော် လူ့အခွင့်အရေးသည် ထိရှလွယ်သည့် ဖြစ်ရပ်များနှင့် အယူအဆများပါဝင်နေသည်။ အကျိုးဆက်အားဖြင့် လူ့အခွင့်အရေးအကြောင်း လေ့လာသည့် သုတေသီများက အငြင်းပွားမှု၊ မကျေနပ်မှုများ ကြုံတွေ့ရပေမည်။ သို့ရာတွင် လူ့အခွင့်အရေးသည် ပညာရပ်နယ်ပယ်တစ်ခုအဖြစ် အငြင်းပွားမှုများကို ဖန်တီးလိုရင်း မရှိကြောင်း သိရှိနားလည်ထားရမည် ဖြစ်သည်။ ထို့အစား စုံစမ်းဖော်ထုတ်ရာတွင် လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့် အခိုင်အမာ ရရှိရေးကိုသာ ဦးတည်ကြောင်း သိရှိနားလည်ရမည်။ လွတ်လပ်စွာ စကားပြောဆိုခွင့်၊ လွတ်လပ်စွာ သဘောထားအမြင် တင်ပြခွင့် သို့မဟုတ် ယုံကြည်ခွင့်၊ အခြားသူများနှင့် လွတ်လွတ်လပ်လပ် ပူးပေါင်းခွင့်၊ သတင်းအချက်အလက် လွတ်လပ်စွာ ရယူပိုင်ခွင့်တို့ အသေအချာ ရရှိစေရမည် ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ပညာရှင် အသိုက်အဝန်းက စွဲကိုင်ထားသည့် "စုံစမ်းမေးမြန်းသည့်အခါ ထားရှိရမည့် စိတ်ထား" ကို စွဲကိုင်ထားခြင်းဖြင့် ပညာဗဟုသုတနှင့် နားလည်သဘောပေါက်မှုနယ်ပယ် ချဲ့ထွင်သည့် နည်းလမ်းတစ်ခုအဖြစ် ထိရှလွယ် အကြောင်းရာများအပေါ် သုတေသန ပြုရပေလိမ့်မည်။

ဒုတိယအနေဖြင့် လူ့အခွင့်အရေးအကြောင်းအရာများအတွက် "စုံစမ်းမေးမြန်းသည့်အခါ ထားရှိရမည့် စိတ်ထား" ကို ကျင့်သုံးရာတွင် ပညာရှင်ဆန်ဆန် နှိုင်းချင့် ဝေဖန်ဆန်းစစ်လေ့လာသည့် ချဉ်းကပ်နည်းများကို ပညာရှင် သုတေသတီများက အသုံးချရမည်။ နှိုင်းချင့်ဝေဖန်းဆန်းစစ်လေ့လာခြင်းတွင် ပြဿနာများ သို့မဟုတ် မေးခွန်းများ သတ်မှတ်ရာ၌ ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်မှု အစိတ်အပိုင်းများ ပါဝင်ရမည်။ ထို့အပြင် "ဘယ်သူလဲ (who)"၊ "ဘာလဲ (what)"၊ "ဘယ်အချိန် (when)"၊ "ဘယ်နေရာ (where)"၊ "ဘာ့ကြောင့် (why)" နှင့် "ဘယ်လို (how)" ဟူသည့် မေးခွန်းများကို သတ်မှတ်ရာတွင်လည်း ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်မှု အစိတ်အပိုင်းများ ထည့်သွင်းရမည်။ နောင်ကာလ ဖြစ်ရပ်များအား ခန့်မှန်းနိုင်မည့် သီအိုရီများ ဖော်ထုတ်သည့် ခန့်မှန်း အစိတ်အပိုင်းများလည်း ပါဝင်ပေမည်။ ထိထိရောက်ရောက် ရှိစေရန်အလို့ငှာ အချက်အလက်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန်အတွက် လိုအပ်ပါသည်။ အပြန်အလှန်အားဖြင့် နှိုင်းချင့်ရာတွင် ဘက်ပေါင်းစုံမှ အမြင်ရှုထောင့်များနှင့် ပွင့်လင်းမြင်သာမှုကို ခွင့်ပြုထားသည့် နယ်ပယ်တစ်ခု လိုအပ်ပါသည်။

တတိယအနေဖြင့် လူ့အခွင့်အရေးအကြောင်းအရာများအကြောင်း သုတေသနသည် လူ့အခွင့်အရေး၏ မြင့်မားသည့် ရည်ရွယ်ချက်ကို သိမြင်ရမည် ဖြစ်သည်။ လူတစ်ဦးချင်းစီနှင့် လူအများအားလုံးအတွက် အခွင့်အရေးများကို သတ်မှတ်ပြဋ္ဌာန်းခြင်းဖြင့် လူသားအားလုံး၏ ဂုဏ်သိက္ခာကို မြင့်တင်ရာတွင် အထောက်အပံ့ ပြုခြင်းဟူသော ရည်ရွယ်ချက် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ဆောင်ရာတွင် လူသားများအတွက် သင့်တင့် လျောက်ပတ်စွာ ပြုမူဆက်ဆံရန်

သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များအား လူ့အခွင့်အရေးက အခိုင်အမာ ပြောဆိုသည်။ အကျိုးဆက်အားဖြင့် စံသတ်မှတ်ချက်များကို မြှင့်တင်ရန် ရည်ရွယ်ထားသည့် ဆောင်ရွက်ဆဲ ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်နှင့် သုတေသီများက ဆက်စပ်နေပါသည်။ လူသားများက တစ်ဦးနှင့် တစ်ဦး ထိတွေ့ ဆက်ဆံရာတွင် သင့်တင့်လျောက်ပတ်သော နည်းလမ်းများဖော်ပြထားသည့် စံသတ်မှတ်ချက်များဖြစ်သည်။ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ပြဿနာများနှင့် စိန်ခေါ်မှုများကို နှိုင်းချင့် ဝေဖန်းဆန်းစစ်လေ့လာခြင်းက ဖော်ထုတ်ပေလိမ့်မည်။ သို့သော် ကမ္ဘာပေါ်တွင် လူ့အခွင့်အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာစံသတ်မှတ်ချက်များကို မြှင့်တင်မည့် အားထုတ်မှုများကို သက်ရောက်ပြီး အကူအညီပေးမည့် "အပြုသဘောဆောင် ဝေဖန်ဆန်းစစ် လေ့လာမှု" ကို ၎င်းဝေဖန်ဆန်းစစ်ချက်က ဦးတည်ထားသည်။

နောက်ဆုံးအနေဖြင့်မူ ကမ္ဘာနှင့်ချီ၍ လူ့အခွင့်အရေးမြှင့်တင်ခြင်းက ဒေသအခြေအနေ များတွင် ပြောင်းလဲမှုဖြစ်လေ့ ရှိခြင်းဟုလည်း ဆိုလိုသည်။ လူသားများ၏ ပြုမူဆောင်ရွက်ချက် အတွက် တပြေးညီ စံသတ်မှတ်ချက်များအား မြှင့်တင်ရာတွင် နေရာဒေသအမျိုးမျိုးရှိ အခြေအနေနှင့် ကျင့်သုံးပုံများမှ ကွဲပြားနေသည့် တပြေးညီ စံသတ်မှတ်ချက်များအား မိတ်ဆက်ခြင်းကို လူ့အခွင့်အရေးတွင် ထည့်သွင်းထားသည်။ ဆိုလိုသည်မှာ နေရာဒေသတစ်ခုရှိ နဂိုမူလ ရှိရင်းစွဲ စံသတ်မှတ်ချက်များကို လူ့အခွင့်အရေးက စိန်ခေါ်ခြင်းပြုနိုင်သည်။ သို့ရာတွင် ဤအချက်က ကမ္ဘာပေါ်ရှိ လူသားအားလုံးကို အကာအကွယ်ပေးသည့် စံသတ်မှတ်ချက်များ အခိုင်အမာ ဖြစ်ထွန်းပေါ်ပေါက်ရေးဟူသော လူ့အခွင့်အရေး မျှော်မှန်းချက်၏ အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ အလုပ်သည် လူ့အခွင့်အရေးများအား နှိုင်းချင့် ဝေဖန်ဆန်းစစ်လေ့လာခြင်းမျှသာမကဘဲ ရှိရင်းစွဲ စံသတ်မှတ်ချက်များကိုလည်း ဝေဖန်ဆန်းစစ် လေ့လာခြင်း ဖြစ်ကြောင်း လူ့အခွင့်အရေးကိစ္စရပ်များအကြောင်း လေ့လာနေသည့် သုတေသီများက နားလည်သဘောပေါက်ထားရမည်။ အနှစ်ချုပ်ရသော် လူ့အခွင့်အရေး သုတေသနပြုခြင်းသည် လူ့အခွင့်အရေးစံများ ဖြစ်ပေါ်လာရန် အပြောင်းအလဲ၏ သဘောသဘာဝကို စူးစမ်း လေ့လာခြင်းပင် ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးသုတေသနဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ

လူ့အခွင့်အရေး သုတေသနပြုလုပ်ရန်အတွက် မြန်မာနိုင်ငံ၏ အနေအထားသည် စိန်ခေါ်မှုများကို အထူး ဖြစ်ပေါ်စေသည်။ စတင်ပြောဆိုရသော် ဆယ်စုနှစ်များစွာ စစ်တပ်အုပ်ချုပ်မှုကြောင့် မြန်မာ့ လူ့အသိုက်အဝန်းသည် ယခုထိတိုင် အကန့်အသတ်ခံနေရဆဲ

ဖြစ်သည်။ လူ့အခွင့်အရေးကို အကောင်အထည်ဖော်ရန် စစ်တပ်တွင် နိုင်ငံရေး ဆန္ဒ အမြဲမရှိခြင်းကြောင့် လူ့အခွင့်အရေးအကောင်အထည်ဖော်ခြင်းက ဆိုးကျိုးကြုံတွေ့ရသည်။ လက်တလော ကာလများတွင် တစ်နိုင်ငံလုံးရှိ ပညာရှင်များသာမက သာမန်ပြည်သူများတွင် လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတကို မြှင့်တင်ရန် အခွင့်အလမ်း အနည်းငယ်မျှရရှိခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအကြောင်း မိတ်ဆက်ခြင်းသည် လူ့အခွင့်အရေးတန်ဖိုးများကို နားမလည်သည့် ရှိရင်းစွဲ အနေအထား သို့မဟုတ် ဆန့်ကျင်သည့် ရှိရင်းစွဲအနေအထားမှ မမျှော်မှန်းနိုင်သည့် အန္တရာယ်များကို ကြုံတွေ့ရကြောင်း ယူဆကြသည်။

နောက်ထပ်အချက်တစ်ခုမှာ မြန်မာနိုင်ငံ၏ ပညာရေးသည် လူ့အခွင့်အရေးနှင့် ပညာရပ်ဆိုင်ရာ သုတေသန အကြောင်း အချက်အလက်များ လက်လှမ်းမီ ရရှိမှုကို ဆယ်စုနှစ်ပေါင်းများစွာ ထိန်းချုပ်ကန့်သတ် ခံရခြင်းမှ နလံပြန်မထူနိုင်ဘဲ ဆိုးကျိုးခံစားနေရဆဲ ဖြစ်သည်။ အကူအညီပေးသည့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် လူ့အခွင့်အရေးသင်တန်းများကို ဆယ်စုနှစ်ပေါင်းများစွာအတွင်း မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့ရသည်။ သို့ရာတွင် သင်တန်းတက်ရောက်ခွင့်ရသည့် လူအရေအတွက်မှာ လူဦးရေနှင့် နှိုင်းယှဉ်သော် မပြောပလောက်သည့် အစိတ်အပိုင်းမျှသာ ဖြစ်သည်။ မြန်မာနိုင်ငံရှိ စာသင်ကျောင်းများတွင် လူ့အခွင့်အရေးသင်ကြားခြင်းကို ထည့်သွင်းသည့် ကြိုးစား အားထုတ်မှုများ ရှိသော်ငြား ၎င်းကြိုးစားမှုများက လွန်ခဲ့သည့် နှစ်အနည်းငယ်က စတင်ခဲ့ခြင်း ဖြစ်သည့်အတွက်ကြောင့် ရလဒ်ထွက်ပေါ်ရန် အချိန် မလုံလောက်သေးပေ။ အလားတူပင် သုတေသန နည်းလမ်းများအား သင်တန်းပေးခြင်းကို နိုင်ငံတကာ အကူအညီပေးသည့် အစီအစဉ်များက အထောက်အပံ့ ပေးလျှက်ရှိသော်ငြား လူ့အခွင့်အရေး သင်ကြားလျှက်ရှိသည့် ပညာရေးဌာနများအတွက် အထူးအလည် ရည်ရွယ်သည့် သင်တန်းအစိတ်အပိုင်းများ မဟုတ်ကြပေ။ အထူးသဖြင့် တက္ကသိုလ်များရှိ လူ့အခွင့်အရေးပညာရေး ဆိုင်ရာဌာနများ အတွက် မဟုတ်ကြပေ။ အကျိုးဆက်အားဖြင့် မြန်မာနိုင်ငံ တက္ကသိုလ်များရှိ လူ့အခွင့်အရေး ပညာရှင်များအတွက် လူ့အခွင့်အရေးနှင့် သုတေသနနည်းလမ်းများနယ်ပယ် နှစ်ရပ်စလုံးတွင် ၎င်းတို့၏ စွမ်းဆောင်ရည်များကို တည်ဆောက်ရန် အကူအညီ မရှိမဖြစ် လိုအပ်နေပါသည်။

အထက်ဖော်ပြပါ စိန်ခေါ်မှုများက မြန်မာနိုင်ငံတွင် လက်တလောဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် ပိုမို ဆိုးရွား နေပါသည်။ စစ်တပ်အာဏာသိမ်းသည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကတည်းကပင် လူ့အခွင့်အရေး ချိုးဖောက်မှုများ အဆမတန် မြင့်မားနေသည်ကို မြန်မာနိုင်ငံက တွေ့ကြုံခံစားနေရသည်။ မတည်ငြိမ်မှုက နိုင်ငံတကာ အကူအညီပေးသည့် အစီအစဉ်များကို ထွက်ခွာစေရန် တွန်းပို့လျှက်ရှိသည်။ လူ့အခွင့်အရေး ပညာရှင်များအတွက်

စွမ်းဆောင်ရည်တည်ဆောက်ပေးသည့် လုပ်ငန်းများကို ထပ်မံ ဟန့်တားလျှက် ရှိနေသည်။ အခြေအနေများက ခက်ခဲကျပ်တည်းနေသည်။ သို့သော် ဤအခြေအနေကြောင့် လူ့အခွင့်အရေး သုတေသနသည် ယခင်ကာလ များထက် ယခုအချိန်တွင် ပို၍ အရေးကြီးကြောင်း ညွှန်းဆိုနေခြင်း ဖြစ်သည်။ လူ့အခွင့်အရေးမရှိသည့် နေရာများတွင် လူ့အခွင့်အရေးက အလွန်ပင် အခရာ ကျပါသည်။ ထို့အပြင် လေ့လာမှု ပညာရပ်များ ဆိတ်သုဉ်းသည့် နေရာများတွင် သုတေသနက အရေးအပါဆုံး ဖြစ်ပါသည်။

## ဤလက်စွဲစာအုပ်အကြောင်း

အထက်ပါ မြန်မာနိုင်ငံတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများအား တုံ့ပြန်၍ လူ့အခွင့်အရေး သုတေသန၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းရန်အလို့ငှာ ဤလက်စွဲစာအုပ်ပါ အခန်းများက ကြိုးစားထားသည်။ တပြိုင်တည်းမှာပင် မြန်မာနိုင်ငံအတွက် သင့်လျော်သည့် အခြေခံကျကျ သုတေသနနည်းလမ်းများအပေါ် အကြံဉာဏ်နှင့် လမ်းညွှန်ချက်များ ပေးခြင်းဖြင့် လူ့အခွင့်အရေးသုတေသီများကို ကူညီရန် အခန်းများက လုပ်ဆောင်သည်။ အထူးသဖြင့် မြန်မာ နိုင်ငံတွင် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးပြဿနာများအကြောင်း စူးစမ်း လေ့လာနေသည့် ပညာရှင်များအတွက် အသုံးအများဆုံး သုတေသနနည်းလမ်း အစိတ်အပိုင်းအများအပေါ် အလေးထား ဖော်ပြပါသည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး အကြောင်း လေ့လာမှုပြုနေသည့် မြန်မာပညာရှင်များက ရေးသားထားသည့် ရှင်းလင်းချက် မှတ်စုများ ထည့်သွင်းထားပါသည်။ ထို့ကြောင့် အခန်းတစ်ခန်းချင်းစီတွင် ကိုယ်တွေ့အကြောင်းအရာအပေါ် အမြင်သဘောထားများ ထည့်သွင်းထားသည်။ ၎င်းအမြင်သဘောထားများအား မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ အတွက် အထူး ဝေဖန်သုံးသပ်ထားသည်။ အနှစ်ချုပ်ရသော် မြန်မာနိုင်ငံရှိ အခြားလူ့အခွင့်အရေး ပညာရှင်များအတွက် မြန်မာနိုင်ငံ အတွေ့အကြုံရှိသည့် လူ့အခွင့်အရေးသုတေသီများ၏ အကြံဉာဏ်များကို ထည့်သွင်းထားသည်။

သုတေသနဒီဇိုင်းနှင့် သုတေသနအဆိုပြုလွှာများအကြောင်း အခန်း (၁) တွင် ဖော်ပြ ထားသည်။ နှစ်မျိုးစလုံးက အရေးကြီးပါသည်။ သုတေသနဒီဇိုင်းက သုတေသနလုပ်ငန်း ပြင်ဆင်စီမံခြင်းနှင့် သက်ဆိုင်ပါသည်။ ရန်ပုံငွေ ထောက်ပံ့နိုင်ချေရှိသည့် အရင်းအမြစ်များက သုတေသနဒီဇိုင်းကို စိစစ်နိုင်ရန်အတွက် သုတေသနအဆိုပြုလွှာက ရည်ရွယ်ပါသည်။ (ဥပမာ အင်တာဗျူးဖြေဆိုသူများ၊ စစ်တမ်းဖြေဆိုသူများ၊ စာအုပ်စာတမ်း ရေးသားသူများ စသည်ဖြင့်) သုတေသနတွင် ပါဝင်သူများ၏ လုံခြုံရေးနှင့် သက်ဆိုင်သည့် သုတေသနကျင့်ဝတ်အကြောင်း အခန်း (၂) က ဆွေးနွေးထားသည်။ သုတေသနအကြောင်းအရာသည် လူ့အခွင့်အရေးကဲ့သို့

ထိရှလွယ်ကိစ္စရပ်များနှင့် ပတ်သက်ပါက သုတေသနတွင် ပါဝင်သူများ၏ လုံခြုံရေးက အဓိကအကျဆုံး ဖြစ်သည်။ သုတေသနတွင် လူကြိုက်များထင်ရှားသည့် အရည်အသွေးအခြေပြု နည်းလမ်း ဖြစ်သည့် အင်တာဗျူး ဒီဇိုင်းများအကြောင်း အခန်း (၃) က အဓိကထား ဖော်ပြသည်။ အရည်အသွေးအခြေပြုနည်းလမ်းများ အမြောက်အများရှိပါက ယခု လက်စွဲစာအုပ်က အင်တာဗျူးများကိုသာ အထူးအလေးထားပါသည်။ အဘယ့်ကြောင့်ဆိုသော် အခြားနည်းလမ်း များနှင့် နှိုင်းယှဉ်ပါက အသုံးပြုရန် အတော်ပင် လွယ်ကူပြီး အချက်အလက်များ ကောက်ယူ ရာတွင် အသုံးတည့်သည့် ချဉ်းကပ်နည်း ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။ အချက်အလက် ကောက်ယူရာတွင် အသုံးများသည့် အရေအတွက် အခြေပြုနည်းလမ်းဖြစ်သည့် စစ်တမ်း ကောက်ယူသည့် ဒီဇိုင်းကို အခန်း (၄) တွင် အဓိကဖော်ပြထားသည်။ ယခု လက်စွဲစာအုပ်က စာရင်းအင်းကိန်းဂဏန်းအသုံးပြု လေ့လာဆန်းစစ်မှုအကြောင်း မဆွေးနွေးထားပါ။ ထို့အစား အင်တာဗျူးရန်အတွက် အရွယ်အစားကြီးမားလွန်းသည့် လူအစုအဖွဲ့ကြီးမှ အချက်အလက် ကောက်ယူသည့် နည်းလမ်းတစ်ခုအဖြစ် စစ်တမ်းကောက်ယူမှုကို မိတ်ဆက်တင်ပြထားခြင်းသာ ဖြစ်သည်။ စစ်တမ်းသည် လူအုပ်စုတစ်စုထံမှ ကောက်ယူထားသည့် အချက်အလက်များရှိ ပုံစံများနှင့် လမ်းကြောင်းများကို ဖော်ထုတ်သတ်မှတ်ရာတွင် အသုံးဝင်ပါသည်။ ပညာရပ်ဆိုင်ရာ စာဖတ်ပရိသတ်များအတွက် သုတေသန စာတမ်းများ ရေးသားရာတွင် အခြေခံအချက်များ အကြောင်း အခန်း (၅) က တင်ပြထားသည်။ စာတမ်းရေးသား ရာတွင် စာတမ်းဖွဲ့စည်းပုံနှင့် ပုံစံတို့နှင့် ပတ်သက်၍ ပညာရပ်ဂျာနယ်များနှင့် ပညာရပ်စာတမ်းဖတ်ပွဲများတွင် မတူညီသည့် လိုလားချက်များ ရှိကြောင်း သတိချပ်ရမည် ဖြစ်သည်။ သို့ရာတွင် စာတမ်းတွင် ဘုံပါဝင်ရမည့် အစိတ်အပိုင်းများကိုမူ လိုအပ်သည်။ ၎င်းဘုံအစိတ်အပိုင်းများကို သိမြင်နိုင်ရန်အတွက် အခြေခံမှုများကို အခန်း (၅) က စီစဉ်တင်ပြထားသည်။ စာဖတ်ပရိတ်သတ်အများစုက လက်ခံသည့် နည်းလမ်းတွင် ပါဝင်သော မရှိမဖြစ် လိုအပ်သည့် အစိတ်အပိုင်းများကို ပေါင်းစပ်ထည့်သွင်းရမည့် အခြေခံများကိုလည်း တင်ပြပါသည်။

အခန်းများက လက်စွဲသာဖြစ်ခြင်းကြောင့် မိတ်ဆက်အနေဖြင့်သာ ရည်ရွယ်ထား ပါသည်။ ပို၍ အဆင့်မြင့်သည့် သုတေသီများအနေဖြင့် ဤလက်စွဲစာအုပ်ပါ အကြောင်း အရာထက် ကျော်လွန် လေ့လာရန် လိုအပ်ပေမည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် အခြေခံတည်ဆောက်ရာတွင် အထောက်အပံ့ ဖြစ်စေလိုသော ဆန္ဒဖြင့်သာ စာအုပ်ပါ အကြောင်းအရာများကို ထည့်သွင်းထားသည်။ ထို့ကြောင့် လူ့အခွင့်အရေး သုတေသီအများအပြားထံ ရောက်ရှိရန်အတွက် ဤလက်စွဲစာအုပ်က ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။ အခြေခံကျကျဆိုရသော် လူ့အခွင့်အရေး သုတေသနစတင်ဆောင်ရွက်လိုသူ

မြန်မာပြည်သူ မည်သူမဆိုအတွက် လွယ်လင့်တကူ လက်လှမ်းမီရေးကို ကြိုးစားအားထုတ်ထားပါသည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး သုတေသန လုပ်ကိုင်နိုင်စွမ်းကို ချဲ့ထွင်ရေး လက်စွဲစာအုပ်၏ ရည်မှန်းချက်များ တိုးပွား မြှင့်တင်ရေးအတွက် လက်စွဲစာအုပ်ပိုမို ကောင်းမွန်စေရန် စာဖတ်သူများထံမှ သဘောထားမှတ်ချက်များကို တည်းဖြတ်သူများနှင့် စာရေးသူများက အမြဲကြိုလင့် နေပါသည်။ သင်၏ အကြံပြုချက်များကို ဤ (researchguidebook.feedback@gmail.com) အီးမေးလ်မှတဆင့် ပေးပို့နိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အကြီးတန်းပညာရှင်များက ပူးတွဲရေးသားသူ မြန်မာပညာရှင် များနှင့်အတူ မူကြမ်းများပေါ်တွင် အကြေအလည် ဆွေးနွေးနိုင်ရန်အတွက် လက်စွဲစာအုပ်အား မူလက အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပါသည်။ သို့သော် အများပြည်သူ ပိုမို ဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

# အခန်း (၁)

## အပိုင်း (၁)

## သုတေသနလုပ်ငန်းတစ်ခု ဒီဇိုင်းရေးဆွဲရာတွင် ပါဝင်ရမည့် အစိတ်အပိုင်းများ

### နိဒါန်း

သုတေသနတွင် ပါဝင်သည့် အစိတ်အပိုင်းအမျိုးမျိုးအကြောင်းကို ဤအခန်းက ခြုံငုံသုံးသပ် တင်ပြထားသည်။ သုတေသနဒီဇိုင်းရေးဆွဲသည့် အချက်အလက်များကို မည်သို့ဖွဲ့စည်းမည်ကို ဤအပိုင်းက ပြသပါသည်။ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပါဝင်သည့် အဆင့်များကိုလည်း ရှင်းလင်းပြသ သွားပေးပါမည်။ သုတေသနအကြောင်းအရာ၊ ပြဿနာ၊ ရည်ရွယ်ချက်များနှင့် မေးခွန်းများ ရွေးချယ်ခြင်း၊ သုတေသနနည်းလမ်းများ ရွေးချယ်ခြင်း၊ အကြံဉာဏ်များရရှိရန်အတွက် ရှိနှင့်ပြီး သုတေသနစာပေများ ရှာဖွေခြင်း၊ အရင်းအမြစ်များ (ငွေကြေး၊ လူအင်အား) တို့ကို မှန်းဆတွက်ချက်ခြင်းနှင့် လုပ်ငန်းများစီမံခြင်းစသည့် အဆင့်များကို ရှင်းပြပေးမည် ဖြစ်ပါသည်။ ပညာရေးနယ်ပယ်တွင် သုတေသန လုပ်ငန်းအတွက် ထောက်ပံ့ကြေး ရန်ပုံငွေရှာဖွေရန်အတွက် သုတေသနလုပ်ငန်းအား ပညာရှင်များက ရေးသားလေ့ရှိသည်။ အရင်းအမြစ်များ၊ လုပ်ငန်းအစီအစဉ်များ၊ အချက်အလက်နှင့် ပြဿနာများကို အနှစ်ချုပ် တင်ပြခြင်းဖြင့် သုတေသနဒီဇိုင်းက သုတေသနလုပ်ငန်းပါ လုပ်ငန်းအသေးစိတ်ကို ရှင်းရှင်းလင်းလင်း သိမြင်စေရန် ကူညီပေးသည်။ သုတေသန လေ့လာမှု အပြည့်အစုံကို ဒီဇိုင်းရေးဆွဲရာတွင် ပါဝင်သည့် အဓိကကျသည့် အစိတ်အပိုင်းအားလုံးကို သုတေသနလုပ်ငန်းတွင် ထည့်သွင်းရမည် ဖြစ်သည်။ သင်အဆိုပြုထားသည့် လေ့လာမှု၏ ကျိုးကြောင်းခိုင်မာမှုကို စာဖတ်သူများက ဆန်းစစ်နိုင်မည့် လုံလောက်သည့် အချက်အလက်များလည်း ထည့်သွင်းရမည် ဖြစ်ပါသည်။

### အဆင့် (၁) သုတေသန အကြောင်းအရာ သို့မဟုတ် ခေါင်းစဉ် ရွေးချယ်ခြင်း

သုတေသနလုပ်ငန်းတစ်ခုအကြောင်း ရေးသားရာတွင် ကနဦးအဆင့်မှာ သုတေသနခေါင်းစဉ်ကို ရွေးချယ်ခြင်း ဖြစ်သည်။ သုတေသီတစ်ဦးက သုတေသနလုပ်ငန်း

တစ်ခုကို ဆောင်ရွက်ပြီး ရေးသားမည့် အကြောင်းအရာအား သုတေသနခေါင်းစဉ်က ထင်ဟပ်ပြပါသည် (Lin, 2019)။ သုတေသနခေါင်းစဉ်က သင့်သုတေသန စတင်ရန်အတွက် အကြံဉာဏ်အကြမ်းထည်ကို ဆောင်ကြဉ်းပေးသည့် အတွက်ကြောင့် ခေါင်းစဉ်ကောင်း တစ်ရပ် ဖြစ်ရန် အရေးကြီးပါသည်။ ကနဦးအနေဖြင့် သင့်တွင် ခေါင်းစဉ်ကောင်းကောင်း ရှိရမည်ဖြစ်သည်။ ထို့နောက် သုတေသနကို စတင်ရန်အတွက် အကြံဉာဏ် အကြမ်းဖျင်း ကို ရရှိလာနိုင်သည်။ သုတေသနအတွက် ခေါင်းစဉ် ရွေးချယ်ခြင်းဆိုသည်မှာ သုတေသီက သွားလိုသည့် နေရာ၏ လိပ်စာရှာဖွေခြင်းနှင့် အလားသဏ္ဍာန်တူပါသည် (Dayarathna, 2019)။

## (၁.၁) ခေါင်းစဉ်

သုတေသီတစ်ဦးအတွက် သုတေသနခေါင်းစဉ်က ၎င်းအထူးတလည် စိတ်ပါဝင်စားမှုရှိသည့် နယ်ပယ်မှ ဖြစ်သင့်ပါသည်။ ထို့အပြင် အတိအကျသတ်မှတ်ထားသည့် အချိန်ကာလ အတိုင်းအတာတစ်ခုနှင့်လည်း ကိုက်ညီရမည် ဖြစ်သည်။ ခေါင်းစဉ်က ရှင်းလင်းတိကျရမည် (ဆိုလိုသည်မှာ ခေါင်းစဉ်က မရေမရာ မပြတ်မသား မဖြစ်သင့်ပေ)။ တိကျသည့် အချိန်အတိုင်းအတာ တစ်ခုအတွင်း ပြီးစီးရမည်။ ဘဏ္ဍာရန်ပုံငွေ အစီအမံအရလည်း သုံးစွဲရာတွင် သင့်တင့်လျောက်ပတ်မှု ရှိရမည် ဖြစ်သည်။ လေ့လာသည့် နယ်ပယ် အကျယ်အဝန်းသည် မကျဉ်းလွန်း မကျယ်လွန်း ဖြစ်ရမည် (Lin, 2019)။ နယ်ပယ်ကျဉ်းမြောင်းလွန်းပါက လေ့လာမှု အနည်းအကျဉ်းသာ ဆောင်ရွက်နိုင်သည့် အတွက် သုတေသနလုပ်ငန်းအား တန်ဖိုးကျဆင်းစေမည်ဖြစ်သည်။ နယ်ပယ် ကျယ်ပြော လွန်းပါကလည်း သုတေသနလုပ်ငန်းအား မနိုင်မနင်းဖြစ်စေလိမ့်မည် ဖြစ်ပါသည်။

သုတေသနခေါင်းစဉ်များက အရင်းအမြစ် အမျိုးမျိုးမှ ပေါ်ထွက်လာနိုင်သည်။ သုတေသနပြုထိုက်သည့် အကြောင်းအရာအား သုတေသနစာပေများ စိစစ်လေ့လာချက်မှ တစ်ခါတစ်ရံ တွေ့ရှိလာနိုင်သည်။ ထို့အတူ သုတေသီ၏ ပုဂ္ဂိုလ်ရေး စိတ်ပါဝင်စားမှုမှလည်း တွေ့ရှိလာနိုင်သည်။ သုတေသနလုပ်ငန်းခေါင်းစဉ်က တတ်နိုင်သမျှ တိုတိုတုတ်တုတ်နှင့် တိတိကျကျ ဖြစ်ရမည် (Fasih, 2010)။

### (၁.၂) သုတေသီ/ပူးတွဲ သုတေသီ၏ အမည်

သုတေသနအဆိုပြုလွှာ၏ အစတွင် သုတေသီက ၎င်း၏ အမည် (သုတေသီ အမည်) နှင့် လုပ်ဖော် ကိုင်ဖက်၏ အမည် (ပူးတွဲ သုတေသီအမည်များ) များကို မှန်ကန် တိကျစွာ ဖော်ပြရမည်။

### (၁.၃) သက်ဆိုင်သည့် အဖွဲ့အစည်းနှင့် ရက်စွဲ

သုတေသီတစ်ဦးချင်းစီ၏ အမည်တွင် ၎င်း၏ အဖွဲ့အစည်းအမည် (စာရေးသူ တစ်ဦးချင်းစီနှင့် သက်ဆိုင်သည့် အဖွဲ့အစည်း) နှင့် ပူးတွဲ ထည့်သွင်းရမည်။ စာရေးသူ အမည်များ၏ အောက်တွင် ၎င်းအဖွဲ့ အစည်းအမည်အား အစဉ်လိုက် ထည့်သွင်းရပါမည်။ ထိုသို့ ထည့်သွင်းဖော်ပြရာတွင် သုတေသနလေ့လာမှု ပြုလုပ်နေစဉ် အတောအတွင်း စာရေးသူတစ်ဦးချင်းစီက အလုပ် လုပ်ကိုင်နေသည့် အဖွဲ့အစည်း၏ "ဌာန၊ တက္ကသိုလ်" စသည်ဖြင့် အစဉ်လိုက် ဖော်ပြရပါမည်။ ထို့နောက် သုတေသနခေါင်းစဉ်အောက်တွင် ရက်စွဲကို ရေးသားရမည်။

## အဆင့် (၂) သုတေသနပြုမည့် ပြဿနာနှင့် သုတေသနမေးခွန်း

သုတေသနလုပ်ငန်း၏ အခရာကျသည့် ကိစ္စရပ်ဖြစ်သည့် သုတေသနပြုမည့် ပြဿနာအကြောင်း သုတေသီက ဖော်ပြရမည်။ ၎င်းက မေးခွန်းပုံစံဖြင့်လည်း ဖော်ပြနိုင်သည်။ အဆိုပါမေးခွန်းအတွက် အဖြေရှာရန် ရည်ရွယ်ချက်ဖြင့် သုတေသနကို ဆောင်ရွက်ခြင်း ဖြစ်သည်။ နောက်ဖော်ပြပါ အချက်များအား သုတေသန မိတ်ဆက်အဖြစ် သုတေသီက ထည့်သွင်းစဉ်းစားရမည်။ (၁) သုတေသန ပြဿနာ၊ (၂) အဆိုပါ သုတေသနပြုမည့် ပြဿနာနှင့်ဆက်စပ်သည့် လေ့လာမှု အကြောင်းအရာ (၃) သုတေသန ပြုမည့် ပြဿနာအား လေ့လာ ဆန်းစစ်ရာတွင် အသုံးပြုရမည့် နည်းလမ်းများနှင့် (၄) သုတေသန၏ အရေးပါမှု၊ သိသာထင်ရှားမှုနှင့် အဆိုပြု လေ့လာမှု၏ ရလဒ်များ စသည့်အချက်များကို စဉ်းစားရမည် ဖြစ်သည်။

### (၂.၁) သုတေသနအကြောင်းအရာကို မိတ်ဆက်ခြင်း

သုတေသီက သုတေသနအကြောင်းအရာအား အစတွင် မိတ်ဆက်ပြီးနောက် ဘာ့ကြောင့် ထူးခြားကြောင်း ရှင်းလင်းရန် လိုအပ်ပါသည်။ သုတေသနအကြောင်းအရာ/

ခေါင်းစဉ်က တစ်စတစ်စ ပြောင်းလဲ တိုးတက်လာပုံနှင့် ပတ်သက်သည့် နောက်ခံ အကြောင်းအချက်များကို သုတေသီက ဖော်ပြရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် "ဤသုတေသန အကြောင်းအရာက သင့်အတွက် ဘာ့ကြောင့် ထူးခြားပါသလဲ? အခြား သုတေသီများကရော ဘာ့ကြောင့် ဤအကြောင်းအရာကို စိတ်ပါဝင်စားမှု ရှိသင့်တာလဲ? ဟု ပါဝင်ရမည် ဖြစ်သည် (Miner & Lynn Miner, 2005)။ စာဖတ်သူများက မိတ်ဆက်နိဒါန်းကို ဖတ်ရှုပြီးနောက် သုတေသနသည် မည်သည့်အကြောင်းအရာအား ဆောင်ရွက်မည်ကို နားလည် သဘောပေါက်ရုံမျှမက လေ့လာမှု၏ ထွက်ပေါ်လာနိုင်သည့် ရလဒ်များကိုလည်း ရင်ခုန်မျှော်လင့်နိုင်ကြသည်။

## (၂.၂) သုတေသနပြုမည့် ပြဿနာကို ဖော်ပြခြင်း

သုတေသနလုပ်ငန်းစဉ်၏ အရေးပါသည့် ကနဦးအဆင့်မှာ သုတေသနက ဖြေဆိုရမည့် ပြဿနာကို သတ်မှတ်ရန် ဖြစ်သည်။ ဤက လုပ်ငန်းစဉ်၏ အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သုတေသနလုပ်ငန်းအတွက် အလေးထား ရမည့်အရာနှင့် ဦးတည်ချက်လမ်းကြောင်းကို ဖော်ထုတ်ပေးခြင်းကြောင့် ဖြစ်သည်။ "ပြဿနာကို ဖော်ထုတ်ခြင်းက လေ့လာမှုအတွက် ဆက်စပ်စဉ်းစားရမည့် အကြောင်း အရာကို ဖော်ပြပြီး ယေဘုယျကျကျ လေ့လာဆန်းစစ်ခြင်းဆိုင်ရာ ချဉ်းကပ်မှု နည်းလမ်းကိုလည်း ဖော်ထုတ်ပေးပါသည်။ လေ့လာမှု အတွက် လိုအပ်ချက်တစ်ရပ်ကို ဆောင်ကြဉ်းပေးမည့် သုတေသနစာပေ၊ သီအိုရီ သို့မဟုတ် ကျင့်သုံးပုံများတွင် ရှိနေသည့် ကိစ္စရပ်များအဖြစ် သတ်မှတ်ပါသည်" (Pajares, 2007) ။ သုတေသနပြုမည့် ပြဿနာ ဖော်ထုတ်ခြင်းသည် ခရီးသွား တစ်ဦးအတွက် ခရီးဆုံးပန်းတိုင် သတ်မှတ်ခြင်းနှင့် အလားသဏ္ဍာန် တူပါသည်။

သုတေသနပြုမည့် ပြဿနာသည် စာဖတ်သူအတွက် နားလည်သဘော ပေါက်လွယ်ကူရမည် ဖြစ်သည်။ စာသားဖြင့် တိုတိုတုတ်တုတ် တိတိကျကျ ရှင်းပြရမည်။ ထိုသို့ တိုတိုတုတ်တုတ် ရှင်းရှင်းလင်းလင်း ဖော်ပြခြင်းက အဆိုပြုလွှာအားလုံးအတွက် လိုအပ်သည့် အစိတ်အပိုင်း ဖြစ်ပါသည်။

"ဤသုတေသနက ဘာ့ကြောင့် ဆောင်ရွက်သင့်သလဲ?" ဟူသည့် မေးခွန်းကို ပြဿနာ ရှင်းပြချက် ကောင်းကောင်းတစ်ခုက ဖြေဆိုသွားမည် ဖြစ်သည်" (Pajares,

2007)။ ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ အဆိုပြုလွှာများအတွက် ပြဿနာ ရှင်းပြချက်က နိဒါန်းအတွင်း အများအားဖြင့် ထည့်သွင်းလေ့ရှိသော်ငြား မဟာဘွဲ့ယူကျမ်း သို့မဟုတ် ပါရဂူဘွဲ့ယူကျမ်းတို့အတွက် အဆိုပြုလွှာများတွင်မူ ဤပြဿနာ ရှင်းပြချက်အား သီးခြား အပိုင်းအနေဖြင့် ထည့်သွင်းဖော်ပြရမည် ဖြစ်သည်။

အကယ်၍ ပြဿနာအား မရှင်းမလင်း မသဲမကွဲ ဖော်ပြထားပါက အသုံးမတည့် သည့် အချက်အလက်နှင့် ဒေတာများစုဆောင်းနေရသည့်အတွက် အချိန်နှင့် အရင်း အမြစ်များ အလဟဿ အချည်းအနှီး ဖြစ်သွားစေသည့် ရလဒ် ဖြစ်စေပါသည်။ သုတေသန ပြုမည့် ပြဿနာကို ဖော်ထုတ်ရာတွင် အထောက်အပံ့ဖြစ်စေရန်အလို့ငှာ စာအုပ်များ၊ ဆရာများ စသည်ဖြင့် တဆင့်ခံရရှိသည့် အရင်းအမြစ်များမှ ပဏာမအချက်အလက်များကို စုဆောင်း ရမည် ဖြစ်သည်။ ပြဿနာအား ရှင်းရှင်းလင်းလင်း သတ်မှတ်ဖော်ထုတ်ပြီးပါက သုတေသီက နောက်တစ်ဆင့်ကို စတင်သွားနိုင်ပါသည်။

## (၂.၃) သုတေသနရည်ရွယ်ချက်များ/ သုတေသန မေးခွန်းများ

သုတေသနပြုမည့် ပြဿနာကို သတ်မှတ်ဖော်ထုတ်ပြီးပါက ၎င်းပြဿနာကို ဖြေရှင်းရန် ဦးတည်ချက် များနှင့် မေးခွန်းများ ချမှတ်ရန် လိုအပ်သည် (Lin, 2019, p.58)။ သုတေသနရည်ရွယ်ချက်များသည် သုတေသနပြုမည့် ပြဿနာ၏ တိကျသည့် အစိတ် အပိုင်းများ ဖြစ်ကြသည်။ သုတေသနပြုမည့် ပြဿနာကို လွှမ်းခြုံဖြေရှင်းရန်အလို့ငှာ သုတေသီက လေ့လာသွားမည့် အစိတ်အပိုင်းများ ဖြစ်ကြသည်။ ထို့ကြောင့် ရည်ရွယ်ချက် များက ရှင်းလင်းတိကျ၍ ပြည့်မီရန် အရေးကြီးပါသည်။ ထို့အပြင် သုတေသနပြဿနာကို ဖြေဆိုရာတွင်လည်း တိုက်ရိုက် အထောက်အပံ့ ဖြစ်စေရမည် ဖြစ်သည်။ ၎င်းရည်ရွယ်ချက် များက ကျယ်ပြန့်လေ့ရှိပြီး “ရှာဖွေရန် (to discover) ....”၊ “သတ်မှတ် ဖော်ထုတ်ရန် (to determine) .....”၊ “သက်သေပြရန် (to establish) .....” စသည်ဖြင့် စကားလုံးများကို အသုံးပြုကာ အကောင်အထည်ဖော်မည့် ရေးသားပုံတစ်ခုအဖြစ် ရေးသားကြသည်။

သုတေသနမေးခွန်းက သုတေသီအား တိကျသည့် အချက်အလက်များကို ဖော်ထုတ်နိုင်စေသည်။ သင့်သုတေသနဒီဇိုင်း စတင်မရေးဆွဲမီ စူးစမ်းလေ့လာလိုသည့် သုတေသနမေးခွန်းနှင့် ပတ်သက်သည့် အယူအဆက ရှင်းရှင်းလင်းလင်း ဖြစ်နေရမည်။ လေ့လာမှုနယ်ပယ်များအပေါ် မူတည်၍ သုတေသန မေးခွန်းကောင်းတစ်ခုအတွက်

စံနှုန်းများက မတူညီပါ။ မိမိလေ့လာမည့် နယ်ပယ်အတွင်း လိုအပ်ချက်များအတွက် သိမြင်နိုင်ရန်အတွက် ကြီးကြပ်သူဆရာနှင့် တိုင်ပင်ခြင်းသာမက အခြားလေ့လာမှုများမှ နမူနာများကို ဆန်းစစ်ခြင်းဖြင့် အထောက်အပံ့ ရရှိစေမည် ဖြစ်သည်။ သုတေသန မေးခွန်းကောင်းတစ်ခုက အောက်ပါ စံနှုန်းများနှင့် ကိုက်ညီရမည်-

(က) ဆီလျော်ခြင်း (သုတေသနလုပ်ငန်းက ဖြေရှင်းရမည့် ပြဿနာများ သို့မဟုတ် ကိစ္စရပ်များနှင့် တိတိပပ ချိတ်ဆက်ရမည်)

(ခ) ရှင်းလင်းခြင်း (မရေမရာ မကွဲမပြား မဖြစ်ရ)

(ဂ) တိကျပြတ်သားခြင်း (မည်သည့်အချက်ကို စူးစမ်းလေ့လာမည်ကို တိတိကျကျ ရှိရမည်)

(ဃ) သုတေသနပြုနိုင်စွမ်းရှိခြင်း (သုတေသနမေးခွန်းကို ဖြေဆိုရန် လိုအပ်သည့် အချက်အလက်နှင့် အရင်းအမြစ်များ ရှိပြီး ၎င်းတို့ကို လက်လှမ်းမီ ရရှိနိုင်ရမည်) (Miner & Miner, 2005)

မှတ်သားရန် အချက် - စကားလုံးများကို ပြောင်းလဲရန် လိုအပ်ကြောင်း သင် ယူဆပါကလည်းကောင်း သို့မဟုတ် အကြောင်းအရာအတွက် မတူညီသည့် ချဉ်းကပ်မှုကို ဆောင်ရွက်ရန် တွန်းအားပေးသည့် အချက်များ တွေ့ရှိပါကလည်းကောင်း သင်၏ သုတေသနမေးခွန်းကို နောက်ပိုင်းအဆင့်တွင် ပြောင်းလဲနိုင်ကြောင်း သတိချပ်ရန် အရေးကြီးသည်။

## (၂.၄) ယူဆချက်

မေးခွန်းကို ဖြစ်ပေါ်စေသည့် အယူအဆတစ်ခုဖြင့် သုတေသနက စတင်သည်။ စူးစမ်းလေ့လာမည့် အကြောင်းအရာ သို့မဟုတ် မေးခွန်းအား သုတေသနပြဿနာအဖြစ် ညွှန်းဆိုလေ့ရှိသည်။ ဤမေးခွန်းများ သို့မဟုတ် ပြဿနာအတွက် သုတေသီက ယူဆချက်ကို ဖော်ထုတ်ရန် လိုအပ်သည်။ ယူဆချက်ဆိုသည်မှာ သုတေသန မေးခွန်း အတွက် ခန့်မှန်းနိုင်သည့် အဖြေဖြစ်သည်။ လက်တွေ့မျက်မြင်အခြေပြု လေ့လာမှုဖြင့် စမ်းသပ်နိုင်သည့် အဆိုပြုချက် သို့မဟုတ် ရေးသားချက်လည်း ဖြစ်သည်။ လက်တွေ့ မျက်မြင်အခြေပြု လေ့လာမှုကြောင့် ယူဆချက်အား မှန် မမှန် သက်သေပြနိုင်သည်။

## (၂.၅) သုတေသနစာပေ ဆန်းစစ်လေ့လာချက်နှင့် သုတေသန၏ ထူးခြားချက်

စူးစမ်းလေ့လာခြင်းဖြင့် သင့် လေ့လာမှုရှိ ရှိရင်းစွဲအသိပညာအား သင် ဆောင်ရွက်သည့် သုတေသနက မည်သို့ ရှင်းလင်းအောင်ပြုလုပ်မည်၊ ပြင်ဆင်ကာ တိုးပွားအောင် ပြုလုပ်မည်ကို ဤအပိုင်းက ပြသထားသည် (Ryan, 2015, p. 154)။ သုတေသနအကြောင်းအရာနှင့် ပတ်သက်သည့် လက်ရှိ သုတေသနစာပေအတွက် အသိပညာ တိုးပွားစေပါက သုတေသနက ထူးခြားပါသည်။ သုတေသနစာပေများ ဆန်းစစ် လေ့လာခြင်းက သုတေသနပြုမည့် ပြဿနာ အတွက် နောက်ခံအကြောင်းအချက်နှင့် အခြေအနေများရရှိစေသည်။ သုတေသနအတွက် လိုအပ်ကြောင်း သက်သေပြဆို နိုင်ရမည်ဖြစ်ပြီး စာရေးသူက ပညာရပ်နယ်ပယ်အကြောင်း နှံ့နှံ့စပ်စပ် သိမြင်သည်ကို ပြသရာ ရောက်စေရမည် (Pajares, 2007)။

သုတေသနစာပေ လေ့လာဆန်းစစ်မှုက သုတေသနပြုမည့် အကြောင်းအရာ အကြောင်း သုတေသီအား နားလည်သဘောပေါက်မှုကို ရရှိစေနိုင်သည်။ ဤအသိပညာက သုတေသနအကြောင်းအရာအား ပိုမို နက်နက် ရှိုင်းရှိုင်း လေ့လာနိုင်ရန်နှင့် ပိုင်းခြား သတ်မှတ်နိုင်ရန် ကူညီပေးသည်။ သုတေသနလုပ်ငန်းစဉ်မှတဆင့် အသေးစိတ် လေ့လာ နိုင်မည့် ပုံစံအတိုင်း ဆောင်ရွက်နိုင်ရန် ကူညီပေးပါသည်။ ထို့အပြင် အကြောင်းအရာနှင့် ပတ်သက်သည့် အခြေခံ အချက်အလက် များကိုလည်း ဆောင်ကြဉ်းပေးပါသည် (Ryan, 2015, p.153) ။ သင်သုတေသနပြုမည့် နယ်ပယ်အတွင်းရှိ စာအုပ်များ၊ ဂျာနယ် ဆောင်းပါးများနှင့် အစီရင်ခံစာများ စသည်ကဲ့သို့ အဓိကကျသည့် ပညာရပ်ဆိုင်ရာ အလုပ်များကို စာပေလေ့လာ ဆန်းစစ်ချက်က စိစစ်ပါသည်။ လေ့လာဆန်းစစ်ရာတွင် ထူးခြားသည့် အလုပ်များအား အနှစ်ချုပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် နှိုင်းယှဉ်ခြင်းတို့ ဆောင်ရွက်သည်။ သင် အထူးပြုလေ့လာမည့် အကြောင်းအရာနှင့် တိုက်ရိုက် ဆက်စပ်သည့် အလုပ်များအပေါ် လေ့လာဆန်းစစ်ချက်ကို အလေးထား ဆောင်ရွက် သင့်သည်။ "အခြား သုတေသီများက မည်သည့် မေးခွန်းများကို မေးမြန်းထားသလဲ၊ မည်သည့်နည်းလမ်းများကို ၎င်းတို့က အသုံးပြုထား သလဲနှင့် ၎င်းတို့၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များအပေါ် သင်မည်သို့ နားလည်သဘောပေါက်ပါသလဲ" တို့ကို သုတေသီက ဆန်းစစ်ကာ စဉ်းစားရမည်ဖြစ်သည်။ ထို့ကြောင့် သုတေသနလုပ်ငန်းတွင် စာပေလေ့လာ

ဆန်းစစ်ချက်အား ထိထိရောက်ရောက် ဆီလျော်စွာ အများအားဖြင့် ဆောင်ရွက်ကြလေ့ရှိသည်။

သုတေသနစာပေလေ့လာဆန်းစစ်ပြီးပါက သုတေသန၏ အကျိုးရှိ ထိရောက်မှုကို ဆွေးနွေးရမည်။ "မည်သူများက အကျိုးရလဒ်ခံစားရမည်နည်း သို့မဟုတ် မည်သည့်နေရာအတွက် အကျိုးရှိမည်နည်း" ဟု ဆွေးနွေးသင့်သည်။ ဥပမာအားဖြင့် တရားစီရင်ရေးစနစ်တွင် အဂတိတိုက်ဖျက်ရေးနှင့် တရားမျှတမှု လက်လှမ်းမီ ရရှိရေးတို့အကြား ဆက်နွှယ်မှုကို သုတေသနလေ့လာမှုတစ်ခုက ဖော်ထုတ်ပြီးနောက် သုတေသနအကြောင်းအရာ ထက်ကျော်လွန် အသုံးချနိုင်သည့် အသိပညာကို ဖော်ထုတ်ပေးနိုင်ပေသည်။ ထိုဆက်နွှယ်မှုက တရားစီရင်ရေး ကဏ္ဍများတွင် အကျင့်ပျက် ခြစားမှုများကို လျှော့ချရန် ထောက်ပံ့ပေးလိမ့်မည်။ အဂတိတိုက်ဖျက်ရေးအတွက် မူဝါဒများနှင့် စည်းမျဉ်းများ အကောင်အထည်ဖော်ရာတွင် အဆိုပါသုတေသန၏ ရည်ရွယ်ချက်များက အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်သည်။ တရားစီရင်ရေးစနစ်တွင် အခွင့်အရေးများ ချိုးဖောက်ခြင်းခံရသူများ အားလုံးအတွက် တရားမျှတမှုကို ပိုမို လက်လှမ်းမီ ရရှိနိုင်ရန် ကူညီပေးလိမ့်မည် ဖြစ်သည်။

## အဆင့် (၃) သုတေသနနည်းစနစ်

သုတေသနပြုမည့် ပြဿနာအား မိတ်ဆက်ပြီး ဆက်စပ်သုတေသန စာပေလေ့လာဆန်းစစ်မှု ပြီးစီးပါက သုတေသနလုပ်ငန်း ဆောင်ရွက်ရန်အတွက် ထိရောက်ပြီး ကျိုးကြောင်းလျော်ညီသည့် နည်းစနစ်ကို တင်ပြရမည်ဖြစ်သည်။ သုတေသနနည်းစနစ်သည် သုတေသနဒီဇိုင်း၏ ရှေ့ပိုင်းများနှင့် အကျိုးသင့်အကြောင်းသင့် ချိတ်ဆက်ပြီး လေ့လာမှုရှိ ပိုမိုကျယ်ပြန့်သော သတ်မှတ်ချက်ဘောင်များနှင့် ချိတ်ဆက်နေသည့် အသေးစိတ်ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ချက်များကို ဖော်ပြပါသည် (Ryan, 2015, p.155)။

### (၃.၁) သုတေသနအစီအစဉ်

ဒီဇိုင်းပိုင်းတွင် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအနက် တစ်ခုမှာ အစီအစဉ်ကို ရေးဆွဲရန် ဖြစ်သည်။ သုတေသနလုပ်ငန်း အကောင်အထည်ဖော်ခြင်းနှင့် သုတေသနအစီရင်ခံစာ ရေးသားခြင်း နှစ်မျိုးစလုံးကို ရည်ညွှန်းပါသည်။ နည်းစနစ်တကျ လုပ်ငန်းအစီအစဉ်များကို စီမံခြင်းက သုတေသနတိုင်းအတွက် အထူးပင် အရေးကြီး

ပါသည်။ လုပ်ငန်းစဉ်များကို သုတေသီက အတိအကျ သတ်မှတ်ရန် လိုအပ်ပြီး တိုင်းတာမှုများက ယုံကြည်စိတ်ချရပြီး ကျိုးကြောင်းညီညွတ်ကြောင်း သေချာစေရမည်။ စူးစမ်းလေ့လာနိုင်သည့် အတိုင်းအတာ သည်လည်း သုတေသီအတွက် ရရှိနိုင်မည့် အချိန်၊ ငွေကြေးနှင့် လူ့စွမ်းအားအရင်းမြစ်ကဲ့သို့သော အကြောင်းရင်း အများအပြားအပေါ်လည်း မှီတည်ပါသည်။ အကန့်အသတ်ရှိပြီး အတိအကျ သတ်မှတ်ထားသည့် အချိန်ဇယား၊ ရန်ပုံငွေတို့နှင့် လုပ်ငန်းဆောင်ရွက်ရလေ့ရှိသည့် သုတေသီများအတွက် သုတေသန အစီအစဉ် ရေးဆွဲထားခြင်းက အရေးပါ အရာရောက်ပါသည်။

## (၃.၂) လေ့လာသည့်အချိန်ကာလ

သုတေသနလုပ်ငန်းကို ပြင်ဆင်ရာတွင် သုတေသနလုပ်ငန်းဆောင်ရွက်မည့် အချိန်ကာလကြာမြင့်ချိန်ကို ထည့်သွင်းစဉ်းစားကာ တင်ပြရမည် ဖြစ်သည်။ သုတေသန လုပ်ငန်း၏ အဆင့်တစ်ဆင့်ချင်းစီတိုင်းအတွက် ပြီးစီးမည့် အချိန်လိုအပ်ချက်ကို အတိအကျ သတ်မှတ်ထားရမည်။ သုတေသနလုပ်ငန်း အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်တွင် အမျိုးမျိုးသော "ဆောင်ရွက်ပြီးစီးမှုများ" အတွက် အပြီးသတ် ဆောင်ရွက်ရမည့် အချိန်ဇယား သတ်မှတ်ချက်ကို ဆွဲထားသင့်ပါသည်။ ထို့ပြင်သာမက အဆိုပါ "ဆောင်ရွက် ပြီးစီးမှု" များမတိုင်မီ ကြိုတင် ပြုလုပ်ရမည့် လုပ်ငန်းများကိုလည်း အတိအကျ သတ်မှတ် ထားရန်လည်း အရေးကြီးပါသည် (Verschuren & Hans, 2010, pp.23-24)။

## (၃.၃) နည်းလမ်းများ

သုတေသနပြုမည့် ပြဿနာကို ဆုံးဖြတ်ပြီးပါက သုတေသနဆောင်ရွက်ရန် သင့်လျော်သည့် ချဉ်းကပ်နည်း (အရည်အသွေးအခြေပြု၊ အရေအတွက်အခြေပြု သို့မဟုတ် ပေါင်းစပ်နည်းလမ်း) ကို ရွေးချယ်ရမည်။ သုတေသန မေးခွန်း၊ သုတေသနစာပေ လေ့လာဆန်းစစ်ချက်နှင့် သုတေသန၏ ထူးခြားမှုရေးသားချက်တို့က ရှင်းလင်း ပြတ်သား သည့် လမ်းကြောင်းနှင့် နယ်ပယ်တို့ကို သတ်မှတ်ပြီးသည့်အခါမှသာ ဆောင်ရွက်ရန် စီမံထားသည်တို့ကို သုတေသီက ရေးဆွဲနိုင်မည်။ သုတေသနဒီဇိုင်း ပုံစံအားလုံး၊ သုတေသန ပုံစံများနှင့် မေးခွန်းများ၊ အချက်အလက် ကောက်ယူစုဆောင်းမည့် နည်းလမ်းများ၊ ကောက်ယူထားသည့် အချက်အလက်များအား မည်သို့လေ့လာ ဆန်းစစ်မည်တို့ကို သုတေသီက ဤအပိုင်းတွင် နည်းစနစ်တကျ ရေးသားရမည်။ နည်းလမ်းများ

ရွေးချယ်ရာတွင် တိကျမှန်ကန်ပြီး ဘက်လိုက်မှုကင်းသည့် အချက်အလက်များအား တပြေးညီ ကောက်ယူနိုင်မည့် နည်းလမ်းများအား မည်သို့ အသုံးပြုမည်ကို သုတေသီက တိကျသည့် အစီအမံများချမှတ်ရန် လိုအပ်သည်။

## (၃.၄) အချက်အလက်ကုန်ကြမ်းများ

နောက်တစ်ဆင့်အနေဖြင့် သုတေသနအချက်အလက်ကုန်ကြမ်းများကို စုစည်းရန် စီမံခြင်း ဖြစ်သည်။ ဤအစီအမံ၏ ကနဦးအဆင့်မှာ သုတေသနပြုမည့် အစုအဖွဲ့ကြီးကို သတ်မှတ်ခြင်း ဖြစ်သည်။ သုတေသနပြုမည့် အစုအဖွဲ့ကြီးဆိုသည်မှာ သုတေသီက လေ့လာလိုသည့် အရှိတရား၏ တကယ့်အစိတ်အပိုင်း ဖြစ်သည်။ ထို့နောက် ဤအစုအဖွဲ့ကြီးအကြောင်း အချက်အလက်များကို ပေးနိုင်သည့် အရင်းအမြစ်များကို သုတေသီက ရွေးချယ်ရမည်။ သုတေသနအရင်းအမြစ်များသည် လူများ၊ အရာဝတ္ထုများ၊ အခြေအနေများ၊ မီဒီယာနှင့် စာအုပ်စာတမ်းများ ဖြစ်နိုင်သည်။ ထို့နောက် အဆိုပါ အရင်းအမြစ်များမှ လိုအပ်သည့် အချက်အလက်များကို မည်သို့ ရရှိအောင် ဆောင်ရွက်မည်ကို သုတေသီက ဆုံးဖြတ်ရန် လိုအပ်သည်။ လူသိထင်ရှားသော ကောက်ယူစုဆောင်းသည့် နည်းစနစ်အချို့မှာ မေးခွန်းလွှာပုံစံ၊ အင်တာဗျူး၊ စူးစမ်းလေ့လာခြင်း၊ စကားလုံးဖြင့်ရေးသားထားသည့် စာအုပ်စာတမ်းများနှင့် မီဒီယာဖော်ပြချက်များသာမက အသံ-အရုပ်ဖြင့် မှတ်တမ်းတင်ထားသည့် စာအုပ်စာတမ်းများနှင့် မီဒီယာဖော်ပြချက်များကိုပါ အကြောင်းအရာခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ချက်တို့ ဖြစ်ကြသည်။

## (၃.၅) တိုင်းတာမှုများနှင့် လုပ်ငန်းစဉ်များ

သုတေသီက သုတေသနဆောင်ရွက်ရာတွင် လိုက်နာရမည့် အဆင့်များကို ဤအပိုင်းတွင် ရှင်းပြ ထားသည်။ တိုင်းတာမှုများအား တတ်နိုင်သမျှ အသေးစိတ်ဖော်ပြရမည်။ မေးခွန်းတိုင်းကို ဖြေဆိုရန် အတွက်လည်းကောင်း၊ ယူဆချက်တိုင်းကို စမ်းသပ်ရန်အတွက်လည်းကောင်း သင် ဆောင်ရွက်မည့် နည်းစနစ်ပိုင်း ဆိုင်ရာ အဆင့်များကို ဤအပိုင်းတွင် ထည့်သွင်းပါ (Pajares, 2007)။ အချက်အလက် အရင်းအမြစ်များနှင့် ၎င်းအရင်း အမြစ်များရွေးချယ်ခြင်းအတွက် ပြုလုပ်ရသည့် အားထုတ်မှုများအကြောင်း စာဖတ်သူအား မကွယ်မဝှက် တင်ပြရမည်။ ပြီးပြည့်စုံ၍ အမှားကင်းသည့် ဒီဇိုင်း မရှိသည့်အတွက်ကြောင့် သုတေသနဒီဇိုင်းတွင် ဖြစ်လာနိုင်ခြေ

ရှိသည့် အမှားအယွင်းများ၏ အရင်းအမြစ်များကို သုတေသီက သတိပြုရမည် ဖြစ်သည်။ သို့ရာတွင် ဖြစ်လာနိုင်ခြေရှိသည့် အမှားအယွင်း အရင်းအမြစ်များအတွက် ကြိုတင်ပြင်ဆင်ကာ ၎င်းတို့ကို ကျော်လွှားနိုင်ရန် အားထုတ်ရမည် ဖြစ်သည်။ သို့တည်းမဟုတ် လေ့လာဆန်းစစ်ရာတွင် ထည့်သွင်း စဉ်းစားရန် အားထုတ်ရမည်။ စစ်တမ်းကောက်ယူမှုများ၊ အဆင့်သတ်မှတ်ချက်များ၊ အင်တာဗျူးမေးမြန်းရာတွင် လိုက်နာရမည့် အချက်များနှင့် စူးစမ်းလေ့လာရာတွင် အသုံးပြုမည့် လမ်းညွှန်ချက်များ စသည်ဖြင့် လေ့လာမှုတွင် အသုံးပြုမည့် နည်းစနစ် များကိုလည်း အကြမ်းဖျင်းဖော်ပြရမည်။

နောက်တစ်ဆင့်အနေဖြင့် အစုအဖွဲ့ကြီး၏ နမူနာရွေးချယ်ခြင်းအကြောင်း ဆွေးနွေးရမည်။ လေ့လာမှု ကိုယ်တိုင်အတွက် လေ့လာမှုမှ ရရှိလာသည့် ရလဒ်များအား အနက်ဖွင့်ဆိုခြင်းသာမက ရွေးချယ်ထားသည့် အစုအဖွဲ့ကြီးပြင်ပရှိ လူများကြုံတွေ့ရသည့် အခြားသော အခြေအနေများအတွက် ရလဒ်များအား ခြုံငုံ ကောက်ချက်ချခြင်းတို့လည်း ဖြစ်နိုင်သည်။ နမူနာရွေးချယ်ခြင်းအကြောင်း ရေးသားချက်တွင် ကြိုတင်သဘောထား ဆန္ဒရယူခြင်းအတွက် လုပ်ငန်းစဉ်အသေးစိတ်ကိုသာမက အမည်နှင့် အချက်အလက် ယုံကြည်စိတ်ချစွာ လျှို့ဝှက်ထားခြင်းအတွက် လုပ်ငန်းစဉ်အသေးစိတ်ကိုပါ ဖော်ပြရမည်။

### (၃.၆) အချက်အလက် ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်း

အချက်အလက်များ ကောက်ယူပြီးပါက အချက်အလက်များ လေ့လာဆန်းစစ်ခြင်းနှင့် ရလဒ်များအား အစီရင်ခံတင်ပြခြင်းတို့ကို သုတေသနက ဖော်ပြရမည်။ အချက်အလက်များ လေ့လာဆန်းစစ်ရာတွင် စစ်တမ်းကောက်ယူသည့် လုပ်ငန်းစဉ်များ၊ အင်တာဗျူးမေးမြန်းခြင်းနှင့် စူးစမ်းလေ့လာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကဲ့သို့ အချက်အလက် ကောက်ယူခြင်းအတွက် ယေဘုယျအစီအမံကို အနှစ်ချုပ် ဖော်ပြရမည်။ အသုံးပြုမည့် မြေပြင်လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များ၊ အချိန်ဇယား အကြမ်းဖျင်းတို့ လွှမ်းခြုံပါဝင်သည့် ရှင်းလင်းတိကျသော ရေးသားချက် ပါဝင်နိုင်သည် (Pajares, 2007)။

သုတေသနနည်းလမ်းများနှင့် အချက်အလက်အရင်း အမြစ်များအပေါ် မူတည်၍ အချက်အလက် ကောက်ယူစုဆောင်းသည့် လုပ်ငန်းစဉ်များက ကွာခြားပါသည်။ အရေအတွက်အခြေပြု အချက်အလက်များ အတွက် သုတေသနလုပ်ငန်းနှင့် ဆီလျော်သည့် ကိန်းဂဏန်းအချက်အလက်များ လေ့လာဆန်းစစ်မည့် ပုံစံ (ဥပမာ စာရင်းအင်းအသုံးပြု

လေ့လာဆန်းစစ်မှု) ကို သုတေသီက ရေးသား ဖော်ပြရမည်။ အရည်အသွေး အခြေပြု အချက်အလက်များအတွက်မူ မည်သည့် အချက်အလက်အမျိုးအစား (ဥပမာ အင်တာဗျူးသည့် လူများထံမှ ကိုယ်တွေ့ အတွေ့အကြုံများ) က သုတေသနလုပ်ငန်းအတွက် အသုံးတည့်ကြောင်း ဖော်ပြရမည်။

### (၃.၇) သုတေသန၏ အကန့်အသတ်များ

သုတေသနလုပ်ငန်းအား ဒီဇိုင်းရေးဆွဲရာတွင် အချိန်ကိုက်ဆောင်ရွက်ရမှုနှင့် တိကျမှန်ကန်မှုတို့ကဲ့သို့ အကြောင်းရင်းများကြောင့် လေ့လာမှုနယ်ပယ်ကို ကန့်သတ်ရမည်။ သုတေသီက ထိန်းချုပ်ရန် ကြီးမားလွန်းသည့် အရာများနှင့် သုတေသနအပေါ် သက်ရောက်မှုရှိနိုင်သည့် အရာများကို ကန့်သတ်ရမည် (Lin,2019,p.82)။ သုတေသန လုပ်ငန်းအား နယ်ပယ်ကန့်သတ်၍ သုတေသနနှင့် မသက်ဆိုင်သည့် ကိစ္စရပ်များကို ဖယ်ထုတ်ခြင်းဖြင့် လုပ်ငန်းကို အလေးထား ဆောင်ရွက်ရမည်။

## အဆင့် (၄) သုတေသနရလဒ်များ

အကြေအလည်ဆွေးနွေးမှုများအပြင် သုံးသပ်ချက်များနှင့် သက်ဆိုင်သည့် မျှော်မှန်း ရလဒ်များကို ဖော်ပြခြင်းဖြင့် သုတေသနအဆိုပြုလွှာကို သုတေသီက အဆုံးသတ်ရမည်။ ရေးသားပြုစုချိန်တွင် သုတေသန အတိုင်းအတာအပေါ်မူတည်၍ ခန့်မှန်းထားသည့် ရလဒ်များဖြစ်ကြောင်း စာဖတ်သူများက နားလည်ပေလိမ့်မည်။ သို့ရာတွင် မည်သည့် သုံးသပ်ချက်များ ချမှတ်မည်ကို သုတေသီက စာဖတ်သူအား အသိပေးရန် အထူးပင် လိုအပ်သည်။ ထို့အတူ သုတေသနလုပ်ငန်း၏ ထူးခြားမှုကိုလည်း စာဖတ်သူအား လက်လှမ်းမီ သိရှိနိုင်စေရန် မဖြစ်မနေ လိုအပ်ပါသည်။

## အဆင့် (၅) ကျမ်းကိုးစာရင်းများ

ဤအပိုင်းအတွက် စာသားတွင် ကိုးကား အသုံးပြုထားသည့် ကျမ်းကိုး စာရင်းများနှင့် ကျမ်းကိုးစာရင်းများ ကဏ္ဍနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များကို သုတေသီက လိုက်နာရမည်။ APA ၊ Chicago သို့မဟုတ် MLA ကဲ့သို့သော ကျမ်းကိုးစာရင်း ပုံစံများကို သုတေသနကော်မတီ သို့မဟုတ် သုတေသနစည်းကမ်းအနေဖြင့် လိုအပ်ပေ လိမ့်မည်။

## အဆင့် (၆) အဆိုပြုရန်ပုံငွေလိုအပ်ချက်

သုတေသနလုပ်ငန်းတစ်ခုကို ပြင်ဆင်ရာတွင် လုပ်ငန်းဆောင်ရွက်သည့် ဒီဇိုင်း၏ အစိတ်အပိုင်းအနေဖြင့် ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်ခြင်းကို စဉ်းစားရမည် ဖြစ်သည်။ ခရီးစရိတ်၊ အချက်အလက် တွက်ချက်ခြင်း၊ စာရေးကိရိယာနှင့် ပုံနှိပ်ထုတ်ဝေခြင်း၊ စာအုပ်နှင့် ဂျာနယ်များစသည့် ကုန်ကျစရိတ်များအတွက် ခန့်မှန်းတွက်ချက် ရမည်။

# အပိုင်း (၂)

# ပညာရပ်စာပေ သုံးသပ်လေ့လာချက်

## နိဒါန်း

ပညာရပ်စာပေ သုံးသပ်လေ့လာချက်က သုတေသန၏ မရှိမဖြစ် လိုအပ်သည့် အပိုင်းဖြစ်သည်။ လက်ရှိ/ ယခင် အချက်အလက်များရှိ လစ်ဟာချက်များကို ဖော်ထုတ်ပြီး အဆိုပါ လစ်ဟာချက်များအား သုတေသီ၏ တွေ့ရှိချက်များက မည်သို့ ဖြည့်ဆည်းပေးသည်ကို ဖော်ထုတ်သည်။ ပညာရပ်စာပေ သုံးသပ်လေ့လာခြင်းဖြင့် သုတေသနလုပ်ငန်းအတွက် သင့်လျော်သည့် လမ်းကြောင်းကို သတ်မှတ်နိုင်သည်။ သုတေသနစာပေလေ့လာ ဆန်းစစ်ရန်အတွက် စာတမ်းပါ သုတေသနမေးခွန်းနှင့် အဓိက ပြဿနာကို သိရှိရန် လိုအပ်သည်။ ပညာရပ်စာပေ သုံးသပ်လေ့လာခြင်းသည် စာတမ်းလေ့လာဆန်းစစ်ချက်တစ်စောင်လည်း ဖြစ်နိုင်သည်။ အကြောင်းအရာအလိုက် ယခင်က ပုံနှိပ်ထုတ်ဝေပြီး ဖြစ်သည့် စာပေများအား စေ့စေ့စပ်စပ် ခွဲခြမ်းစိတ်ဖြာ လေ့လာစစ်ဆေးခြင်းဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ နမူနာသရုပ်ပြခြင်း၊ အတန်းအစားခွဲခြားခြင်း၊ နှိုင်းယှဉ်ခြင်းနှင့် အနှစ်ချုပ်ခြင်းတို့ဖြင့် လက်ရှိ အချက်အလက်များ သို့မဟုတ် ရလဒ်များအား ဆန်းစစ်ခြင်းက စာပေလေ့လာဆန်းစစ်ချက် ရေးသားခြင်း၏ အဓိက ဦးတည်ချက်ဖြစ်သည်။ ပညာရပ်စာပေ သုံးသပ်လေ့လာချက်၏ ရည်ရွယ်ချက်မှာ သုတေသနမေးခွန်း တစ်ခုကို ဖော်ထုတ်ပြီးနောက် ၎င်းမေးခွန်းကို လေ့လာရန်အတွက် အသုံးတည့်သည့် သီအိုရီ သို့မဟုတ် လက်တွေ့ကျသည့် ချဉ်းကပ်မှုများ သတ်မှတ်ရန် ကူညီခြင်းဖြစ်သည်။ ထို့အပြင် သုတေသနနယ်ပယ်အကြောင်း အတွင်းကျကျနှင့် အဆင့်မြင့်ဆုံး နားလည်သဘောပေါက်မှုနှင့် အသိပညာတို့ကို စာဖတ်သူအား ရရှိစေရန်လည်း ရည်ရွယ်သည် (Creative commons [CC], 2021) ။

## (၁) လေ့လာဆန်းစစ်ချက် ဖွဲ့စည်းတည်ဆောက်ပုံ

သက်ဆိုင်ရာ ဘာသာရပ်ရှိ မတူညီသည့် အပိုင်းများအား စာရင်းပြုစုခြင်းဖြင့် လေ့လာဆန်းစစ်ချက် ဖွဲ့စည်းမှုကို စတင်ပါသည်။ ဤဘာသာရပ်များအကြား စစ်ထုတ်ခြင်းဖြင့် နယ်ပယ်အတိအကျကို အကိုးအကားပြုရန်အတွက် ကျမ်းကိုးစာရင်းများနှင့်တကွ သုတေသီက ဖော်ထုတ်သည်။

စာပေလေ့လာဆန်းစစ်ရာတွင် ထိထိရောက်ရောက် ကောင်းကောင်းမွန်မွန် ရလဒ်ထွက်ပေါ်လာရေး အတွက် နည်းဗျူဟာအချို့တွင် အောက်ပါအချက်များ ပါဝင်သည်-

- အကြောင်းအရာ၏ ကောင်းကျိုး ဆိုးပြစ်အပေါ် အလေးထားဖတ်ရှုရန်၊
- စာရေးဆရာများ၏ အဓိကအချက်များကို အနှစ်ချုပ်ကာ မှတ်စုတို မှတ်သားထားရန်၊
- လက်ရှိ အခြေအနေအရ မှုတမှန်ကန်မှုရှိသည့် နည်းလမ်းများ ရှာဖွေရန်၊
- သက်ဆိုင်သည့် အချက်အလက်များအား စုဆောင်းခြင်းနှင့် ရှာဖွေခြင်း ပြုလုပ်ရန်၊
- ပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ ဂျာနယ်များနှင့် စာအုပ်များအား မည်သို့ ခွဲခြမ်းစိတ်ဖြာ လေ့လာမည်ကို ဆုံးဖြတ်ရန်။

## (၂) စာအုပ်စာတမ်းများကို စိတ်ဖြာလေ့လာဆန်းစစ်ခြင်း

သုတေသနပြုမည့် အကြောင်းအရာနှင့်ပတ်သက်၍ ပုံနှိပ်ထုတ်ဝေထားသည့် ယခင် သုတေသနအား သုတေသီက ဝေဖန်ဆန်းစစ်ရမည် ဖြစ်သည်။ မပြတ်မသားရှိပြီး မသေချာသည့် စကားလုံးများ အသုံးပြုခြင်းကို ရှောင်ကြဉ်ရမည်။ စာအုပ်စာတမ်းများ စိတ်ဖြာလေ့လာဆန်းစစ်ခြင်းက ရှိရင်းစွဲသုတေသနကို ချဲ့ထွင်ရာတွင် အထောက်အပံ့ ပေးပါသည်။

### (၂.၁) ပညာရပ်ဆိုင်ရာဆောင်းပါးများ၊ ဂျာနယ်များနှင့် အစီရင်ခံစာ

ကနဦးအနေဖြင့် သုတေသနပြုမည့် အကြောင်းအရာအပေါ် ယခင် ပညာရှင်များ၏ အမြင်သဘောထားနှင့် အကြံပြုချက်များကို သုတေသီများက ဖတ်ရှုရမည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ဖတ်ရှုခြင်းက အကြောင်းအရာအပေါ် ပိုမို နားလည်သဘောပေါက် လာစေရန် ကူညီပေးပြီး ရှိရင်းစွဲ ပညာရပ်ကို မည်သို့ ချဲ့ထွင်နိုင်မည်ကို ရှင်းရှင်းလင်းလင်း သိမြင်စေပါသည်။ ယခင်စာအုပ်စာပေများကို ဆန်းစစ်လေ့လာခြင်းဖြင့် သုတေသနနှင့် နယ်ပယ် အဝန်းအဝိုင်းကို သတ်မှတ်ရန် အထောက်အပံ့ဖြစ်စေပါသည်။ ပညာရှင်အချင်းချင်း အပြန်အလှန် စိစစ်သည့် လုပ်ငန်းစဉ်အသုံးပြုထားသော ပညာရပ် ဂျာနယ်များတွင် ပုံနှိပ်ဖော်ပြထားသည့် စာပေကို အသုံးပြုရန် အရေးကြီးသည်။ ပညာရှင် အချင်းချင်း အပြန်အလှန် စိစစ်ထားသည့် ဂျာနယ်များက ပညာရှင်အချင်းချင်း

စိစစ်ထားခြင်း မရှိသည့် အရင်းအမြစ်များထက် ပို၍ ယုံကြည်စိတ်ချရသည်။ ထို့ကြောင့် ပညာရှင်အချင်းချင်း အပြန်အလှန် စိစစ်ထားသည့် အရင်းမြစ်များကို ကိုးကားခြင်းဖြင့် သုတေသန၏ ထူးခြားမှုအကြောင်း သုတေသနတစ်ခုက ပိုမို ဆန်းစစ်နိုင်ပေမည်။

### (၂.၂) တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်စာရွက်စာတမ်းများ

တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက် စာရွက်စာတမ်းများက ယုံကြည်စိတ်ချရသည့် အရင်းအမြစ်များ ရရှိစေသည့် အခြားနည်းလမ်း တစ်ခု ဖြစ်သည်။ သုတေသန ပြုမည့် အကြောင်းအရာနှင့် သက်ဆိုင်သည့် အသုံးတည့်သော အရင်းအမြစ်များကို အချက်အလက် စာရွက်စာတမ်းများက ပြုစုထားလေ့ ရှိသည်။ အကယ်၍ သုတေသီများက အခြားအချက်အလက်များကို လွယ်လင့်တကူ ရှာဖွေနိုင်ခြင်းမရှိပါက အခြားဒေတာ အရင်းအမြစ်များအား ဖော်ထုတ်ရာတွင် အချက်အလက်စာရွက် သို့မဟုတ် စာတမ်းများက အကူအညီပေးပါသည်။

### (၂.၃) အီလက်ထရွန်းနစ် စာအုပ်များ

အီလက်ထရွန်းနစ်စာအုပ်များအား အင်တာနက်မှရရှိသည့် တရားဝင် အရင်းအမြစ် အဖြစ် သုတေသနတွင် အသုံးပြုသည်။ အများသူငါ အားလုံးလက်လှမ်းမီသည့် အရင်းအမြစ်များမှ အီလက်ထရွန်းနစ်စာအုပ် အများအပြားကို လွယ်လင့်တကူ ဒေါင်းလုပ်ချ သိမ်းဆည်းနိုင်သည်။ မြန်မာနိုင်ငံတွင်လည်း ပညာရပ်ဆိုင်ရာ စာပေများ (အီလက်ထရွန်းနစ်စာအုပ်များ၊ ပညာရပ်ဆိုင်ရာ ဂျာနယ်များ) စသည့် အထောက်အပံ့ကို ကံ့ကော်တော အွန်လိုင်း စာကြည့်တိုက် (https://kantkawtaw-library.org/) တွင် ရရှိနိုင်ပါသည်။ ("နှင့် (and)၊ သို့မဟုတ် (or)၊ နှင့် သို့မဟုတ် (and not)") ရှာဖွေရေးစက်များကို အသုံးပြုခြင်းဖြင့် အီလက်ထရွန်းနစ်စာအုပ် (e-book) တွင် အချက်အလက်များကို အတိအကျ ရှာဖွေနိုင်သည်။ အီလက်ထရွန်းနစ်စာအုပ် အချက်အလက်ဘဏ်တိုက် တစ်ခုချင်းစီတွင် ကန့်သတ်ချက်များ ရှိသော်ငြား ဤအချက်အလက်ဘဏ်တိုက်များကို သုတေသီများက ရယူနိုင်လေ့ ရှိကြသည်။ အီလက်ထရွန်းနစ် စာအုပ်ဖိုင်တွင် မှတ်စု မှတ်သားခြင်း၊ အနှစ်ချုပ်ခြင်းနှင့် အမှတ်အသားပြု မျဉ်းတားခြင်းတို့ကို သုတေသီများက အလွယ်တကူ ပြုလုပ်နိုင်သည်။

### (၂.၄) ဥပဒေဆိုင်ရာလေ့လာဆန်းစစ်ချက်

ပြဋ္ဌာန်းဥပဒေများနှင့် ပြဋ္ဌာန်းဥပဒေများကို အကောင်အထည်ဖော်ခြင်းတို့အား လေ့လာဆန်းစစ်ရန် အရေးကြီးပါသည်။ နောင်ကာလအတွက် ပိုကောင်းသည့် ဥပဒေ အရင်းအမြစ်များကို ပျိုးထောင်သည့် နည်းပင် ဖြစ်သည်။ ဥပဒေအား မည်သို့ ရှာဖွေကာ အနက်ပြန်ဆိုကြောင်း ရှင်းလင်းချက်များက ဥပဒေကို လေ့လာရန် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။ ဥပဒေဆိုင်ရာ လေ့လာဆန်းစစ်မှု၏ အရင်းခံအကြောင်းက ဥပဒေကျင့်သုံးပုံကို နားလည်သဘောပေါက်ရန် ဖြစ်ပြီး ဥပဒေကို ဝေဖန်ဆန်းစစ်မှုများကို ပြုလုပ်ပေးပါသည်။

### (၂.၅) အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေများ

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သက်ဆိုင်သည့် သုတေသနအတွက် အရင်းအမြစ်အများအပြားရှိသည်။ ၎င်းတို့မှာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ သို့မဟုတ် သဘောတူစာချုပ်များ၊ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းတို့နှင့် ယေဘုယျ စည်းမျဉ်းများ ဖြစ်ကြသည်။ တရားရုံးဆုံးဖြတ်ချက်များနှင့် အရည်အချင်းရှိ ပညာရှင်များ၏ ပုံနှိပ်ဖော်ပြချက်များသည်လည်း ဖြည့်စွက် အရင်းအမြစ်များ ဖြစ်ကြသည်။ ကုလသမဂ္ဂ၏ သန္နိဋ္ဌာန်များ၊ ညီလာခံများ၏ အစီရင်ခံစာများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (ILC) နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး မူဘောင် (International Human Rights Framework) တို့၏ လုပ်ဆောင်ချက်များသည်လည်း အပြည်ပြည်ဆိုင်ရာ ဥပဒေ အရင်းအမြစ် ဥပမာများ ဖြစ်ကြသည်။ ဤအရင်းအမြစ်များအား လေ့လာခြင်းက ဥပဒေ၏ စံနှုန်းများနှင့် အယူအဆများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူ ဖြစ်စေပါသည်။

အယူအဆအခြေပြု ဥပဒေသုတေသန၊ လက်တွေ့မျက်မြင်အခြေပြု ဥပဒေ သုတေသနနှင့် နှိုင်းယှဉ် ဥပဒေသုတေသနတို့က ဥပဒေအပေါ် အကျိုးသက်ရောက်မှု ရှိကြောင်း ထည့်သွင်းစဉ်းစားကြသည်။ ပြည်တွင်း ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကို နှိုင်းယှဉ်ခြင်းဖြင့် သီးသန့်ကိစ္စရပ်တစ်ခုနှင့် စပ်လျဉ်း၍ ပြည်တွင်း ဥပဒေက အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ အလွယ်တကူ ရှင်းလင်းစေရန် အထောက်အကူ ဖြစ်ပါသည်။ နိုင်ငံ၏ လက်ရှိ အဖြစ်အပျက်များအတွက် မည်သည့် ဥပဒေပြဋ္ဌာန်းများ ရှိသည်၊ လက်တွေ့ မည်သို့ကျင့်သုံးသည်နှင့် မည်သည့်ဥပဒေ

ပြဋ္ဌာန်းချက်များ ပြင်ဆင်မွမ်းမံရန် လိုအပ်သည်တို့နှင့် စပ်လျဉ်း၍ ပြည်တွင်းဥပဒေကို လေ့လာရမည် ဖြစ်သည်။

## (၂.၆) ယေဘုယျ သုံးသပ်ချက်များ သို့မဟုတ် အကြံပြုချက်များ

ကုလသမဂ္ဂလူ့အခွင့်အရေး သဘောတူစာချုပ်များဆိုင်ရာ ကော်မတီများက သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များ၊ နယ်ပယ်အလိုက် ကိစ္စရပ်များ သို့မဟုတ် လုပ်ငန်းဆိုင်ရာ နည်းလမ်းများအပေါ် ယေဘုယျ သုံးသပ်ချက်များ ချမှတ်ရာတွင် ပါဝင်သည့် လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား ၎င်းတို့၏ အနက်ပြန်ဆိုချက်များကို ပုံနှိပ်ထုတ်ဝေကြသည် (Refworld, 2021)။ အဖွဲ့ဝင်နိုင်ငံများက ပြဋ္ဌာန်းချက်အချို့ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု တာဝန်များအား အစီရင်ခံခြင်းကို ယေဘုယျသုံးသပ်ချက်များက ရှင်းလင်းစေသည်။ သဘောတူစာချုပ် ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ခြင်းအတွက် နည်းလမ်းများကိုလည်း အကြံပြုပါသည် (United Nations Library, 2021)။ အပြည်ပြည်ဆိုင်ရာ ဥပဒေ ရေးဆွဲခြင်းနှင့် အသုံးချခြင်းတို့အတွက် ယေဘုယျသုံးသပ်ချက်များက အရေးပါသည့် အထောက်အပံ့ပြုပြီး အခြားကိစ္စရပ်များနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက် ကိုလည်း ဖန်တီးပေးပါသည်။

သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များအား အစိုးရများသာမက အစိုးရမဟုတ်သည့် ပါဝင်ပတ်သက်သူ များကပါ နားလည်သဘောပေါက်စေရန် ယေဘုယျသုံးသပ်ချက်များက ကူညီပေးသည်။ ပြည်တွင်းမှ ပြည်သူ့ ထောက်ခံမှု ခိုင်မာစေရန်အတွက်လည်း ကူညီပေးသည် (International Play Association [IPA], 2021)။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များ၏ အဖွဲ့ဝင်နိုင်ငံများသည် ယေဘုယျ သုံးသပ်ချက်များတွင် ပါဝင်သည့် သဘောတူစာချုပ်အပိုဒ်များ၏ ရှင်းလင်းချက်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိကြသည်။ ယေဘုယျသုံးသပ်ချက်ကို လေ့လာခြင်းဖြင့် နိုင်ငံများ၏ အကောင်အထည်ဖော်ရမည့် တာဝန်များကို သုတေသီက သိရှိနားလည်နိုင်သည်။ သီးခြား လူ့အခွင့်အရေး ပြဿနာရပ်များအပေါ် ပြုလုပ်ထားသည့် ထိုယေဘုယျ သုံးသပ်ချက်များကို ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး ရုံး၏ တရားဝင် ဝဘ်ဆိုက်ဒ် (https://www.ohchr.org/en/ohchr_homepage) တွင် လက်လှမ်းမီ ရရှိနိုင် ပါသည်။

### (၂.၇) နိုင်ငံများ၏ အစီရင်ခံစာများ

နိုင်ငံများ၏ အစီရင်ခံစာများက သုတေသနတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။ ၎င်းအစီရင်ခံစာများအား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများတွင် ရယူနိုင်သည်။ ဥပမာများအနေဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်အတွက် အဖွဲ့အစည်း ဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ ကော်မတီကဲ့သို့ လူ့အခွင့်အရေးသဘောတူစာချုပ်အဖွဲ့များ ပါဝင်သည်။ အမျိုးသမီးအခွင့်အရေး ဆိုင်ရာ အကောင်အထည်ဖော်မှုအား CEDAW ကော်မတီသို့ မြန်မာနိုင်ငံမှ တင်သွင်းသည့် နိုင်ငံအဆင့် အစီရင်ခံစာများအားလုံးကို ယခု ဖော်ပြထားသည့် လင့်ခ်မှတဆင့် ရရှိနိုင် ပါသည်။ နောက်ဥပမာတစ်ခုမှာ လူ့အခွင့်အရေးကောင်စီ၏ နိုင်ငံတိုင်းအချိန်မှန် အလှည့်ကျ သုံးသပ်မှုခံယူခြင်း (Universal Periodic Review - UPR) ဖြစ်သည်။ ထိုကဲ့သို့ ကုလသမဂ္ဂ အဖွဲ့အစည်းများက နိုင်ငံများ၏ အစီရင်ခံစာကို လက်ခံရရှိပြီး ၎င်းတို့ကို ဤ နေရာ မှ အများပြည်သူ လက်လှမ်းမီ ဖတ်ရှုနိုင်ကြသည်။

## သုံးသပ်ချက်

သုတေသနစာပေလေ့လာဆန်းစစ်မှု ဆောင်ရွက်ရာတွင် သုတေသနနှင့် ဆီလျော်သည့် သုတေသနစာတမ်းများနှင့် သုံးသပ်လေ့လာချက်စာတမ်းများကို သုတေသီက စုဆောင်းပါသည်။ ထို့နောက် သုတေသနရှိ ပြဿနာ ရေးသားချက်နှင့် သုတေသန လစ်ဟာချက်များကို အသိပေးမှုဝေရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် သုတေသန ခေါင်းစဉ်၊ စာတမ်းအကျဉ်း မိတ်ဆက်၊ နောက်ဆက်တွဲများနှင့် အသေးစိတ် နည်းစနစ်များ အကြောင်း အစီအစဉ်ချ ရေးဆွဲကာ အဓိကကျသည့် တွေ့ရှိချက်များအကြောင်း ဆွေးနွေးရမည် ဖြစ်သည်။ သုတေသီသည် အားသာချက်နှင့် အားနည်းချက်များကို အခြေပြု၍ သုံးသပ်ချက်ပြုလုပ်ပြီး နောင်ကာလ ဖြစ်လာနိုင်ခြေရှိသည့် အမြင်ရှုထောင့် များကို အဆိုပြုရမည်။

# အပိုင်း (၃)

# သုတေသနအဆိုပြုလွှာတစ်ခုတွင် ပါဝင်သည့် အစိတ်အပိုင်းများ ပုံစံ

## သုတေသနပြုမည့်ပြဿနာများ

- ယေဘုယျကျသည့် ပြဿနာမှ စတင်ပါ။
- ယေဘုယျကျသည့် ပြဿနာအား အသေးစိတ်ကျသည့် သုတေသန မေးခွန်းများအဖြစ် အကောင်အထည်ဖော်ပါ။
- သုတေသနပြုမည့် ပြဿနာ၏ အကြောင်းချင်းရာကို နားလည်သဘော ပေါက်စေရန် အချက်အလက် အကြမ်းများ ဖော်ပြပါ။
- ပညာရပ်နယ်ပယ်ရှိ ရှိရင်းစွဲ အသိပညာလစ်ဟာချက်ကို ကိုင်တွယ်ဖြေရှင်းပြီး နောက်ကာလတွင် သုတေသနများ ပြုလုပ်နိုင်ရေး ဦးတည်ဆောင်ရွက်ပါ။
- စံနမူနာ၊ အရှိတရားနှင့် အကျိုးဆက်များကို ဖော်ပြနိုင်ရန်အတွက် ဆွဲဆောင် နိုင်သည့် ပြဿနာ ရေးသားချက်တစ်စောင် ပြုစုပါ (Bwisp, 2018)။

## သုတေသနမေးခွန်းများ

- ပြဿနာအသေးစိတ်အပေါ် အလေးထားပါ။
- ပြဿနာအသေးစိတ်၏ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြင်ဆင်ပါ။
- သုတေသနမေးခွန်းက ကျယ်ပြန့်လွန်းခြင်း သို့မဟုတ် ကျဉ်းမြောင်းလွန်းခြင်း မဖြစ်အောင် အသေအချာ ဆောင်ရွက်ပါ။
- မိမိဖော်ပြလိုသည့်အချက်များ ပို၍ ရှင်းရှင်းလင်းလင်း ဖြစ်စေရန်အလို့ငှာ တတ်နိုင်သမျှ ရှင်းလင်းတိကျ၍ ဆီလျော်သည့် မေးခွန်း ပြုစုပါ questions (The Writing Center, 2021)။
- ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်နိုင်ပြီး ဆန်းစစ်လေ့လာနိုင်၍ ကျိုးကြောင်း ခိုင်မာသည့် သုတေသန မေးခွန်းများကို ဖော်ထုတ်ပါ။

## သုတေသနရည်ရွယ်ချက်များ

- သုတေသနမေးခွန်းများကို ဖြေဆိုနိုင်မည့် မည်သည့် ဦးတည်ချက်များကို သုတေသနက ချမှတ်ကြောင်း ရှင်းပြပါ (ဆိုလိုသည်မှာ သုတေသနလုပ်ငန်းက မည်သည့် အဖြေမျိုးကို ထွက်ပေါ် စေလိုပါသလဲ?)
- လူ့အသိုက်အဝန်း၏ ကောင်းကျိုးများများ ရရှိစေပြီး ထိခိုက်မှုနှင့် ဘေးအန္တရာယ်ကို နည်းပါးအောင် ဆောင်ရွက်ပါ။
- သုတေသနတွေ့ရှိချက်ကို မည်သို့ ဆန်းစစ်မည်ကို စူးစမ်းဖော်ထုတ်ပါ။
- သုတေသနမှ မည်သည့် တွေ့ရှိချက်မျိုး ထွက်ပေါ်လာမည်ကို ရှင်းလင်းပြပါ။
- သုတေသန/လုပ်ငန်း ဆောင်ရွက်ချက်ကို ကြီးကြပ်၍ သုတေသန ရလဒ်များ/ အကြောင်းအရာများ ရရှိရန်အတွက် စီမံဆောင်ရွက်ပါ။

## သုတေသနနည်းစနစ်များ

- မူလအရင်းအမြစ်နှင့် တဆင့်ခံရရှိသည့် အရင်းအမြစ်များကို သတ်မှတ်ဖော်ထုတ်ပါ။
- အဓိကသတင်းအချက်အလက်ပေးသူ၊ အချက်အလက်ပေးသူ၊ ကျွမ်းကျင်သူ၊ ဖြေဆိုသူများနှင့် အင်တာဗျူး မေးမြန်းခြင်းများ၊ စစ်တမ်း ကောက်ယူခြင်းများနှင့်/ သို့မဟုတ် ဦးတည်အုပ်စု ဆွေးနွေးပွဲ ပြုလုပ်ခြင်းတို့မှဆင့် အချက်အလက်များကို မည်သို့ ကောက်ယူစုဆောင်းမည်ကို ပြင်ဆင်ပါ။
- ထိရောက်သည့် အချက်အလက်များ ရရှိရေးအတွက် သင့်လျော်သည့် နမူနာအရွယ်အစားကို သတ်မှတ်ပါ။
- ကျင့်ဝတ်ရှိသည့် သုတေသနအလေ့အကျင့်များကို အသုံးပြုပါ။
- ယခင်ထုတ်ဝေထားပြီး ပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ ဂျာနယ်များနှင့် စာအုပ်များကို လေ့လာ၍ ဆန်းစစ်ပါ။
- ကောက်ယူထားသည့် အချက်အလက်များအား လေ့လာဆန်းစစ်ရန် ကိုက်ညီသည့် အချက်အလက် ခွဲခြမ်းစိတ်ဖြာဆန်းစစ်သည့် နည်းစနစ်များကို ဆန်းစစ်ပါ။
- သုတေသနအစီရင်ခံစာကို ရေးသားပါ။

## သုတေသနတွေ့ရှိချက်များ

- အဓိက တွေ့ရှိချက်များအပေါ် အနက်ဖွင့်ဆိုချက်များ ပြုလုပ်ခြင်းက မရှိမဖြစ် အရေးပါသည်။
- ယခင်လေ့လာမှုနှင့် နှိုင်းယှဉ်ပါ။
- လေ့လာမှု၏ အလွှာ/အဆင့်တိုင်း၏ အားသာချက်များကို အသားပေး ဖော်ပြပါ။
- မမျှော်မှန်းထားသည့် တွေ့ရှိချက်များအကြောင်း ဆွေးနွေးပါ။
- အကျဉ်းချုပ်၏ ရည်ရွယ်ချက်နှင့် ယူဆချက်ကို အနှစ်ချုပ်ပါ။
- နောင် ဖြစ်လာနိုင်ခြေရှိသည့် သုတေသနအကြောင်း ဆွေးနွေးပါ (The public library for science, 2021)။

## သုတေသနလုပ်ငန်း အစီအစဉ်

- သုတေသနလုပ်ငန်းအတွက် ခန့်မှန်း အချိန်ဇယားကို အဆိုပြုပါ။
- စာတမ်းတင်ပြနိုင်မည့် ရက်စွဲကို အတိအကျသတ်မှတ်ရန် လိုအပ်သည်။
- တည်းဖြတ်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေသည့် လုပ်ငန်းစဉ်ကို ခြုံငုံမိစေသည့် အချိန်ကာလ အတိအကျ အတွက် ပြင်ဆင်ပါ။
- သုတေသနလုပ်ငန်း၏ ပုံကြမ်းနှင့် ဆောင်ရွက်ရမည့် အချက်များကို ပြုစုပါ။
- အင်တာဗျူးမေးမြန်းသည့် လုပ်ငန်းစဉ်အတွက် အချိန်ဇယားကို သတ်မှတ်ပါ။
- အင်တာဗျူးမည့် အစီအစဉ်၊ အချက်အလက်ခွဲခြမ်းစိတ်ဖြာ လေ့လာမည့် ပုံစံ၊ ကြိုတင်သဘောဆန္ဒ တောင်းခံသည့် ပုံစံနှင့် ကျင့်ဝတ်ဆိုင်ရာ ပုံစံတို့ကို ပြင်ဆင်ထားပါ။

## သုတေသနရန်ပုံငွေအဆိုပြုလွှာ/ ဘဏ္ဍာရေးအစီအမံ

- သုတေသနလုပ်ငန်းတွင် သုတေသီက ဆောင်ရွက်ရန် စီမံထားသည့် အရာတိုင်းကို စာရင်းပြုစုပါ။
- သုတေသနလုပ်ငန်းအတွက် ထောက်ပံ့ငွေ အဆိုပြုလွှာကို လျှောက်တင်ပါ။
- အင်တာနက်မှတဆင့် ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲနှင့် အစည်းအဝေးမှ တဆင့် သုတေသန စာတမ်းကို တင်ပြနိုင်ရန်အတွက် မှတ်ပုံတင်ကြေးကို တောင်းခံပါ။

- ပုံနှိပ်ဖော်ပြခံရခြင်းနှင့် တည်းဖြတ်ခြင်း လုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ်များကို တွက်ချက်ပါ။
- အချက်အလက်ကောက်ယူစုဆောင်းခြင်း၊ ဘာသာပြန်ဆိုခြင်း၊ ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် ကုန်ကျစရိတ်များကို ခန့်မှန်းတွက်ချက်ပါ။
- ခန့်မှန်းကုန်ကျစရိတ်နှင့် အမှန်ကုန်ကျစရိတ်တို့အကြား ခြားနားချက်ကို ချိန်ညှိပါ။

## မြန်မာသုတေသီများအတွက် အကြံပြုချက်များ

သုတေသနအဆိုပြုလွှာတစ်စောင်ရေးသားသော်အခါ သတိပြုရမည့် အရာအချို့ရှိပါသည်။ သုတေသန အဆိုပြုလွှာရေးသားရာတွင် စိန်ခေါ်မှုများကို သုတေသီက ကြုံတွေ့နိုင်သည်။ သုတေသနအတွက် အကြောင်းအရာ ဆုံးဖြတ်ရာတွင် အခက်အခဲများ ကြုံတွေ့ခြင်း၊ နည်းစနစ်ပိုင်း အသိပညာအားနည်းခြင်း၊ အယူအဆပိုင်းနှင့် သီအိုရီပိုင်း မူဘောင်ချမှတ်ရာတွင် အားနည်းခြင်းစသည့် စိန်ခေါ်မှုများ ဖြစ်သည်။

စစချင်းအဆင့်များတွင် သုတေသနအကြောင်းအရာသည် တစ်ခါတစ်ရံ အလွန်ကျယ်ပြန့်လွန်းပြီး ရှင်းရှင်းလင်းလင်း သတ်မှတ်နိုင်ခြင်း မရှိပေ။ သုတေသီများတွင် ၎င်းတို့အတွေးထဲ၌ ပို၍ ကောင်းမွန်သည့် အကြောင်းအရာ ရှိနိုင်သော်ငြား ၎င်းတို့၏ အဆိုပြုလွှာတွင် ကောင်းစွာ ရှင်းရှင်းလင်းလင်း ထုတ်ဖော်ထားခြင်း မရှိကြပေ။ သုတေသီများက သုတေသနအကြောင်းအရာကို ဖန်တီးသည့်အခါ အတော်အသင့် ချုံ့ပြီး အလေးထား လေ့လာဖို့ ဦးတည်ချက်ထားရန် လိုအပ်သည်။ သုတေသနအတွက် ရှင်းရှင်းလင်းလင်း ဦးတည်ချက်ရှိရန် လိုအပ်သကဲ့သို့ ၎င်းကိုလည်း အဆိုပြုလွှာတွင် ရှင်းရှင်းလင်းလင်း ထုတ်ဖော်ထားရန်လည်း လိုအပ်သည်။

ထို့နောက် သုတေသီများတွင် နည်းစနစ်ပိုင်း အသိပညာ တစ်ခါတစ်ရံ ရှိပေလိမ့်မည်။ ၎င်းတို့ မည်သည့်အရာကို ဆောင်ရွက်မည်ကို အတိအကျမသိရှိရပေ။ ထို့အပြင် ထိုသို့ဆောင်ရွက်ရန်အတွက်လည်း ကောင်းမွန်သည့် အစီအမံလည်း ၎င်းတို့ထံတွင် မရှိကြပေ။ အတွေးထဲတွင် ရှင်းလင်းပြတ်သားသည့် ဒီဇိုင်း ရှိရန် လိုအပ်ပြီး အဆိုပြုလွှာတွင် ၎င်းတို့၏ အစီအမံကို ဖော်ပြနိုင်ရမည်။ နည်းစနစ်အတွက်မှ သုတေသန

လုပ်ငန်းပြီးမြောက်ရန်အတွက် ဆက်တိုက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံ သို့မဟုတ် အစီအစဉ်ကို အလေးထား စဉ်းစားရန် သုတေသီများက လိုအပ်သည်။

ထို့အပြင် အဆိုပြုလွှာတွင် အားကောင်းခိုင်မာသည့် သီအိုရီအခြေခံရှိရန် လိုအပ်သည်။ သုတေသန၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များက သုတေသန မေးခွန်းများနှင့် တစ်ခါတစ်ရံတွင် ချိတ်ဆက်မှု မရှိကြပေ။ ထို့ကြောင့် အဆိုပြုလွှာ ပြင်ဆင်ရာတွင် ၎င်းတို့က မည်သို့ ကွဲပြားကြောင်း ရှင်းလင်းနေရန် လိုအပ်ပြီး တစ်ခုနှင့် တစ်ခု အပြည့်အဝ အသေအချာ ချိတ်ဆက်နေရမည် ဖြစ်သည်။ ထို့အပြင် သုတေသီများက ကြုံတွေ့ရသည့် အရေးပါဆုံးစိန်ခေါ်မှုများအနက် တစ်ခုမှာ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု ဖြစ်သည်။ ကိုက်ညီသော အင်္ဂလိပ်ဘာသာကို ရေးသားခြင်းက သုတေသန အဆိုပြုလွှာများကို ကောင်းမွန်စေသည်။ ထို့အတူ ဆရာများထံမှ ရရှိသည့် အကြံပြုချက်များနှင့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီးနောက် အောင်မြင်သည့် အဆိုပြုလွှာ တစ်ခုအတွက် ၎င်းတို့၏ သုတေသနလုပ်ငန်းများကို အစီအမံချပါ။

ပညာရပ်စာပေ သုံးသပ်လေ့လာခြင်းနှင့် ပတ်သက်၍လည်း အများဆုံးကြုံတွေ့ရလေ့ရှိသည့် အခက်အခဲ များတွင် ယုံကြည်စိတ်ချရသော အချက်အလက်များ ရှာဖွေခြင်း၊ အချက်အလက်အရင်းအမြစ်များအား နည်းစနစ်တကျ လေ့လာဆန်းစစ်ခြင်းနှင့် အချက်အလက်ရလဒ်များကို နေရာချခြင်းတို့ ပါဝင်သည်။ အဆိုပါ အခက်အခဲများအား ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို ဂရုတစိုက် ဆန်းစစ်လေ့လာခြင်းဖြင့် ဖြေရှင်းနိုင်သည်။ သို့သော် စာများများ ဖတ်ရှုရန် လိုအပ်သည်။ ပညာရပ်စာပေများကို နေ့စဉ် ဖတ်ရှုရန် အချိန်ဇယားသတ်မှတ်ခြင်း၊ အချက်အလက်ဘဏ်တိုက်ရှာဖွေမှု မှတ်တမ်းများ သိမ်းဆည်းခြင်းနှင့် သုတေသီများ အသုံးပြုကြသည့် မှိုငြမ်းကိုးကားချက်များကို ရှာဖွေခြင်းတို့ဖြင့် စာဖတ်စွမ်းရည် တိုးတက်အောင် သုတေသီက မြှင့်တင် နိုင်သည်။ အခြားအသုံးဝင်သည့် အကြံပြုချက်များတွင် စာအုပ်စာပေများအား အသော့ဖတ်ခြင်းနှင့် ခြုံငုံလေ့လာခြင်းတို့ ပါဝင်သည် (ဆိုလိုသည်မှာ စာလုံးတိုင်း ဖတ်ရှုခြင်းမဟုတ်ဘဲ ထို့အစား အဓိကကျသည့် ဆွေးနွေးချက်များကို ကြည့်ရှုခြင်း ဖြစ်သည်)။ စာတမ်းအကျဉ်း၊ ဆောင်းပါး သို့မဟုတ် အခန်း၏ အစပိုင်းနှင့် အဆုံးပိုင်းများကို ကြည့်ရှုနိုင်စွမ်းကိုလည်း မြှင့်တင်ရမည်။ ထိုသို့ဖတ်ရှုခြင်းဖြင့် တစ်ခုလုံး ဖတ်စရာမလိုဘဲ စာတမ်း သို့မဟုတ် အခန်း၏ ယေဘုယျရည်ရွယ်ချက်ကို သုတေသီအား နားလည်သဘောပေါက်စေပါသည်။ စာအုပ်

စာတမ်းများကို စာရွက်ဖြင့် ပုံနှိပ်ထုတ်ခြင်း မပြုပါနှင့်။ ဤသို့ဖြင့် အချိန်ကုန် သက်သာစေပြီး၊ နေရာကို ထိထိရောက်ရောက် အသုံးချကာ ပတ်ဝန်းကျင်ကို ကာကွယ် ထိန်းသိမ်းပါသည်။ ထို့အစား နောက်ကွယ်က စိတ်ဝင်စားဖွယ်ကောင်းသည့် အပိုင်းများကိုသာ ချန်ရစ်ထားကာ အကယ်၍ သုတေသီက ဖြစ်နိုင်ပါက အီလက်ထရွန်းနစ်မိတ္တူကို ထိန်းသိမ်း ထားပါ။

## ကျမ်းကိုးစာရင်း


Bwisp, Henry. (2018). *The basics of writing a statement of the problem for your research proposal*. Available at: https://www.editage.com/ insights/the-basics-of-writinga-statement-of-the-problem-for-your-research-proposal

Creative commons. *Writing Review Paper*. (2021). Available at: www.Facebook.com/AjiVoice

Dayarathna, Dushar. (2019). *The Research Process*. S Godage Publishers.

Fasih, Faisal. (2010) *An Introduction to Planning & Designing in Legal Research*. Available at https://ssrn.com/abstract=1600771 or http://dx.doi.org/10.2139/ssrn.1600771

International Play Association. (2021). *promoting the child rights to play*. Available at: https://ipaworld.org/childs-right-to-play/un-general-comment/what-is-a-un-general-comment-2/

Miner, Jeremy & Lynn Miner. (2005). *Models of Proposal Planning & Writing*. Praegar. Available at: https://monash.edu/rlo/graduate-research-writing/write-the-thesis/writing-a-research-proposal

Pajares, Frank. (2007). *The Elements of a Proposal*. Available at: https://www.uky.edu/~eushe2/Pajares/proposal.html

Refworld. *General Comments/recommendations*. (2021). Available at: www.refworld.org/type,GENERAL,HRC0.html

Ryan, Sarah. (2015). Teaching Empirical Legal Research Study Design: Topics & Resources. *Perspectives: Teaching Legal Research & Writing* 23(2): 152-157

Lin, Shwe. (2019). *Evidence based Research in Qualitative method*, Chicago/ Turabian Style (Author-date style and Footnote & Endnote style). 16th edition

Lin, Shwe. (2019). *Research Proposal Guide*

Singh, Rattan. (2013). *Legal Research Methodology*. Lexis-Nexis

The Public Library for Science. (2021). *How to write discussion and conclusion?* Available at: https://plos.org/resource/how-to-write-?Conclusions

The Writing Center. (2021). *how to Write a Research Question?* Available at: https://writingcenter.gmu.edu/guides/how-to-write-?a research-question?

United Nations Library. (2021). *what are general comment of the treaty human rights bodies?* Available at: https://ask.un.org/faq/135547

Verschuren, Piet & Hans Doorewaard (eds.). (2010). *Designing a Research Project*, 2nd Edition. Eleven International Publishing

# အခန်း (၂)

# သုတေသနကျင့်ဝတ်များ - လူသားများနှင့် သက်ဆိုင်သည့် သုတေသန ပြုရာတွင် ကျင့်သုံးရမည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အချက်အလက်များ

## နိဒါန်း

အရည်အသွေးအခြေပြု လူမှုရေးရာ ဥပဒေသုတေသနတွင် လူသားများကို လေ့လာခြင်း ပါဝင်နိုင်သည့် အတွက်ကြောင့် သုတေသနဒီဇိုင်းရေးဆွဲရာတွင် ကျင့်ဝတ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ကြိုတင်မျှော်မှန်းထားရန် လိုအပ်သည်။ သုတေသနလုပ်ဆောင်ချက်များတွင် သုတေသီများနှင့် သုတေသနတွင် ပါဝင်သူများ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ခြင်းက သုတေသနကျင့်ဝတ်များပင် ဖြစ်သည်။ ကျင့်ဝတ်ဆိုင်ရာ စံသတ်မှတ်ချက်များ၊ တန်ဖိုးများနှင့် အညီ သုတေသနကို လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။ သုတေသနကို စီစဉ် ဆောင်ရွက်မှုတွင် ပါဝင်သည့် သုတေသီများနှင့် အခြားသူများက အချက်အလက်များကို ကောက်ယူခြင်း မျှသာမဟုတ်ဘဲ သုတေသနလုပ်ငန်းစဉ်တွင် ပါဝင်သူ မည်သူမဆို၏ ဂုဏ်သိက္ခာ၊ အခွင့်အရေး၊ လုံခြုံရေးနှင့် ကောင်းကျိုးချမ်းသာကို မြှင့်တင်ပေးလိုအပ်ပါသည်။ ၎င်းအချက်က သုတေသန ကျင့်ဝတ်၏ အခြေခံမူများ ဖြစ်သည်။ မည်သူ့ကိုမျှ ထိခိုက်နစ်နာခြင်းမရှိစေရန် အတွက် လုပ်ငန်းစဉ်များကို ရေးဆွဲလိုက်နာရန် သုတေသီများတွင် တာဝန်ရှိသည်။ ထို့အပြင် သဘောတူညီမှုကို တရားဝင် အသေအချာရရှိပြီး လျှို့ဝှက်ချက်ကို ထိန်းသိမ်းရန်အတွက်လည်းကောင်း၊ သုတေသနလုပ်ငန်းတွင် ပါဝင်သည့် လူတိုင်း၏ အခွင့်အရေးနှင့် ကိုက်ညီအောင် တရားဥပဒေနှင့် လျော်ညီစွာ ဆောင်ရွက်ရန်အတွက်လည်းကောင်း လုပ်ငန်းစဉ်များကို ရေးဆွဲလိုက်နာ အကောင်အထည်ဖော်ရန် လိုအပ်ပါသည် (Dooly, Moore & Vallejo, 2017)။

လူသားများအား လေ့လာသည့် သုတေသနကို ဆောင်ရွက်ရာတွင် လူသားများ၏ ကောင်းကျိုးချမ်းသာနှင့် အသိပညာ မြှင့်တင်ရေးကိုသာမက လူသားသဘောသဘာဝကို နားလည်သဘောပေါက်စေရေးကိုလည်း ဦးတည် ဆောင်ရွက်သွားရမည်။ ဥပမာအားဖြင့် လူသားများခံစားရလျှက်ရှိသည့် ဘေးဒုက္ခများကို လျော့ပါးစေရမည်။ လူမှုရေး သို့မဟုတ် သိပ္ပံနည်းကျ သီအိုရီများကို အသက်ဝင်စေရမည်။ မသိနားမလည်မှုများကို ပပျောက်စေရမည်။ မူဝါဒကို ခွဲခြမ်းစိတ်ဖြာ လေ့လာသွားရပေလိမ့်မည်။ လူများ ပူးပေါင်းပါဝင်ရန်အလို့ငှာ ကြိုတင်အသိပေး သဘောဆန္ဒတောင်းခံခြင်းက သုတေသီ၏ အဓိကကျသည့် တာဝန်ဝတ္တရား ဖြစ်ပါသည်။ ထိုကဲ့သို့သော သုတေသနသည် လူတစ်ဦး၏ သဘောဆန္ဒအလျောက် ဆောင်ရွက်ခြင်းဖြစ်ပြီး သုတေသီများ၊ သုတေသနတွင် ပါဝင်သူများ၊ သီးခြား အုပ်စုများနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးရလဒ်များစွာ ရရှိပေမည် ဖြစ်သည် (Canterbury Christ Church University, 2018, p.1)။

## သုတေသနကျင့်ဝတ်

ကျင့်ဝတ်များက စည်းမျဉ်းများ သို့မဟုတ် မူဝါဒများကို သတ်မှတ်ပြဋ္ဌာန်းခြင်း မပြုပေ။ ကျင့်ဝတ်ပိုင်း လေ့လာဆန်းစစ်ချက်အတွက် ယေဘုယျ အခြေခံမူဘောင်က လက်ခံကျင့်သုံးလျှက်ရှိသည့် စံနှုန်းများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ တန်ဖိုးများကို ထင်ဟပ်သင့်ပါသည်။ သုတေသနတွင် ပါဝင်သူများက ပါဝင်ပူးပေါင်းခြင်း ပြုရန် သို့မဟုတ် မပြုရန်အတွက် ၎င်းတို့ကိုယ်တိုင် လွတ်လွတ် လပ်လပ် ဆုံးဖြတ်ခွင့်ကို သုတေသီများက ပေးရမည် ဖြစ်သည်။ ဤအချက်က ယေဘုယျအားဖြင့် သတ်မှတ်ထားသည့် အခြေခံမူဖြစ်ပါသည်။ ထို့နောက် အခြားသူများအတွက် ကောင်းကျိုးလုပ်ဆောင်ရန်နှင့် အခြားသူများအတွက် ဘေးဒုက္ခ မဖြစ်စေရန် အသိစိတ်ဖြင့် လေ့လာမှုကို မည်သို့ ဆောင်ရွက်မည်ကို သုတေသီများက ထည့်သွင်း စဉ်းစားရမည်။ သုတေသနကျင့်ဝတ်ကို သုတေသနတွင် ပါဝင်သူများအတွက် ကျင့်ဝတ်နှင့် ယေဘုယျကျသည့် ကျင့်ဝတ်များဟူ၍ ခွဲခြားနိုင်ပါသည်။ သုတေသနလုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် ပေါ်ပေါက်လာသည့် ကွဲပြားခြားနားသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို သုတေသီက ကြုံတွေ့ရမည် ဖြစ်ပြီး ထို့အတွက်လည်း သုတေသီက အဓိက တာဝန်ယူ ဖြေရှင်းပေးရမည် (Parveen & Showkat, 2017, pp.3-6)။

## သုတေသီ၏ တာဝန်ဝတ္တရားများ

သုတေသနလုပ်ငန်းဆောင်ရွက်စဉ်အတွင်း သုတေသီများတွင် တာဝန်ဝတ္တရားများ ရှိပါသည်။ လွတ်လပ် ပွင့်လင်း၍ ရှင်းလင်းသည့် သဘောတူညီချက်၊ လျှို့ဝှက်ချက်

ထိန်းသိမ်းခြင်းနှင့် ပုဂ္ဂလိကလွတ်လပ်ခွင့်ကို လေးစားခြင်းတို့နှင့် ပတ်သက်၍ သုတေသနတွင် ပါဝင်သူများအတွက် တာဝန်များ ပါဝင်ပါသည်။ ထို့အပြင် မည်သူ့ကိုမျှ မထိခိုက်စေခြင်း၊ သတင်းအချက်အလက်ကို စီမံခြင်း၊ ထိရှလွယ်အုပ်စုများအား ကာကွယ်ပေးခြင်းနှင့် ပညာရှင်အဖွဲ့အစည်းနှင့် အသိုက်အဝန်းများကို ကာကွယ်ပေးခြင်း တို့အတွက် တာဝန်လည်း ပါဝင်သည်။ တစ်ချက်ချင်းစီအား အောက်ပါအတိုင်း ခေါင်းစဉ်ခွဲ များဖြင့် ဆွေးနွေးထားပါသည်။

## သုတေသနတွင်ပါဝင်သူများအတွက် ပွင့်လင်းမြင်သာမှုရှိစေရေးဆိုင်ရာ တာဝန်

သုတေသနတွင် ပါဝင်သူများအတွက် လုံလောက်သည့် သုတေသနဆိုင်ရာ အချက်အလက် ပေးသည့် အလုပ်အား လွတ်လပ်ပွင့်လင်း၍ ရှင်းလင်းသည့် သဘောဆန္ဒ ရယူသည့် အလုပ်နှင့်အတူ ဒွန်တွဲ ဆောင်ရွက် သွားရမည်။ သုတေသန၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်ကို ပါဝင်သူများက အပြည့်အဝ နားလည် သဘောပေါက် စေရေးအတွက် သုတေသီက အသေအချာ ဆောင်ရွက်ရမည်။ ထို့အပြင် သုတေသနတွင် ပူးပေါင်း ပါဝင်ခြင်းဖြင့် သုတေသနတွင်ပါဝင်သူများက ကြုံတွေ့လာနိုင်ချေရှိသည့် အကျိုးဆက်များကိုလည်း ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်အောင်လည်း ဆောင်ရွက်ရမည် ဖြစ်သည် (Canterbury Christ Church University, 2018; The National Committee for Research Ethics in the Social Sciences and the Humanities [NESH], 2019)။ အများအားဖြင့် သုတေသနနယ်ပယ်၊ သုတေသန၏ ရည်ရွယ်ချက်၊ သုတေသနနှင့် ၎င်း၏တွေ့ရှိချက်များအား မည်သို့ အသုံးပြုမည်၊ သုတေသန ကုန်ကျစရိတ်အား မည်သို့ ကျခံမည်၊ သုတေသနတွင် ပါဝင်ခြင်းဖြင့် ကြုံတွေ့လာနိုင်ချေရှိသည့် အန္တရာယ်နှင့် နောက်ဆက်တွဲများနှင့် ပတ်သက်သည့် အချက်အလက်များ အနည်းဆုံး ပါဝင်ရမည်။ သုတေသနတွင် ပါဝင်သူများ၏ အသိပညာ အဆင့်အတန်း၊ ဓလေ့ထုံးတမ်းနောက်ခံ၊ အားနည်းချက်နှင့် ဘာသာစကားတို့အကြောင်း နက်နက်နဲနဲ ထည့်သွင်းစဉ်းစားထားသည့် အချက်အလက်များ ဖြစ်ရန် အရေးကြီးပါသည်။ အကယ်၍ လိုအပ်ပါက ဘာသာပြန်သူအား အသုံးပြုရမည် (NESH, 2019) ။

## လွတ်လပ်ပွင့်လင်း၍ ရှင်းလင်းတိကျသည့် သဘောဆန္ဒရယူသည့် တာဝန်

သုတေသနတွင် ပါဝင်သူများထံမှ သဘောဆန္ဒအလျှောက် သဘောတူညီချက် ပေးခြင်းက မရှိမဖြစ် အထူးပင် လိုအပ်ပါသည်။ သဘောဆန္ဒပေးရာတွင် ဖိအားပေးခြင်း၊ အယောင်ဆောင်ခြင်း၊ လိမ်လည်လှည့်ဖြား ထွက်ဆိုခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ကန့်သတ်ချုပ်ချယ်ခြင်း၊ အနိုင်အထက်ပြုကျင့်ခြင်း မပြုဘဲ သုတေသနတွင် ပါဝင်သူက လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ကို ကျင့်သုံးပိုင်ခွင့် ရှိရမည်။ အထူးအရေးကြီးသည်မှာ

သုတေသနတွင် ပါဝင်သူများက သုတေသနလုပ်ငန်းစဉ်မှ ကြိုက်သည့်အချိန်တွင် လွတ်လွတ်လပ်လပ် နှုတ်ထွက်နိုင်ကြောင်း ကြိုတင်အသိပေးထားရမည် (Canterbury Christ Church University, 2018)။ သုတေသနတွင် ၎င်းတို့၏ ပူးပေါင်းပါဝင်မှု အဓိပ္ပာယ်ကို သုတေသနတွင် ပါဝင်သူများကလည်း နားလည်သဘောပေါက်သင့်သည်။ ဆိုလိုသည်မှာ သုတေသန၏ ရည်ရွယ်ချက်ကိုသာမက သုတေသနတွင် ပါဝင်သူများအပေါ် ကျရောက်နိုင်သည့် သုတေသန၏ ကောင်းကျိုး ဆိုးပြစ်တို့ကိုလည်း ၎င်းတို့က နားလည်သဘောပေါက်ရန် လိုအပ်ပါသည် (Canterbury Christ Church University, 2018; NESH, 2019)။ အရွယ်မရောက်သေးသူများအတွက်မူ မိဘများ သို့မဟုတ် အုပ်ထိန်းသူထံမှ ခွင့်ပြုချက်ကို တောင်းခံရန် လိုအပ်သည် (NESH, 2019)။ အများပြည်သူ လက်လှမ်းမီ ရရှိနိုင်သည့် အချက်အလက်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များတွင် သဘောထားဆန္ဒလိုအပ်ချက်အတွက် ခြွင်းချက် ရှိနိုင်ပါသည်။ အချို့သုတေသနများတွင် သုတေသနတွင် ပါဝင်သူများထံမှ အချက်အလက်များ စုဆောင်းခြင်း အစား သုတေသနတွင် ပါဝင်သူများ၏ ပုဂ္ဂိုလ်ရေး အချက်အလက်များကို တတိယအဖွဲ့အစည်းများထံမှ ရရှိနိုင်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် ကုမ္ပဏီတို့၏ တရားဝင်ဝက်ဆိုက်များအပါအဝင် အများပြည်သူလက်လှမ်းမီ ရရှိနိုင်သည့် အရင်းအမြစ်များမှ အချက်အလက်များကို ရရှိနိုင်ပါသည်။ ဤအခြေအနေတွင် သုတေသီများက သုတေသနတွင် ပါဝင်သူများနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံခြင်းမပြုဘဲ ရရှိသည့် အချက်အလက်များက သဘောသဘာဝ အားဖြင့် သတိထားဆင်ခြင်ရန် မလိုအပ်ပေ (NESH, 2019)။ ထို့ကြောင့် သုတေသနမစတင်မီ ကြိုတင်အသိပေး သဘောဆန္ဒရယူရန် လိုအပ်ချက်က မပြီးစီးသေးသည့် တိုင်အောင် ပါဝင်သူများ၏ လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အား ထိပါးစေမည် မဟုတ်ပါ။ မည်သို့ပင် ဆိုစေကာမူ သုတေသနအချက်အလက်များက သုတေသနတွင် ပါဝင်သူများထံမှ လည်းကောင်း၊ အခြား အများသူငါ လက်လှမ်းမီရရှိနိုင်သည့် အရင်းအမြစ်များ သို့မဟုတ် တတိယအဖွဲ့အစည်းများထံမှ လည်းကောင်း တိုက်ရိုက် ရရှိသည် ဖြစ်စေ လျှို့ဝှက်ချက်ကို ထိန်းသိမ်းရမည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ တာဝန်ရှိကြောင်း သတိချပ်ရမည် ဖြစ်သည်(Canadian Institute of Health Research [CIHR], Natural Sciences and Engineering Research Council of Canada [NSERC] & Social Sciences and Humanities Research Council [SSHRC], 2018)။

## လျှို့ဝှက်ချက်ထိန်းသိမ်းရမည့် တာဝန်

လျှို့ဝှက်ချက် ထိန်းသိမ်းခြင်းဆိုသည်မှာ သုတေသီများနှင့် သုတေသနတွင် ပါဝင်သူများအကြား ဆက်ဆံရေးအခြေခံအုတ်မြစ် ဖြစ်ပြီး အခြေခံကျသည့် စည်းမျဉ်းလည်း

ဖြစ်သည်။ သုတေသနတွင်ပါဝင်သူများနှင့် ပတ်သက်သည့် အချက်အလက်များကို ခွင့်ပြုချက်မရဘဲ ထုတ်ပြန်အသိပေးခြင်းကို ကာကွယ်ရန် လိုအပ်သည်။ သုတေသန အချက်အလက်များ အသုံးပြုခြင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွင်းရေးများအပေါ် ကန့်သတ်ချက်များ၊ လျှို့ဝှက်ထားရမည့် တာဝန်များအား သုတေသီများကို သင့်လျော်သလို အသိပေး ထားရသည်။ မှတ်တမ်းမှတ်ရာများနှင့် အရေးကြီးသည့် အချက်အလက်များအား သုတေသီများက လျှို့ဝှက်စွာ သိမ်းဆည်းထားရမည် ဖြစ်ပြီး နမော်နမဲ့ဖြစ်ခြင်းနှင့် ပေါ့ဆခြင်းတို့ကို ရှောင်ကြဉ်ရမည်။ အချက်အလက်များအား အများပြည်သူသို့ အသိပေးခြင်းက သုတေသနတွင် ပါဝင်သူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ရပ်ရွာဆွေမျိုးများအား ဆိုးကျိုး ဖြစ်ပေါ်စေနိုင်ခြင်းကြောင့် သုတေသနတွင် ပါဝင်သူများအကြောင်းအရာ အချက်အလက်များအား အသိပေးခြင်းမပြုရမည့် တာဝန်ကို လိုက်နာရန် လိုအပ်သည်။ ထို့ကြောင့် ပုဂ္ဂိုလ်ရေး အချက်အလက်အားလုံးအား ကာကွယ်ရမည် ဖြစ်ပြီး သုတေသနတွင် ပါဝင်သူများ၏ အချက်အလက်များကို မျှဝေခြင်းမပြုမီ ၎င်းတို့ထံမှ ခွင့်ပြုချက် တောင်းခံရမည် ဖြစ်သည်။

သုတေသနလုပ်ငန်းတွင် လျှို့ဝှက် သို့မဟုတ် လုံလုံခြုံခြုံထားရှိရမည့် အချက်အလက်များအား အသုံးပြုသူ သုတေသီများက ၎င်းအချက်အလက်များကို ကိုင်တွယ်အသုံးပြုရာတွင် ဂရုစိုက်ရမည် ဖြစ်သည်။ လျှို့ဝှက် ထားရမည့် အချက်အလက်များတွင် သိုသိုသိပ်သိပ် ကျင့်သုံးသည့် ဘာသာရေး သို့မဟုတ် ဓလေ့ထုံးတမ်းဆိုင်ရာ အလေ့အကျင့်များ၊ မည်သူမည်ဝါမှန်း သိရှိနိုင်သည့် ဆေးပညာ/ကျန်းမာရေး အချက်အလက်များနှင့် ပုဂ္ဂိုလ်ရေး အချက်အလက်များ၊ အမျိုးသားလုံခြုံရေး အချက်အလက်များနှင့် ရဲစစ်တမ်းများ ပါဝင်သည်။ အချက်အလက်နှင့် ဒေတာများ မျှဝေရာတွင်သာမက အချက်အလက်စီမံခန့်ခွဲသည့် အစီအစဉ်တွင် မှတ်တမ်းတင်ရာတွင်ပါ သိမ်းဆည်းခြင်း၊ အကန့်အသတ်ဖြင့် ရယူခွင့် ပေးခြင်း၊ နေရာချထားခြင်းတို့တွင် သင့်လျော်သည့် လုံခြုံရေးနှင့် လျှို့ဝှက်ချက် အသေအချာ ထားရှိရမည် ဖြစ်သည် (Australian Research Council and Universities Australia, 2019)။

## ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက်ကို လေးစားရမည့် တာဝန်

သုသေသန လုပ်ငန်းတွင် ပါဝင်သူတစ်ဦးအား အခြားသူများက ဝင်ရောက်နှောင့်ယှက်ခြင်းနှင့် သိရှိစေခြင်းတို့မှ ကာကွယ်ခွင့်ကို သုတေသနတွင် ပါဝင်သူတိုင်း ရရှိစေရမည်။ ဤအချက်က ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက်ကို လေးစားခြင်းဟု အဓိပ္ပာယ် သက်ရောက်ပါသည် (CIHR, NSERC & SSHRC, 2018,p.57)။ သုတေသနတွင် ပါဝင်သူများ၏ စိတ်ခံစားမှုပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက်ကို လေးစားခြင်းက

အခြေခံကျပါသည်။ အလားတူပင် ၎င်းတို့၏ ခန္ဓာကိုယ်၊ ပုဂ္ဂိုလ်ရေး အချက်အလက်များ၊ လိင်ဖြစ်တည်မှု၊ ဓလေ့ထုံးတမ်းနှင့် ဘာသာရေး ယုံကြည်ချက်များ၊ နိုင်ငံရေး သဘောထား၊ ပုဂ္ဂလိက ဆက်ဆံရေးများ၊ အခြားသူများနှင့် ပြောဆိုဆက်ဆံမှု၊ ကိုယ်ရေးကိုယ်တာဝန်းကျင်နှင့် အလုပ်အကိုင်စသည်ကဲ့သို့ အချက်အလက်များနှင့် သက်ဆိုင်သည် (CIHR, NSERC & SSHRC, 2018, p.58)။ သုတေသနလုပ်ငန်းနှင့် မသက်ဆိုင်သည့် အတွင်းရေးကိစ္စဆိုင်ရာ မေးခွန်းများ မေးမြန်းခြင်းကိုလည်း သုတေသီက ရှောင်ရှားရန် အရေးကြီးပါသည် (NESH, 2019)။ သုတေသနတွင် ပါဝင်သူများအား သုတေသီများက ဖိအားမပေးသင့်ပါ။ မျှဝေလိုသည့် သို့မဟုတ် လျှို့ဝှက်ထားလိုသည့် အချက်အလက်များနှင့် ပတ်သက်၍ အချိန်၊ နေရာ၊ ပမာဏတို့အတွက် သုတေသနတွင်ပါဝင်သူများတွင် ကိုယ်ပိုင်ဆုံးဖြတ် ပိုင်ခွင့် ရှိပါသည် (Canterbury Christ Church University, 2018)။ ပုဂ္ဂလိက ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက်၊ ကိုယ်ရေးကိုယ်တာအချက်အလက်များအား အကျိုးသင့်အကြောင်းသင့် အသုံးပြုခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို သုတေသနတွင် သတိကြီးကြီးထား စဉ်းစားထည့်သွင်းရန်အတွက် သုတေသီများက အသေအချာ ဆောင်ရွက်ရမည်(NESH, 2019)။ အကယ်၍ လိုအပ်ပါက ကောက်ယူထားသည့် အချက်အလက်များအား အမည် မဖော်ပြဘဲ သိမ်းဆည်းရမည် (CIHR, NSERC & SSHRC, 2018, p.59)။ ကောက်ယူထားသည့် အချက်အလက်များက မည်သူမည်ဝါဟု ဖော်ထုတ်နိုင်ပါက အခြားသုတေသနလုပ်ငန်းအတွက် အချက်အလက်များအား ပြန်လည်အသုံးပြုခြင်းကို တားမြစ်ရန် သုတေသီတွင် တာဝန်ရှိပါသည် (NESH, 2019,p.10).။

## သုတေသနတွင် ပါဝင်သူများအတွက် ဘေးဒုက္ခမဖြစ်စေရေး တာဝန်

သိပ္ပံဆိုင်ရာ သုတေသနက လူ့အဖွဲ့အစည်း ကောင်းကျိုးအတွက် ရည်ရွယ်ပါက သုတေသနနှင့် နည်းစနစ်အပေါ် မူတည်၍ သုတေသနတွင် ပါဝင်သူများအတွက် ကာယဒုက္ခနှင့် စိတ်သောက ကြုံတွေ့ နိုင်ချေရှိပါသည်။ ဘေးဒုက္ခဆိုသည်မှာ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ကြုံတွေ့နိုင်ပြီး အချို့ကိစ္စရပ်များတွင် ကာလကြာရှည် နောက်ဆက်တွဲဆိုးကျိုးများ ရှိနိုင်ပေသည် (Ulrich, 2017)။ ဆေးပညာနှင့် သဘာဝသိပ္ပံ သုတေသနများကဲ့သို့ လက်တွေ့စမ်းသပ်ချက် မပါရှိခြင်းကြောင့် လူ့အခွင့်အရေး သုတေသနသည် ကာယဒုက္ခတိုက်ရိုက် ကြုံတွေ့နိုင်ချေ နည်းပါးသည် (NESH, 2019,p.12; Ulrich, 2017)။ သို့သော် အခွင့်အရေးများ ချိုးဖောက်ခံရသည့် လူတစ်ဦးချင်း သို့မဟုတ် လူအစုအဖွဲ့များနှင့် စုံစမ်းစစ်ဆေးမှုနှင့် အင်တာဗျူးများ မေးမြန်းခြင်း ပါဝင်လေ့ ရှိခြင်းကြောင့် စိတ်သောက တိုက်ရိုက် ဖြစ်ပေါ်လာနိုင်သည်။ အင်တာဗျူးမေးမြန်းခြင်းနှင့် စုံစမ်းခြင်းများ ပြုလုပ်ပါက သုတေသနတွင် ပါဝင်သူများက ၎င်းတို့ စိတ်ဒဏ်ရာရစေသည့် ကိုယ်ရေးကိုယ်တာ

အတွေ့အကြုံများကို ထပ်ခါပြောပြရပေမည်။ သို့တည်းမဟုတ် ၎င်းတို့ တွေ့ကြုံခဲ့ရသည်များ အနက် အခြားအကြောင်း အရာများကို ဆန္ဒမရှိဘဲ ပြန်လည်တွေးတော ရပေလိမ့်မည် (Ulrich, 2017, p. 200)။ ထို့ကြောင့် သုတေသနတွင် ပါဝင်နေစဉ် ၎င်းတို့သည် ရှက်ရွံ့ခြင်း၊ စိတ်ပင်ပန်းခြင်း၊ စိတ်အနှောက်အယှက်ဖြစ်ခြင်း စသည့် အခြေအနေများ ကြုံတွေ့နိုင်ပေသည် (Ulrich, 2017, p. 200)။

ပဋိပက္ခ သို့မဟုတ် အစိုးရဖိနှိပ်မှု ကြုံတွေ့ရသည့် ဒေသများတွင် လူ့အခွင့်အရေး လှုပ်ရှားမှုများကို အာဏာပိုင်များအတွက် အကျိုးထိခိုက်နိုင်မှုများအဖြစ် ရှုမြင်ကြသည် (Ulrich, 2017, p. 199)။ ထိုသို့ အနေအထားတွင် သုတေသနတွင် ပါဝင်သူများထံမှ ကောက်ယူခဲ့သည့် သုတေသန အချက်အလက်များအား လျှို့ဝှက်စွာ ထားရှိခြင်းဖြင့် သုတေသနတွင် ပါဝင်သူ များ၏ လုံခြုံရေးကို ကာကွယ်ရန် သုတေသီများတွင် တာဝန် ကြီးကြီးမားမား ရှိပါသည် (Ulrich, 2017, pp. 199-200) ။ ဤအချက်ကြောင့် သုတေသနလုပ်ငန်း၏ အဆင့်တိုင်းတွင် ကျင့်ဝတ်ပိုင်း စံနှုန်းသတ်မှတ်ချက်များကို သုတေသီက လိုက်နာရန် တာဝန်ရှိပါသည်။ အချို့ ကိစ္စရပ်များတွင် သုတေသနပြီးဆုံးသွားသည့်တိုင်အောင် သုတေသန ကျင့်ဝတ်ပိုင်း တာဝန်ယူမှုက အချိန် အတော်ကြာ ထားရှိရသည်။ အကြောင်းမှာ သုတေသနတစ်ခု၏ အချက်အလက်များအား အခြား ဆက်စပ်သုတေသနတွင် ပြန်လည်အသုံးပြုနိုင်ချေ ရှိခြင်းကြောင့် ဖြစ်ပါသည် (CIHR, NSERC & SSHRC, 2018, p.64)။

## ထိခိုက်ခံစားလွယ်လူအုပ်စုများ

ထိခိုက်ခံစားလွယ်သည့် လူတစ်ဦးချင်းအနေဖြင့် သက်ကြီးရွယ်အိုများ၊ လူနာများ၊ စိတ်ကျန်းမာရေး ချို့ယွင်းသူများနှင့် ကလေးသူငယ်များ ပါဝင်သည် (Canterbury Christ Church University, 2018)။ လူမျိုး၊ လူမျိုးစု၊ ဌာနေတိုင်းရင်းသားဖြစ်မှု၊ နိုင်ငံသားဖြစ်မှု၊ ကျားမကွဲပြားမှု၊ ဘာသာစကား သို့မဟုတ် လိင်ဖြစ်တည်မှုစသည့် အချက်များအပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်း ခံရသည့် အုပ်စုများလည်း ပါဝင်နိုင်သည်။ ၎င်းတို့သည် သုတေသနတွင် ပါဝင်သည့်အခါတွင် ယေဘုယျအားဖြင့် ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ် နိုင်စွမ်းမရှိကြပေ။ ၎င်းတို့ကိုယ်၌က အများပြည်သူများနှင့် မလိုလားအပ်ဘဲ ထိတွေ့ခြင်းမပြုလိုသည့်အတွက်ကြောင့် အဆိုပါအုပ်စုများက သုတေသနပြုခံရသည့် အကြောင်းအရာ မဖြစ်လိုကြပေ (NESH, 2019, p.21)။ သုတေသနဆောင်ရွက်ရာတွင် အလွဲသုံးစားပြုကျင့်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းနှင့် အမြတ်ထုတ်ခံရခြင်းတို့ မရှိစေရေးအတွက် ၎င်းတို့သည် အကာအကွယ်ရပိုင်ခွင့် ရှိသည် (Canterbury Christ Church University, 2018)။ သုတေသနတွင် ထိုကဲ့သို့ လူအုပ်စုများနှင့်

ဆက်ဆံပြောဆိုခြင်း ပါဝင်ပါက ၎င်းတို့ထံမှ သဘောတူညီချက် သို့မဟုတ် အချက်အလက်များ ရယူရာတွင် အသုံးပြုသည့် သာမန် လုပ်ထုံးလုပ်နည်းက သုတေသီအတွက် ကျင့်ဝတ်ပိုင်းအရ လုံလောက်မှု မရှိပေ (NESH,2019,p.21)။ ထို့ကြောင့် ၎င်းတို့နှင့် သုတေသနအချက်အလက်များ ပြောဆို ဆက်သွယ်ရာတွင် လည်းကောင်း၊ ၎င်းတို့ထံမှ သဘောဆန္ဒ တောင်းခံရာတွင် လည်းကောင်း ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် သုတေသီအနေဖြင့် အထူး လုပ်ထုံးလုပ်နည်းများကို အသုံးပြုရန် လိုအပ်သည် (Canterbury Christ Church University, 20182)။

## စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် အချက်အလက်စီမံခန့်ခွဲမှု

အချက်အလက်နှင့် ဒေတာများ စီမံခန့်ခွဲရာတွင် သုတေသီက လိုက်နာစောင့်ထိန်းရမည် ဖြစ်သည်။ သုတေသနလုပ်ငန်းစဉ်တွင် စောနိုင်သမျှ စောလျှင်စွာ အချက်အလက်စီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲထားသင့်ပြီး သုတေသနလုပ်ငန်းအစကတည်းကပင် ရှင်းရှင်းလင်းလင်း ရေးဆွဲထားရမည်။ အချက်အလက်များ လုံခြုံစွာ ထိန်းသိမ်းသည့် အလေ့အကျင့်များကို အချက်အလက်စီမံခန့်ခွဲမှု အစီအစဉ်တွင် ထည့်သွင်းထားရမည်။ သုတေသန အချက်အလက် များတွင် လွတ်လပ်စွာ အချက်အလက်ရယူပိုင်ခွင့် တောင်းဆိုချက်များ တည့်သွင်း နိုင်သည်။ ထို့အပြင် ထုတ်ပြန်လိုက်သည့် မည်သည့် အချက်အလက်ကိုမဆို နားလည်သဘောပေါက် လွယ်သည့် ပုံစံနှင့် အနေအထားတို့ဖြင့် ဖော်ပြရပေ လိမ့်မည် (Australian Research Council and Universities Australia, 2019, pp.4-6)။

## ပညာရှင် အသိုက်အဝန်းနှင့် အဖွဲ့အစည်းအတွက် ရေးရှုသည့် တာဝန်ယူမှု

သုတေသီများက ၎င်းတို့၏ ပညာရှင်အသိုက်အဝန်းအတွက် ရေးရှုထားသည့် ကျင့်ဝတ်ပိုင်းတာဝန်ယူမှု ရှိရန်လည်း ဝတ္တရားရှိသည်။ သုတေသီများက ကောင်းမွန်သည့် သိပ္ပံနည်းကျအလေ့အကျင့်နှင့် အညီ သုတေသနကို အမြဲတစေ ဆောင်ရွက်ရမည် (Ulrich, 2017, p.213)။ အသိပညာနှင့် နားလည်သဘောပေါက်မှုကို မြှင့်တင်ခြင်းဖြင့် လူ့အဖွဲ့အစည်း ကောင်းကျိုးကို သုတေသနက ဖြည့်ဆည်းပေးရမည် (Canterbury Christ Church University, 2018)။ ပညာရပ်ဆိုင်ရာ လွတ်လပ်ခွင့်က သုတေသီများအတွက် အရေးပါသည်။ သို့မှသာ ၎င်းတို့က လွတ်လွတ်လပ်လပ် စူးစမ်းလေ့လာနိုင်ကြပြီး သုတေသန တွေ့ရှိချက်များအား ဖြန့်ဝေနိုင်ကြမည် ဖြစ်သည် (Canterbury Christ Church University, 2018; NESH, 2019)။ တပြိုင်တည်းမှာပင် သုတေသီများက ၎င်းတို့၏ သုတေသနကို ရိုးသားမှု၊ ဂုဏ်သိက္ခာ၊ မျှတမှု၊ တာဝန်ယူမှုတာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ဖြင့် ဆောင်ရွက်ရန် တာဝန်ရှိပါသည် (Nolan

Committee, 2014)။ တက္ကသိုလ်များနှင့် သုတေသန အဖွဲ့အစည်းများက ၎င်းတို့၏ ကျောင်းသားများနှင့် သုတေသီများအား ကျင့်ဝတ် သိက္ခာစံနှုန်းဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ထားပေးရန် တာဝန်ရှိပါသည် (NESH, 2019)။

## စာပေအသိဉာဏ်ကူးယူခိုးချမှု

စာပေအသိဉာဏ်ကူးယူခိုးချခြင်းကို ရှောင်ကြဉ်ခြင်းက အခြေခံကျသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ထည့်သွင်း စဉ်းစားချက် ဖြစ်ပြီး သုတေသီကောင်းတစ်ဦး၏ သိပ္ပံဆိုင်ရာ အလေ့အထကောင်း တစ်ရပ်လည်း ဖြစ်သည် (Ulrich, 2017, p.213)။ "သင့်သုတေသနတွင် အပြည့်အဝ အသိအမှတ်ပြု ထည့်သွင်းခြင်းမပြုဘဲ အခြားသူများ၏ သုတေသန သို့မဟုတ် အယူအဆများကို ၎င်းတို့၏ သဘောတူညီချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက် မရရှိဘဲသော် လည်းကောင်း သင့်ကိုယ်ပိုင် သုတေသနတွင် တင်ပြခြင်း" သည် စာပေအသိဉာဏ် ကူးယူခိုးချမှု ဖြစ်သည် (University of Oxford, 2022)။ မှန်ကန်မှု၊ ကိုယ်ပိုင်ဟန်၊ နှိမ်ချမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းကြောင့် သိပ္ပံသုတေသန၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့်အတွက် ဆိုးဝါးသည့် ပညာရပ်ဆိုင်ရာ တလွဲအသုံးပြုမှု ကိစ္စရပ် ဖြစ်ပါသည် (NESH, 2019)။ စာပေအသိဉာဏ် ကူးယူခိုးချမှုသည် သုတေသီနှင့် သုတေသနအဖွဲ့အစည်း၏ ဂုဏ်သတင်းကို သာမက သုတေသန၏ အများယုံကြည် လက်ခံနိုင်မှုကိုပါ ပျက်စီးစေသည့်အတွက်(NESH, 2019) ၎င်းကို တားမြစ်ရန်အလို့ငှာ ကမ္ဘာတစ်ဝှမ်းရှိ တက္ကသိုလ်များက ကျောင်းသားများနှင့် သုတေသီများအတွက် ရည်ညွှန်းကိုးကားရမည့် လမ်းညွှန်ချက်များကို ရေးဆွဲ ထုတ်ပြန်ကြသည်။ စကားပြေပြန်ဆိုခြင်း၊ အကိုးအကားဖော်ပြခြင်းနှင့် အခြားသူများ၏ သုတေသနအား သင့်လျော်သည့် လေးစားမှုဖြင့် မှတ်တမ်းတင်ခြင်းကဲ့သို့ ရည်ညွှန်းကိုးကားချက် အလေ့အကျင့်ကောင်းများကို လိုက်နာကာ သုတေသီများနှင့် ကျောင်းသားများက စာပေအသိဉာဏ် ကူးယူခိုးချမှုကို ရှောင်ကြဉ်နိုင်ကြသည် (Arizona State University, 2022)။

## သုံးသပ်ချက်

လူသားများကိုလေ့လာသည့် သုတေသနဆောင်ရွက်ရာတွင် သုတေသနတွင် ပါဝင်သူများ၊ သက်ဆိုင်သည့် ပညာရှင် အသိုက်အဝန်းနှင့် အမြင့်မားဆုံးအနေဖြင့် လူ့အဖွဲ့အစည်းအတွက် ရှေးရှုကာ ကျင့်ဝတ်ပိုင်း တာဝန်ယူမှု ရှိရမည်။ လူသားများနှင့် ပတ်သက်သည့် သုတေသနတွင် သုတေသန နည်းစနစ်များနှင့် ဆောင်ရွက်သည့် သုတေသန နယ်ပယ်အပေါ် မူတည်၍ သုတေသနတွင် ပါဝင်သူများအတွက် တိုက်ရိုက်သာမက သွယ်ဝိုက်၍လည်း ဒုက္ခကြုံတွေ့နိုင်ချေရှိသည်။ ထို့ကြောင့် သုတေသီများကိုယ်တိုင်သာမက

သုတေသနတွင် ပါဝင်သူများအတွက်ပါ ဘေးဒုက္ခမကြုံတွေ့စေရန်အတွက် သုတေသနလုပ်ငန်း၏ အဆင့်တိုင်းတွင် သုတေသီများက ကျင့်ဝတ်ပိုင်း စံသတ်မှတ်ချက်များကို ကိုင်စွဲသွားရန် လိုအပ်ပါသည်။

## ကျမ်းကိုးစာရင်း


Arizona State University. (2022). 'ASU Library Guide: Citation Style'. Available at: https://libguides.asu.edu/citing/AcadIntegrity.

Australia Research Council and Universities Australia. (2019). 'Management of Data and Information Research: A Guide Supporting the Australian Code for the Responsible Conduct of Research', *National Health and Medical Research Council.* Available at: https://www.nhmrc.gov.au/sites/default/files/documents/attachments/Management-of-Data-and-Information-in-Research.pdf.

Canadian Institute of Health Research, Natural Sciences and Engineering Research Council of Canada & Social Sciences and Humanities Research Council. (2018). 'Tri-Council Policy Statement: Ethical Conduct for Research Involving Humans. *Government of Canada.* Available at: https://ethics.gc.ca/eng/documents/tcps2-2018-en-interactive-final.pdf.

Canterbury Christ Church University. (2018). 'An Introduction to Ethics Issues and Principles in Research Involving Human Participants'. Available at: https://www.canterbury.ac.uk/asset-library/research/ Governance-and-Ethics/introduction-to-ethics.pdf.

Dooly, Melinda; Moore, Emilee; & Vallejo, Claudia. (2017). 'Research Ethics', in Moore, Emilee & Dooly, Melinda eds, *Qualitative Approaches to Research on Plurilingual Education* 351-352. https://research-publishing.net/publication/chapters/978-1-908416-47-6/634.pdf.

National Committee for Research Ethics in the Social Sciences and the Humanities (NESH). (2019). 'Guidelines for Research Ethics in the Social Sciences, Humanities, Law and Theology', The Norwegian National Research Ethics Committees. Available at: https://www.forskningsetikk.no/en/guidelines/social-sciences-humanities-law-

and-theology/guidelines-for-research-ethics-in-the-social-sciences-humanities-law-and-theology/.

Parveen, Huma & Showkat, Nayeem. (2017). *Research Ethics*. 3-6, https://www.researchgate.net/publication/318912804_Research_Ethics.

Ulrich, George. (2017). *Research Ethics for Human Rights Researchers*. in B. A. Andreassen & H. O. Sano & S. M. Lankford eds., Research Methods in Human Rights: A Handbook. 192-221.

University of Oxford. (2022). 'Oxford Students; Plagiarism', University of Oxford. Available at: https://www.ox.ac.uk/students/academic/guidance/skills/plagiarism.

## နောက်ဆက်တွဲ - စာဖြင့်ရေးသားထားသည့် သဘောဆန္ဒတောင်းခံလွှာနမူနာပုံစံ

### သုတေသနခေါင်းစဉ်

### အဓိကလေ့လာသူ

အမည် -

ဌာန -

နေရပ်လိပ်စာ -

တယ်လီဖုန်း -

အီးမေးလ် -

### သုတေသန၏ ရည်ရွယ်ချက်

သုတေသနလေ့လာမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သင့်အား မေးမြန်းသွားမည်ဖြစ်ပါသည်။ ဤလေ့လာမှုတွင် ပါဝင်ရန် မဆုံးဖြတ်မီ သုတေသနအား မည်သည့်အတွက်ကြောင့် ပြုလုပ်ရသည်နှင့် သုတေသနတွင် မည်သည့်အချက်များ ပါဝင်သည်တို့ကို သင်နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ အောက်ပါ အချက်အလက်များကို ဂရုတစိုက် ဖတ်ရှုပါ။ အကယ်၍ သင်က အချက်အလက်များ ပိုမို သိရှိလိုပါက လည်းကောင်း၊ မရှင်းလင်းသည့် အချက်များရှိပါက လည်းကောင်း သုတေသီကို ကျေးဇူးပြု၍ မေးမြန်းပါ။

(သင့်သုတေသန၏ ရည်ရွယ်ချက်ကို အကြမ်းဖျင်း ဖော်ပြပါ)

### လျှို့ဝှက်ချက်

သုတေသနပြီးဆုံးသည်အထိ ပါဝင်သူများ၏ အချက်အလက်များကို လျှို့ဝှက်ထားမည်ဖြစ်ပြီး လုံးဝပြီးစီးပါက ၎င်းတို့အား ဖျက်ဆီးသွားမည် ဖြစ်သည်။ သုတေသီက ကောက်ယူထားသည့် အချက်အလက် အားလုံးကို ဤလေ့လာမှုနယ်ပယ် ပြင်ပတွင် အသုံးပြုမည် မဟုတ်ပါ။ ဖြေဆိုသူများအနေဖြင့် စာတမ်းတွင် ၎င်းတို့၏ အမည်ရင်း သို့မဟုတ် အမှတ်ဝှက်များကို အသုံးပြုလိုသည် သို့မဟုတ် အသုံး မပြုလိုသည်ကို ဆုံးဖြတ်နိုင်သည်။

## သဘောတူညီချက်

ဖော်ပြထားသည့် အချက်အလက်များအား ကျွန်ုပ်ဖတ်ရှုပြီးနောက် မေးခွန်းများ မေးမြန်းနိုင်သည့် အခွင့်အရေးရှိကြောင်း နားလည်သဘောပေါက်ပါသည်။ ကျွန်ုပ်သည် သဘောဆန္ဒအလျှောက် ပူးပေါင်းပါဝင်ခြင်း ဖြစ်ပြီး အချက်အလက်များအား ဤသုတေသန၏ ရည်ရွယ်ချက်အတွက် အပြည့်အဝအသုံးပြုမည်ကိုလည်း နားလည်သဘောပေါက်ပါသည်။ ဤသဘောတူညီချက်ပုံစံ မိတ္တူတစ်စောင်ကို ကျွန်ုပ်ကို ပေးမည်ကိုလည်း နားလည်သဘောပေါက်သည်။ ဤသုတေသနတွင် ပါဝင်ရန် မိမိသဘောဆန္ဒအလျှောက် ကျွန်ုပ် သဘောတူပါသည်။ (မိတ္တူတစ်စောင်ကို သုတေသနတွင် ပါဝင်သူအတွက်ပေးရမည် ဖြစ်ပြီး မိတ္တူတစ်စောင်ကို သုတေသီအတွက် ပေးရမည်)

သုတေသနတွင် ပါဝင်သူ၏ လက်မှတ် ________________ ရက်စွဲ ___________

မေးမြန်းသူ၏လက်မှတ် _________________ ရက်စွဲ ___________

## မြန်မာသုတေသီများအတွက် အကြံပြုချက်များ

- အချက်အလက်ကောက်ယူရုံမျှသာ မလုပ်ပါနှင့်။ သုတေသနလုပ်ငန်းသည် သုတေသီများနှင့် သုတေသနတွင် ပါဝင်သူများ၏ အခွင့်အရေးများကိုလည်း မြှင့်တင်ပေးပြီး ၎င်းတို့အတွက် ဘေးဒုက္ခများ ကိုလည်း ကာကွယ်ပေးရမည်။ သုတေသနလုပ်ငန်းနှင့် မသက်ဆိုင်သည့် မေးခွန်းများ မေးမြန်းခြင်းကို ရှောင်ကြဉ်ပါ။
- ကျင့်ဝတ်များက တသီးတသန့် ချမှတ်ထားသည့် စည်းမျဉ်းများ သို့မဟုတ် မူဝါဒများထက် ပိုပါသည်။ ဘေးဒုက္ခမဖြစ်စေရန်အလို့ငှာ သတ်မှတ်ထားသည့် စံနှုန်းများနှင့် တန်ဖိုးများ ဖြစ်ကြသည်။
- ထိခိုက်ခံစားလွယ်သည့် လူအုပ်စုများကို အထူးအလေးထားရမည်ဖြစ်ပြီး ၎င်းတို့၏ လုံခြုံရေးကို ထပ်မံကာကွယ်ပေးနိုင်မည့် အထူးလုပ်ငန်းစဉ်များကို ဂရုတစိုက် အသုံးပြုပါ။ အရွယ်မရောက်သေးသူများအတွက်မူ မိဘများ သို့မဟုတ် အုပ်ထိန်းသူများထံမှ ခွင့်ပြုချက် တောင်းခံပါ။
- သုတေသနတွင် ပါဝင်သူများက သုတေသန၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်ကို အပြည့်အဝ နားလည်သဘောပေါက်ရန် လိုအပ်သည်။ ထို့အပြင် သုတေသနတွင် ပါဝင်ခြင်းကြောင့် ကြုံတွေ့လာမည့် ဘေးအန္တရာယ်နှင့် နောက်ဆက်တွဲအကျိုးများ ကိုလည်း နားလည်ရန် လိုအပ်သည်။
- ကိုယ်ရေးကိုယ်တာအချက်အလက် အားလုံးကို ကာကွယ်ပေးရမည်။ လျှို့ဝှက်ချက်ကို ဆက်လက် ထိန်းသိမ်းထားရမည်ဖြစ်ပြီး သုတေသနတွင်ပါဝင်သူများ၏ အချက်အလက်များအား မျှဝေခြင်း မပြုမီ ၎င်းတို့ထံမှ ခွင့်ပြုချက် တောင်းခံပါ။
- သုတေသနက လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးဖြစ်ထွန်းစေရမည်။
- စာပေအသိဉာဏ်ကူးယူခိုးချခြင်းကို ရှောင်ကြဉ်ပါ။

# အခန်း (၃)

# အရည်အသွေးအခြေပြုနည်းလမ်းများ - အင်တာဗျူးဒီဇိုင်း၊ အင်တာဗျူး မေးခွန်းများ ပြုစုရေးသားခြင်းနှင့် အင်တာဗျူး မေးမြန်းခြင်းအတွက် အခြေခံအချက်များ

## ၁။ အရည်အသွေးအခြေပြု သုတေသန၏ ထူးခြားသောလက္ခဏာရပ်များ

အချက်အလက်များအား ကောက်ယူ၍ လေ့လာဆန်းစစ်ရာတွင် ရေတွက်တိုင်းတာခြင်းထက် စကားလုံးများအပေါ် အလေးပေးထားသည့် သုတေသနနည်းလမ်းသည် အရည်အသွေးအခြေပြုသုတေသန ဖြစ်ပါသည်။ အရည်အသွေးအခြေပြုသုတေသနသည် အရည်အသွေးအခြေပြုဖြစ်ရပ်နှင့် သက်ဆိုင်ပါသည်။ ဆိုလိုသည်မှာ အရည်အသွေး သို့မဟုတ် အမျိုးအစားတို့နှင့် ဆက်စပ်ပါသည်။ ထိုကဲ့သို့ သုတေသနအမျိုးအစားမှာ သာမန်အားဖြင့် ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်အမျိုးအစားဖြစ်ကြပြီး လေ့လာဆန်းစစ်ရာတွင် အရေအတွက်အခြေပြု အချက်အလက်များထက် ပိုမို ခက်ခဲပါသည်။ အရည်အသွေးအခြေပြု သုတေသနတွင် ကိန်းဂဏန်းမဟုတ်သည့် အချက်အလက်များအား အသေးစိတ်လေ့လာဆန်းစစ်ခြင်း ပါဝင်သည် (Mishra & Alok, 2017, p.3)။ အင်တာဗျူးမေးမြန်းခြင်းဆိုသည်မှာ ကိန်းဂဏန်း မဟုတ်သည့် အချက်အလက်များ ကောက်ယူစုဆောင်းသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ စာအုပ်စာတမ်းများအား လေ့လာဆန်းစစ်ခြင်းနှင့် ပါဝင်သူများအား ဆန်းစစ်လေ့လာသည့် နည်းလမ်းများကဲ့သို့ အရည်အသွေးအခြေပြုအရင်းအမြစ်များကို အင်တာဗျူးများက ထပ်မံဖြည့်စွက်နိုင်ပါသည်။ ဤအခန်းက အင်တာဗျူးနည်းလမ်းများအပေါ် အသားပေး ဖော်ပြထားသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းအင်တာဗျူး နည်းလမ်းများက (၁) အသုံးများသည့် သုတေသနနည်းစနစ်တစ်ခုဖြစ်ပြီး (၂) သုတေသနလုပ်ငန်းတွင် အခရာကျသည့် အခြေအနေတစ်ရပ်၌ အတွေ့အကြုံရှိသည့် လူများ၏ ပုဂ္ဂလိက အမြင်သဘောထားများအကြောင်း အချက်အလက်များကို သုတေသီများက စုဆောင်းနိုင်ခြင်းကြောင့် ဖြစ်သည်။ သို့သော် သုတေသီ၏ လုပ်ငန်းအတွက် အသုံးတည့်သည့် အချက်အလက်များကို အသေအချာ ကောက်ယူစုဆောင်းနိုင်မည့် အင်တာဗျူးများကို မေးမြန်းရမည် ဖြစ်ပါသည်။ လေ့လာဆန်းစစ်မှုကို အားကောင်းခိုင်မာစေသည့် အင်တာဗျူးမေးမြန်းသည့် ဒီဇိုင်းများ ရေးဆွဲရာတွင်

သုတေသီများက အခြေခံကျကျ ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များအကြောင်း အောက်ပါခေါင်းစဉ်ငယ်များက အနှစ်ချုပ်တင်ပြသွားမည် ဖြစ်ပါသည်။

## ၂။ အင်တာဗျူးအမျိုးအစားများနှင့် နည်းလမ်းများ

### ၂.၁။ အင်တာဗျူးအမျိုးအစားများ

အရည်အသွေးအခြေပြု သုတေသနဆောင်ရွက်ရန်အတွက် သုတေသီများက အများအားဖြင့် အသုံးပြုလေ့ရှိသည့် အင်တာဗျူးအမျိုးအစားများအား အောက်တွင် ဖော်ပြထားပါသည်။

#### လွတ်လွတ်လပ်လပ် စကားစမြည်ပြောဆို အင်တာဗျူးခြင်း

လွတ်လွတ်လပ်လပ်အင်တာဗျူးခြင်းတွင် အကြောင်းအရာအချို့ကိုမှတည်၍ အသေးစိတ်မေးခွန်းများအား နည်းလမ်းတကျ အကွက်ချ ရေးသားရန် မလိုအပ်သော်ငြား ခေါင်းစဉ်သို့မဟုတ် အကြောင်းအရာကို ကြိုတင် ပြင်ဆင်ထားရန် လိုအပ်ပေသည်။ မည်သို့ပင်ဆိုစေကာမူ "စကားစမြည်ပြောဆိုလျှက်ရှိသည့် စကား လမ်းကြောင်းသည် ဖြေဆိုသူတစ်ဦးချင်းစီ၏ အဖြေများအပေါ်သာ မူတည်ပေလိမ့်မည်" (Lane & Berg, 2017, p.69)။ မေးခွန်းများအား လွတ်လွတ်လပ်လပ် ဖွင့်ထားပြီးနောက် ဖြေဆိုသူက ဖြေဆိုသည့်အကြောင်းအရာနှင့် စိတ်ဝင်စားမှုများအလိုက် ဖြစ်နိုင်သမျှ ဆီလျော်အောင် မေးမြန်းသင့်သည်။ လွတ်လွတ်လပ်လပ် အင်တာဗျူးခြင်းတွင် အကြောင်းအရာအား စူးစမ်းလေ့လာရာ၌ ဖြေဆိုသူအား စကားဝိုင်းကို ဦးဆောင်ရန် အားပေးခြင်းဖြင့် ၎င်းပြောကြားလိုသည့်အချက်အပေါ် အလိုက်သင့် လိုက်ပါပြောဆိုခြင်းက အကောင်းဆုံးနည်းလမ်းပင် ဖြစ်ပါသည်။

#### စံသတ်မှတ်ထားသည့် လွတ်လွတ်လပ်လပ်ဖြေဆိုနိုင်သည့် မေးခွန်းများဖြင့် အင်တာဗျူးခြင်း

ကြိုတင်သတ်မှတ်ထားပြီးသား သို့မဟုတ် ပြင်ဆင်ထားပြီးသား မေးခွန်းလွှာများကို အသုံးပြုခြင်းဖြင့် အချက်အလက်များကို ထုတ်ဖော်ရန်အတွက် စံသတ်မှတ်ထားသည့် အင်တာဗျူးများကို ဒီဇိုင်းပြင်ဆင်ထားပါသည်။ လေ့လာလျှက်ရှိသည့် ကိစ္စရပ်များနှင့် ဆက်စပ်၍ ဖြေဆိုသူများ၏ အတွေးများ၊ ထင်မြင်ချက်များနှင့် သဘောထားများကို ထွက်ပေါ်လာရန်အတွက် ၎င်းမေးခွန်းများအား ကြိုတင် မျှော်မှန်းပြင်ဆင်ထားသည်။ ထို့ကြောင့် သုတေသီများသည် ပြင်ဆင်ထားသည့် မေးခွန်းလွှာပါ မေးခွန်းများအတိုင်း ဖြေဆိုသူများအား အတိအကျ မေးမြန်းသွားရန် လိုအပ်သည်။ မေးခွန်းများ မေးမြန်းရာတွင်

ဖြေဆိုသူအားလုံးကို တူတူညီညီ သတ်မှတ်ထားသည့် လွတ်လွတ်လပ်လပ် ဖြေဆိုနိုင်သည့် မေးခွန်းများဖြင့် မေးမြန်းသည့် အတွက်ကြောင့် "လွယ်လွယ်ကူကူ လေ့လာဆန်းစစ်ပြီး နှိုင်းယှဉ်နိုင်သော အင်တာဗျူးများကို ဤနည်းလမ်းက မြန်မြန်ဆန်ဆန် ဖြစ်အောင် ပံ့ပိုးပေးပါသည်" (Lane & Berg, 2017, p.68)။ သုတေသီနှစ်ဦး သို့မဟုတ် ထို့ထက်ပိုသည့် သုတေသီများက အလုပ်အတူ လုပ်ကိုင်ကြသော်ငြား အချက်အလက် ကောက်ယူသည့် လုပ်ငန်းစဉ်ကို သီးခြား ဆောင်ရွက်သည့် သုတေသနတွင်မူ စံသတ်မှတ်ထားသည့် အင်တာဗျူး မေးမြန်းသည့် နည်းလမ်းက အချက်အလက်များ လေ့လာဆန်းစစ်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် အသုံးတည့်ပေလိမ့်မည်။

### အသုံးများသည့် အင်တာဗျူးလမ်းညွှန်ချက် နည်းလမ်း

ဆီလျော်သည့် အကြောင်းအရာအားလုံးကို လွှမ်းခြုံမိစေပြီးနောက် မေးခွန်းများအား လွတ်လပ် ပွင့်လင်းစွာဖြင့် တိုက်ရိုက်မေးမြန်းနိုင်ရန် အလို့ငှာ အင်တာဗျူးမေးမြန်းရန်အတွက် အခြေခံကျကျ ဆောင်ရွက် ရမည့် စာရင်းများကို သုတေသီက ပြင်ဆင်ထားရန်လိုအပ်သည်။ လမ်းညွှန်ချက်ပြင်ဆင်ထားရှိပါက အထောက် အကူဖြစ်စေပြီး စူးစမ်းလေ့လာလျှက်ရှိသည့် အကြောင်းအရာ သို့မဟုတ် ဖြစ်ရပ်အကြောင်းကို ဖြေဆိုသူများက နက်နက်နဲနဲ စဉ်းစားနိုင်သည့် နည်းလမ်းအတိုင်း မေးခွန်းများကို တည်ဆောက်ရမည် ဖြစ်သည်။ လမ်းညွှန်ချက်ကို အသုံးပြုခြင်းဖြင့် "အင်တာဗျူးဖြေဆိုသူတစ်ဦးချင်းစီမှ ယေဘုယျအားဖြင့် တူညီသည့် အချက်အလက်များ နယ်ပယ်များကို စုဆောင်းနိုင်ပြီး အင်တာဗျူးမေးမြန်းသူက စိတ်ဝင်တစား ရှိသည့် မေးခွန်းများကို လွတ်လွတ်လပ်လပ် စုံစမ်း စစ်ဆေး မေးမြန်းနိုင်သည် (Roberts, 2020, p. 3192)။ ဖြေဆိုသူများ၏ အတွေ့အကြုံများအပေါ် သုတေသီများက ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ စိတ်ပါဝင်စားမှုများကို ထည့်သွင်းခြင်းမှ ရှောင်ကြဉ်ရမည်။ သို့သော်ငြား အင်တာဗျူးလမ်းညွှန်များက အသုံးတည့်နိုင်သည်။ သို့သော် သတိဖြင့် အသုံးပြုရမည် (Seidman, 2006, p. 92) ။

## ၂.၂။ အင်တာဗျူးမေးမြန်းသည့် နည်းလမ်းများ

အရည်အသွေးအခြေပြု အင်တာဗျူးများတွင် အများအားဖြင့် သုတေသီများက သုတေသနတွင် ပါဝင်သူများနှင့် လူချင်းတွေ့ဆုံ အင်တာဗျူး နှင့်/သို့မဟုတ် တယ်လီဖုန်း သို့မဟုတ် အီးမေးလ်ဖြင့် အင်တာဗျူးများ ပြုလုပ်ကြလေ့ရှိသည်။ သို့တည်းမဟုတ် ဦးတည်အုပ်စု အင်တာဗျူး မေးမြန်းခြင်း ဆောင်ရွက်ကြသည်။ အရေအတွက် အနည်းငယ်သာ ပါဝင်သည့် ကြိုတင်သတ်မှတ်ထားခြင်းမရှိဘဲ လွတ်လွတ်လပ်လပ် ဖြေဆိုနိုင်သည့် မေးခွန်းများ

ထည့်သွင်းမေးမြန်းသည်။ ၎င်းမေးခွန်းများဖြင့် သုတေသနတွင် ပါဝင်သူများထံမှ အမြင်နှင့် သဘောထားများကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည် (Creswell, 2019, p. 181)။

### လူချင်းတွေ့ဆုံအင်တာဗျူးခြင်း

"အချိန်ကိုက် နေရာကိုက် ပြောဆိုဆက်ဆံခြင်း" ဖြင့် လူချင်းတွေ့ဆုံ အင်တာဗျူး ဆောင်ရွက်ပါသည် (Opdenakker, 2006, p.4)။ နှစ်ဦးနှစ်ဖက်စလုံးက လူချင်း တွေ့ဆုံကြပြီးနောက် မေးခွန်းများ မေးမြန်းသည့်အခါ အပြန်အလှန် ကောက်ခါငင်ကာ ပြောဆိုကြသည်။ ဖြေဆိုသူများ၏ အသံ၊ လေယူလေသိမ်းနှင့် အမူအရာကဲ့သို့ လူကဲခတ်နိုင်သည့် သဲလွန်စများ ပါဝင်သော အချက်အလက်အပိုများကို ကောက်ယူရန် သုတေသီအား အခွင့်အလမ်း ရရှိစေသည်။ ထိုကဲ့သို့ လူကဲခတ်အချက်အလက်များအား ဖြေဆိုသူများ၏ နှုတ်အပြောအဖြေများအတွက်ဖြည့်စွက်ချက်များအဖြစ် အသုံးပြုနိုင်သည်။

အပြန်အလှန် သက်ဝင်လှုပ်ရှားသည့် ပြောဆိုဆက်ဆံမှုကို ရရှိစေရန် အလို့ငှာ ကြိုတင်သတ်မှတ်ထားသည့် မေးခွန်းများဖြင့် မေးမြန်းသည့် အင်တာဗျူး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပြင်ဆင်ထားသည့် မေးခွန်များဖြင့် မေးမြန်းထားသည့် အင်တာဗျူးများက ကောက်ခါငင်ခါ မေးမြန်းသည့် မေးခွန်းများကို ဖန်တီးစေပါသည်။ ကောက်ခါငင်ခါ မေးမြန်းသည့် မေးခွန်းများက အင်တာဗျူးမေးမြန်းသူများအား သုတေသန၏ အလေးထားချက်နှင့် ချိတ်မိစေရန် သာမက အင်တာဗျူးဆက်လက် သက်ဝင်လှုပ်ရှားစေရန်ကိုပါ ထိန်းကြောင်းပေးပါသည်။ သို့ရာတွင် အင်တာဗျူးမေးမြန်းသူက ကောက်ခါငင်ကာဖြင့် မေးခွန်းများ စီကုံးကာ မေးမြန်းလွန်းပါက အင်တာဗျူးကို မကြာခဏ အနှောင့်အယှက် ဖြစ်စေခြင်းကို ဦးတည်ပေနိုင်သည်။ ဤသို့ဖြင့် အင်တာဗျူးမေးမြန်းသူ၏ အပြုအမူက အင်တာဗျူးဖြေဆိုသူအပေါ် မိမိလိုချင်သည့် စကားလမ်းကြောင်းအတိုင်း ဖြစ်လာစေရန် လွှမ်းမိုးသွားပေလိမ့်မည်။ အင်တာဗျူးအဆုံးသတ်မည့် လက္ခဏာရပ်အနေဖြင့် သုတေသနတွင် ပါဝင်ပူးပေါင်းပေးသည့်အတွက်ကြောင့် အင်တာဗျူးဖြေဆိုသူများအား ကျေးဇူးတင်စကား ပြောကြားခြင်းဖြစ်သည်။ ထို့အပြင် သုတေသန အကြောင်း အရာနှင့် ကိုက်ညီသည့် အချက်အလက်များကျန်ရှိသေးပါက ထပ်ဖြည့်ပေးရန် အင်တာဗျူး ဖြေဆိုသူများအား တောင်းဆိုခြင်းလည်း ဖြစ်သည် (Opdenakker.2006, p.4)။

## တယ်လီဖုန်းဖြင့် အင်တာဗျူးခြင်း နှင့်/သို့မဟုတ် အင်တာနက် ဆက်သွယ်ရေး အသုံးပြု အင်တာဗျူးခြင်း

အရည်အသွေးအခြေပြုအင်တာဗျူးအတွက် အင်တာနက်ဆက်သွယ်ရေး နည်းလမ်းများ သို့မဟုတ် တယ်လီဖုန်းအင်တာဗျူးခြင်းအတွက် အဓိက အကြောင်းရင်းမှာ အင်တာဗျူးဖြေဆိုသူထံ အိမ်တိုင်ရာရောက် မသွားရောက်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။ အိမ်တိုင်ရာရောက် မသွားနိုင်ခြင်းမှာ နေရာဒေသမတူခြင်းကြောင့် လည်းကောင်း၊ လုံခြုံရေးအခြေအနေကြောင့် လည်းကောင်း၊ သို့မဟုတ် ကူးစက်ရောဂါ ပြန့်ပွားသည့် အတွက်ကြောင့် ခရီးသွားလာမှု ကန့်သတ်ထားခြင်းကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ တယ်လီဖုန်းဖြင့် အင်တာဗျူးခြင်းဖြင့် ကမ္ဘာအနှံ့ရှိ လူများထံ အဆက်အသွယ်ရနိုင်သည့် ကောင်းကျိုးရရှိစေသည်။ ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ် ရှိပါကလည်းကောင်း၊ အင်တာနက်မှတဆင့် ဆက်သွယ်ရမည့် လိပ်စာရှိပါကလည်းကောင်း ၎င်းတို့အား အင်တာဗျူးမေးမြန်းနိုင်သည်။ ဤဆက်သွယ် မေးမြန်းသည့် နည်းလမ်း၏ အခြား အားသာချက် တစ်ခုမှာ အလုပ်လုပ်ကိုင်ရန် ခက်ခဲသည့် လူများကိုပါ ထည့်သွင်း မေးမြန်းနိုင်ခြင်းပင် ဖြစ်သည်။ ၎င်း အလုပ် လုပ်ကိုင်ရန် ခက်ခဲသူများမှာ အိမ်တွင် မွေးကင်းစကလေး စောင့်ရှောက်နေရသည့် မိခင်များ သို့မဟုတ် မသန်စွမ်း ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ အင်တာဗျူးရန်အတွက် ဤနည်းနာများကို အသုံးပြုခြင်းဖြင့် စစ်မက်ဖြစ်ပွားသည့် ဒေသများ သို့မဟုတ် ဆေးရုံ၊ ဘာသာရေးအဆောက်အဦ၊ အကျဉ်းထောင် သို့မဟုတ် အခြား ကန့်သတ်နေရာများသို့ အလွယ်တကူ လက်လှမ်းမီနိုင်ပြီး ဘေးဒုက္ခကြုံတွေ့နိုင်ချေကို လျှော့ချနိုင်သည်။ ထို့အတူ ဗျူရိုကရေစီ ယန္တရားကိုလည်း အနည်းနှင့် အများ ရှောင်လွှဲနိုင်ပေသည် (Opdenakker, 2006, p.4)။ ဆန့်ကျင်ဘက်အားဖြင့် တယ်လီဖုန်းအင်တာဗျူးမှအပ အခြားသော ပြောဆိုဆက်သွယ်မှုနည်းလမ်းများသည် အင်တာနက်ဆက်သွယ်ရေးအပေါ် များစွာ မှီတည်နေပြီး ၎င်းနည်းလမ်းများနှင့် အကျွမ်းတဝင်ဖြစ်နေမှုအပေါ်လည်း များစွာ မူတည်နေပါသည်။

### စာရေးသားပေးပို့ကာ အင်တာဗျူးခြင်း

စာရေးသားပေးပို့ကာ မေးမြန်းသည့် အင်တာဗျူးများတွင် ဖြေဆိုသူအများအပြားရရှိနိုင်သည့် အားသာချက် ရှိပါသည်။ အဖြေများရှိ အနက်အဓိပ္ပာယ်များကို ဖော်ထုတ်ရန်အတွက် သုတေသီတွင် လုံလောက်သည့် အချိန်ကိုလည်း ရရှိစေသည့် အခွင့်အလမ်းရှိပါသည်။ စာရေးသားပေးပို့သည့် အဖြေတွင် လေယူလေသိမ်းကို ဖော်ပြနိုင်ရန်အတွက် ခံစားချက်ကို သရုပ်ဖော်ပုံများ (အီမိုဂျီများ) ကို အသုံးပြုနိုင်သည်။ မည်သူမည်ဝါမှန်း အတိုင်းအတာ

တစ်ခုအထိ မသိရှိစေရန်အတွက် သုတေသီများ သို့မဟုတ် ဖြေဆိုသူများက အမည်ဝှက် သို့မဟုတ် အမည်လွှဲကို အသုံးပြုနိုင်ကြသည် (Bampton & Cowton, 2002, p.18)။ စာရေးသားပေးပို့ မေးမြန်းသည့် အင်တာဗျူးသည် ခရီးသွားလာရန် မလိုအပ်သည့်အတွက်ကြောင့် အချိန်ကုန် ငွေကုန် သက်သာ စေပါသည်။ သို့ရာတွင် စာရေးသား ဖြေဆိုခြင်း၏ စိန်ခေါ်မှုတစ်ရပ်မှာ သုတေသနတွင် ပါဝင်လိုစိတ်နှင့် ဖြေဆိုသူများထံမှ အဖြေကို စောင့်ဆိုင်းရခြင်းတို့ ဖြစ်သည်။ ထို့အပြင် ဖြေဆိုသူနှင့် သုတေသီနှစ်ဘက်စလုံးအတွက် ရင်းနှီးကျွမ်းဝင်မှုရှိသည့် နည်းပညာ လိုအပ်ခြင်းပင် ဖြစ်သည် (Bampton & Cowton, 2002, p.25)။

### အီးမေးလ်ဖြင့် အင်တာဗျူးခြင်း

အီးမေးလ်ဖြင့် အင်တာဗျူးခြင်းအား အီးမေးလ်အကောင့်မှတဆင့် ဆောင်ရွက်သည်။ မေးမြန်းသူများ သို့မဟုတ် သုတေသီများက လေ့လာမှုအတွက် သုတေသနမေးခွန်းစာရင်းကို ဒီဇိုင်းရေးဆွဲ သို့မဟုတ် ပြုစုပြီးနောက် ဖြေဆိုသူအများအပြားထံသို့ တစ်ပြိုင်နက်တည်း ပေးပို့နိုင်သည်။ ဖြေဆိုသူများက အဆင်ပြေသည့် အချိန်တွင် အကြံဉာဏ်များပေးခြင်း သို့မဟုတ် ဖြေဆိုခြင်းများကို တစ်ဦးချင်းစီ ဆောင်ရွက်နိုင်ကြသည်။ ရေးသားထားသည့် ပုံစံလွှာတွင် ရှင်းလင်းတိကျသည့် ညွှန်ကြားချက်ကို သုတေသီများက ပြင်ဆင်ထည့်သွင်းခြင်းဖြင့် ဖြေဆိုသူက မည်သို့ ဆောင်ရွက်ရမည်ကို သိရှိပါသည် (Flick, 2018, p.276)။ ရှက်ရွံ့တက်သည့် လူများ သို့မဟုတ် လူချင်းတွေ့ဆုံ စကားပြောရန် သက်တောင့်သက်သာ မဖြစ်သူများထံ အီးမေးလ်ဖြင့် အင်တာဗျူး မေးမြန်းနိုင်သည် (Meho, 2006, p.1287)။ ဖြေဆိုသူများထံမှ အဖြေလွှာတုံ့ပြန်ချက်များ ပြန်လည်ရရှိရန်အတွက် နေ့ပေါင်းများစွာ သို့မဟုတ် ရက်သတ္တပတ်ပေါင်း များစွာ သုတေသီမှ စောင့်ဆိုင်းရသည့် စိန်ခေါ်မှုများလည်း ရှိပေသည်။ ထို့ကဲ့သို့ အခြေအနေတွင် သင့်လျော်သည့် အချိန်တွင် သတိပေးစာများ ပေးပို့အသုံးပြုခြင်းက အကောင်းဆုံး ဖြေရှင်းနည်း ဖြစ်ပါသည် (Opdenakker, 2006, p.9)။

### ဦးတည်အုပ်စုဆွေးနွေးခြင်း

ဦးတည်အုပ်စုဆွေးနွေးခြင်း ဆိုသည်မှာ "ဆက်စပ်မှုမရှိသည့် လူများပါဝင်ဖွဲ့စည်းထားသည့် သီးခြားအုပ်စုငယ်များအား အကြောင်းအရာတစ်ခု သို့မဟုတ် ကိစ္စရပ်တစ်ခုကို အကျေအလည်ဆွေးနွေးရန်အတွက် ရွေးချယ်ထားပြီး စုံစမ်းသူက ဆွေးနွေးမှု အဆင်ပြေချောမွေ့စေရေး ပံ့ပိုးပေးသည့် အရည်အသွေးအခြေပြု သုတေသနနည်းလမ်းတစ်ခု" ဖြစ်ပါသည် (GUIDE, 2016; Eeuwijk & Angehrn, 2017, p.1)။ စိတ်ပါဝင်စားမှုနယ်ပယ်များအတွက် တစ်စိတ်တစ်ပိုင်း ကြိုတင် ပြင်ဆင်ထားသည့် မေးခွန်းများဖြင့် အုပ်စုတွင်း ပါဝင်သူများက

တစ်ဦးနှင့် တစ်ဦး ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေး ကြပြီး အင်တာဗျူးမေးမြန်းသူ ('ဦးဆောင် ဆွေးနွေးသူ' အဖြစ် ညွှန်းဆိုလေ့ရှိသည်) က ပုံမှန် အားဖြင့် ဆွေးနွေးမှုကို ဦးဆောင်သွားသည်။

သီးသန့် အကြောင်းအရာ သို့မဟုတ် ကိစ္စရပ်တစ်ခုအပေါ်ရှိ ပါဝင်သူများထံမှ စုံလင်များပြားသည့် အမြင်သဘောထား၊ အကြံဉာဏ်၊ အတွေ့အကြုံနှင့် ထင်မြင်ယူဆချက်များကို တပြိုင်နက်တည်း စုဆောင်းရာတွင် ဦးတည်အုပ်စုဆွေးနွေးခြင်းက အလုပ် ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင်မူ ဖြေဆိုသူများသည် ထိရှလွယ်သည့် အယူအဆများနှင့် ပူပန်သောကများကို အုပ်စုတွင်း ဆွေးနွေးရာတွင် မျှဝေရန် ဆန္ဒမရှိကြပေ။ တက်တက်ကြွကြွ ဆွေးနွေးမှုကို ဖြစ်ပေါ်လာစေရန်အလို့ငှာ ပါဝင်သူများနှင့် ဆွေးနွေးမည့် အကြောင်းအရာများကို ကြိုတင် သတ်မှတ်ထားသည့် စံနှုန်းများအတိုင်း ဂရုတစိုက် စီစဉ်ထားသင့်သည်။ လမ်းညွှန်ချက် သို့မဟုတ် ဆွေးနွေးမည့် အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးသူက အဓိက ကိုင်စွဲ ထားခြင်းဖြင့် သတ်မှတ်ထားသည့် အကြောင်း အရာများ သို့မဟုတ် နယ်ပယ်များအား လွှမ်းခြုံ ဆွေးနွေးသွားနိုင်မည် ဖြစ်သည်။ ဦးဆောင်ဆွေးနွေးသူက တစ်စိတ်တစ်ပိုင်း ကြိုတင်ပြင်ဆင် ထားသည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် ဆွေးနွေးပွဲအား ပုံမှန်အားဖြင့် ဦးဆောင်လေ့ ရှိကြသည်။ အချို့ကိစ္စရပ်တွင် ပါဝင်သူအချို့က ဆွေးနွေးပွဲ သို့မဟုတ် အုပ်စုအား လွှမ်းမိုးရန် ကြိုးစားလာသည့်အခါတွင် သုတေသီအနေဖြင့် အုပ်စုအား စီမံရန် ခက်ခဲပေလိမ့်မည် (GUIDE, 2016; Eeuwijk & Angehrn, 2017, p.1)။

## ၃။ အင်တာဗျူးမေးခွန်းများရေးသားပြုစုရာတွင် လိုက်နာရမည့် အခြေခံအချက်များ

မေးခွန်းများတွင် စကားလုံးအတိအကျ စီစဉ်ထားခြင်းက ဖြေဆိုသူများ၏ အဖြေများအား အဆုံးအဖြတ် ပေးရာတွင် အဓိက ကျသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည် (Bradburn, et al. 2004, p.3)။ ကောင်းစွာ ရေးသားပြုစုထားသည့် မေးခွန်းများက ပါဝင်သူများ၏ စိတ်ပါဝင်စားမှုကို မြန်မြန်ဆန်ဆန် ဆွဲဆောင်နိုင်ပါသည်။ အတွေ့အကြုံအား နှစ်လိုဖွယ်ဖြစ်စေကာ မေးခွန်းများကို ဖြေဆိုရန်အတွက် ဖြေဆိုသူအား စေ့ဆော်ရာတွင် မေးခွန်းလွှာက အဓိက ကျပါသည် (Bradburn, et al. 2004, p.9)။ အကြောင်းအရာအတွက် လိုအပ်သည့် အချက်အလက်အမျိုးအစားနှင့်ပတ်သက်၍ သုတေသီတွင် ရှင်းလင်း ပြတ်သားသည့် အကြံဉာဏ် ရရှိစေသည်။ သုတေသီများက ၎င်းတို့လိုအပ်သည့် အချက်အလက် များ၏ သဘောသဘာဝအကြောင်း စိတ်ထဲတွင် မရှင်းမလင်း ဖြစ်နေပါက ၎င်းတို့စိတ်ဝင်

တစားရှိသည့် အကြောင်းအရာများနှင့် သင့်လျော်သည့် မေးခွန်းများ မေးမြန်းဖို့ မျှော်လင့်ရန် မဖြစ်နိုင်ခြေ။

Sudman နှင့် Bradburn (Bradburn, et al. 2004, p.22) တို့က ထောက်ခံထားသည့် ဤကိစ္စရပ်နှင့် အကျုံးဝင်သော စည်းမျဉ်းသုံးရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သုတေသနမေးခွန်းကို အသေအချာမစဉ်းစားပြီးခင်အထိ မေးခွန်အတိအကျကို မပြုစုပါနှင့်။

(ခ) မေးခွန်းအသေးစိတ်များ ပြုစုသည့်အခါတွင် သုတေသနမေးခွန်းကို ချရေး ပြီးနောက် လွယ်လင့်တကူ ထားရှိပါ။

(ဂ) ‘ငါဒါကို ဘာလို့ သိချင်တာပါလိမ့်’ လို့ အမြဲမပြတ် မေးမြန်းကာ (Foddy, 1993, p.12) မေးခွန်းက သုတေသနမေးခွန်းနှင့် မည်မျှ ချိတ်ဆက်သည်ကို ရှင်းပြနိုင် ရမည် (Bradburn, et al. 2004, pp.12,32)။

## ၃.၁။ အင်တာဗျူးအတွက် ပြင်ဆင်ခြင်း

### အနှောင့်အယှက်အနည်းဆုံးနေရာကို ရွေးချယ်ပါ။

ဖြေဆိုသူအား အထူးပင် လွတ်လွတ်လပ်လပ်ရှိပြီး မေးခွန်းများကို သက်တောင့် သက်သာ ဖြေဆိုနိုင်မည့် သဟဇာတဖြစ်ကာ သက်တောင့်သက်သာရှိစေသည့် ဝန်းကျင်တွင် အင်တာဗျူးကို မေးမြန်းပါ။ သင့်လျော်သည့် အကျယ်အဝန်းက ဖြေဆိုသူအား အင်တာဗျူး ဖြေဆိုရန်အတွက် ပုဂ္ဂလိက လုံခြုံမှုရှိစေခြင်းကြောင့် အင်တာဗျူး ဖြေဆိုသူအား အနှောင့်အယှက်ဖြစ်စေသည့် ဆူညံသော ပတ်ဝန်းကျင် သို့မဟုတ် လူထူထပ်သည့် နေရာများကို ရှောင်ကြဉ်ခြင်းက အကောင်းဆုံး ဖြစ်သည်။

### အင်တာဗျူးမေးမြန်းခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ

အင်တာဗျူးအတွက် သင့်လျော်သည့် နေရာထိုင်ခင်းကို ရွေးချယ်ပြီးပါက ဖြေဆိုသူအား အင်တာဗျူး အကြောင်း လုံလောက်သည့် အချက်အလက်များပြောကြားရန် လိုအပ်သည်။ အင်တာဗျူးမှ အချက်အလက်များ စုဆောင်းရသည့် ရည်ရွယ်ချက်ကို ရှင်းပြပြီး ဖြေဆိုသူ၏ အဖြေများကို ရရှိရန် အဘယ့်ကြောင့် လိုအပ်သည်ကို ရှင်းပြရမည်။ သုတေသန အကြောင်းအရာနှင့်ပတ်သက်၍ ရှင်းလင်းစွာ အနက်ဖွင့်ဆိုပြခြင်းနှင့် စတင်ပြီးနောက်

သုတေသနအတွက် လိုအပ်သည့် အချက်အလက်များအကြောင်း ရှင်းရှင်းလင်းလင်း ပြောကြားရန် လိုအပ်သည်။

### ကျင့်ဝတ်ပိုင်းဆိုင်ရာ အခြေခံမူသတ်မှတ်ချက်များကို ပြောကြားပါ

အင်တာဗျူး၏ ရည်ရွယ်ချက်များကို ဖြေဆိုသူများအား ပြည့်စုံနိုင်သမျှ ပြည့်စုံစွာ အသိပေးရန်မှာ သုတေသီတစ်ဦး၏ ကျင့်ဝတ်ပိုင်းအရ တာဝန်ပင် ဖြစ်သည်။ မေးခွန်းများ အကြောင်း ယေဘုယျရှင်းပြခြင်း၊ ၎င်းတို့၏ အဖြေများအား မည်သူများက ရယူအသုံးပြုမည်နှင့် အဖြေများအား မည်သို့ လေ့လာဆန်းစစ်မည် တို့ကိုလည်း ရှင်းလင်းပြောကြားခြင်း တို့သည်လည်း သုတေသီတွင် ကျင့်ဝတ်ပိုင်းအရ တာဝန်ရှိပါသည်။ ထို့အပြင် ၎င်းတို့၏ အဖြေများအား မည်မျှအတိုင်းအတာအထိ လျှို့ဝှက်ထားမည်ကို ဖြေဆိုသူများအား အသိပေး ရမည်။ အင်တာဗျူးမေးမြန်းသူက ဖြေဆိုသူများအား အမည်လွဲ/အမည်ဝှက် ဖြေဆိုခွင့် ပြုရမည်။

## ၃.၂။ အင်တာဗျူးတွင်ပါဝင်သည့် အကြောင်းအရာ အမျိုးအစားများနှင့် မေးခွန်းအမျိုးအစားများ

မေးခွန်းများက ယူဆချက်များ ကင်းလွတ်ရမည်ဖြစ်ပြီး အဖြေအမျိုးမျိုး ဖြေဆိုနိုင်ရန် ခွင့်ပြုရမည်။ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ အတွေ့အကြုံနှင့်ပတ်သက်သည့် အမြင်ရှုထောင့်အားလုံးအတွက် သုတေသီက ကြိုဆိုကြောင်း ဖြေဆိုသူများအား သိရှိစေရမည်။ အင်တာဗျူးမေးခွန်းများအား စိတ်ဝင်စားသည့် အကြောင်းအရာကို ဦးတည်၍ ဖွဲ့စည်းထားရမည် ဖြစ်သည်။ အတွေ့အကြုံ၏ အစိတ်အပိုင်းတစ်ရပ်ကိုသာ ကန့်သတ်ဦးတည်ထားသည့် နည်းဖြင့် ဘောင်မသတ်မှတ်သင့်ပေ။ သုတေသနတွင် ပါဝင်သူများအား ၎င်းတို့ တွေ့ကြုံခံစားရသည့် အရာများက အရေးကြီးကြောင်း ဖော်ထုတ်နိုင်သည့် နည်းအတိုင်း စကားလုံးများ စီစဉ်ထားရမည်။ ထို့အပြင် အခြားသူများ၏ အတွေးအမြင်များ၊ ခံစားချက်များ၊ အတွေ့အကြုံများနှင့် အမြင်သဘောထားများကို ဖြေဆိုသူများအား အနက်ပြန်ဆိုရန် တောင်းဆိုခြင်းအစား ၎င်းတို့၏ ကိုယ်တွေ့ အတွေ့အကြုံအပေါ်သာ အလေးထားသည့် နည်းလမ်းဖြင့် စာစီရမည် ဖြစ်သည် (Roberts, 2020, p.3190)။ စိတ်ဝင်စားသည့် အကြောင်းအရာအပေါ် လူတစ်ဦး၏ အပြုအမူ သို့မဟုတ် အမြင်သဘောထား/တန်ဖိုးများ သို့မဟုတ် ခံစားချက်များ သို့မဟုတ် အသိပညာ သို့မဟုတ် အာရုံသိစိတ် သို့မဟုတ် နောက်ခံအကြောင်းအရာ/လူမှုရေးနောက်ခံများနှင့် ဆက်နွယ်သည့် နည်းလမ်းအတိုင်း မေးခွန်းများအား ပြုစုရမည် ဖြစ်သည်။

မေးခွန်းများအား ပုံစံအမျိုးမျိုးဖြင့် ရေးသားနိုင်သည်။ (၁) တိုက်ရိုက်မေးခွန်းများ၊ (၂) တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်အမြင်ကို ရရှိရန်အလို့ငှာ သွယ်ဝိုက်မေးခွန်းများ၊ (၃) ကြိုတင်သတ်မှတ်ထားသည့် မေးခွန်းများ၊ (၄) နောက်ဆက်တွဲ မေးခွန်းများ၊ (၅) စူးစမ်းအစ်အောက်သည့် မေးခွန်းများ (တိုက်ရိုက်မေးခွန်း မေးမြန်းခြင်းမှတဆင့် ပြောဆိုသည့် အကြောင်းအရာအား ထပ်မံ နားလည်သဘောပေါက်အောင် ပြုလုပ်ခြင်း)၊ (၆) အသေးစိတ်မေးမြန်းခြင်းနှင့် (၇) အနက်ပြန်ဆိုသည့် မေးခွန်းများ ပါဝင်သည်။ မည်သည့်နည်းလမ်းဖြင့် မေးခွန်း များအား အသုံးပြုသည်ဖြစ်စေ ဖြေဆိုသူ (ကလေးသူငယ်၊ ပညာရှင် စသည်ဖြင့်) အပေါ် မူတည်၍ ချိန်ညှိနိုင်သည့် ဘာသာစကားဖြင့် သင့်လျော်သလို အသုံးပြုနိုင်စွမ်းက အရည်အသွေးအခြေပြု သုတေသီများအတွက် မရှိမဖြစ်လိုအပ်သည့် အရည်အချင်းတစ်ရပ်ဖြစ်သည်။

## ၃.၃။ မေးခွန်းမေးမြန်းရာတွင် လိုက်နာရမည့် အချက်များ

သုတေသနမေးခွန်း/မေးခွန်းများနှင့် ကိုက်ညီမှုရှိရမည့်အပြင် အင်တာဗျူးမေးခွန်းများက "လေ့လာမှု၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့်လည်း ချိတ်ဆက်နေရမည်" ဖြစ်သည် (Roberts, 2020, p.3190)။

အင်တာဗျူးမေးခွန်းများမေးမြန်းရာတွင် အရည်အသွေးအခြေပြုသုတေသီအတွက် အောက်ပါ အကြံပြုချက်များက အထောက်အကူပြုပေလိမ့်မည်။

- ပထမဆုံးအနေဖြင့် သုတေသနမေးခွန်းများကို ဖြေဆိုရန်သင့်လျော်မည့် ကျယ်ပြန့်သည့် အသိပညာ နယ်ပယ် စာရင်းပြုစုရန် ပြင်ဆင်ပါ။နယ်ပယ်များ၏ အကျယ်အဝန်းကို ဒီဇိုင်းရေးဆွဲပြီးပါက အသိပညာနယ်ပယ်တစ်ခုချင်းစီအတွက် အင်တာဗျူးမေးခွန်းများကို ပြုစုပါ။
- ဖြေဆိုသူက အလွယ်တကူနားလည်ပြီး ဖြေဆိုနိုင်သည့် "ရင်းနှီးနွေးထွေးစေသည့်" မေးခွန်းများ အသုံးပြု၍ အင်တာဗျူးကို စတင်ပါ။
- ဖြေဆိုရာတွင် ရှုပ်ထွေးသွားစေခြင်းကို ရှောင်ရှားရန်အလို့ငှာ တစ်ကြိမ်လျှင် မေးခွန်းတစ်ခုသာ မေးမြန်းရန် ကြိုးစားပါ။ တစ်ကြိမ်တည်းနှင့် မေးခွန်းများစွာ ပေါင်းပြီး မေးမြန်းခြင်း မပြုပါနှင့်။
- အင်တာဗျူးမေးမြန်းသူတစ်ဦးအနေဖြင့် တတ်နိုင်သမျှ ဘက်မလိုက်ဘဲ နေထိုင်ပါ။ "ဘက်မလိုက်ခြင်း ဆိုသည်မှာ သုတေသီ၏ ဘက်လိုက်မှုကင်းသော သုတေသနကို ညွှန်းဆိုသည်" (Mayburg & Poggempoel, 2007, p.66) ။ အရည်အသွေး

အခြေပြု သုတေသီ/ အင်တာဗျူးမေးမြန်းသူက အင်တာဗျူးဖြေဆိုသူ၏ တုံ့ပြန်ချက်များအပေါ် စိတ်ခံစားချက်ပြင်းပြင်းဖြင့် တုံ့ပြန်ခြင်း မပြုရန် အကြံပြုပါသည်။ သို့မှသာ ၎င်းတို့က မေးမြန်းသူ၏ တုံ့ပြန်ချက်အပေါ် မူတည်ပြီး အဖြေကို ပြောင်းလဲဖြေဆိုခြင်းအား ရှောင်ရှားနိုင်ပေမည်။

- အင်တာဗျူးဖြေဆိုသူအပေါ် အာရုံစိုက်ပြီး စကားလုံးအသုံးမပြုသည့်နည်းဖြင့် ပြုမူဆက်ဆံပါ။ ပြုံးပြခြင်း သို့မဟုတ် (သင့်လျော်သည့် အချိန်တွင်) ခေါင်းညိတ်ခြင်း သို့မဟုတ် ဖြေဆိုသူ၏ မျက်လုံးကို စိုက်ကြည့်ခြင်းကဲ့သို့ ကိုယ်အမူအရာဖြင့် ပြောဆိုဆက်ဆံခြင်း နှင့်/သို့မဟုတ် ဆိတ်ဆိတ်နေခြင်း၊ သံယောင်လိုက်ခြင်း၊ 'အော် ဟုတ်လား'၊ ပို ပြောပါအုံး ဟု ပြောခြင်း၊ မေးခွန်းရှည်၊ နမိတ်ပြမေးခွန်း၊ မေးမြန်းခြင်း၊ စကားဆွယ်ခြင်းစသည်ဖြင့် အမျိုးမျိုး စူးစမ်းမှုများကို အသုံးပြုခြင်းတို့ဖြင့် ဆက်ဆံရမည် (Edwards & Holland, 2013, p.74) ။
- အဓိပ္ပာယ်အများအပြား ဆောင်သည့် စကားလုံးများကိုသာမက ကိုယ်ကျင့်သိက္ခာ ထိပါးစေသည့် စကားလုံးများ အသုံးပြုခြင်းကို ရှောင်ကြဉ်ရန် သတိပြုပါ။ ဖြေဆိုသူများက ပွင့်ပွင့်လင်းလင်းနှင့် အပြည့်အစုံ ဖြေဆိုလိုသည့် စိတ်အား ထက်သန်မှုရှိလာစေရန်အတွက် မေးခွန်းများကို ရေးသား ပြုစုရမည်။
- အင်တာဗျူး၏ ကျိုးကြောင်း ဆီလျော်၍ အချိတ်အဆက်မိမိ မေးမြန်းရန် စိတ်ထဲ မှတ်သားထားရမည်။ မေးခွန်းများတွင် မည်သည့် အကြောင်းအရာ အမျိုးအစားများက ပထမ ဦးစားပေးဖြစ်ရမည်နှင့် မည်သည့်အကြောင်းအရာအား သဘာဝကျကျ ဆက်တိုက်မေးမြန်းရမည်ကို စဉ်းစားထားရမည်။
- ခက်ခဲသည့် မေးခွန်းများ သို့မဟုတ် ဖြေဆိုရန်တွန့်ဆုတ်နိုင်မည့် မေးခွန်းများအား မမေးမြန်းမီ သာမန်မေးခွန်းများကို အရင်မေးပါ။ ဆီလျော်သည့် အဖြေများ ရရှိရန်အတွက် ဖြေဆိုသူများအား လုံလောက်သည့် အချိန်ပေးရန် အရေးကြီး ပါသည် (Foddy, 1993, p.37)။
- အထူးသဖြင့် အဓိကကျသည့် အကြောင်းအရာများအကြား ခေတ္တခဏ နားချိန်ပေးရမည်။ အရွယ်မရောက်သေးသူများ၊ သက်ကြီးရွယ်အိုများ သို့မဟုတ် ကျွမ်းကျင်ပညာရှင်များကဲ့သို့ တမူထူးခြားသည့် ဖြေဆိုသူများအတွက် အင်တာဗျူး ရာတွင် လိုက်ဖက်သည့် စကားလုံးကို ချိန်ညှိ အသုံးပြုပါ။ အရည်အသွေးအခြေပြု

အင်တာဗျူးတွင် မှန်ကန်တိကျသည့် အချက်အလက်များ တိုက်ရိုက်ရရှိရန် အတွက် ဘာသာစကားအား အထိရောက်ဆုံးနည်းလမ်းအဖြစ် အသုံးပြုနိုင်သည်။

- ဖြေဆိုသူများတွင် မရှိသည့် အချက်အလက်များအား မေးမြန်းခြင်းကို ရှောင်ရှားပါ။ အကယ်၍ အဆိုပါ မေးခွန်းအား မေးမြန်းမည် ဆိုပါက အဆိုပါကိစ္စရပ်အား ဖြေဆိုသူများအနေဖြင့် မသိရှိကြောင်း နားလည်သဘောပေါက်သည်ကို ၎င်းတို့အား သိခွင့်ပေးခြင်းက အကောင်းဆုံးဖြစ်သည် (Bradburn et al. 2004, p.12)။
- နောက်ဆုံးမေးခွန်း မေးခြင်းခြင်းဖြင့် အင်တာဗျူးအား အဆုံးသတ်ပါ။ သုတေသနယူဆချက်အပေါ် ထပ်မံဖြည့်စွက်လိုသည့် သို့မဟုတ် အကြံပြုလိုသည့် အခြားသော အချက်အလက်များကို ဖြေဆိုနိုင်ရန် ဖြေဆိုသူအား ၎င်းမေးခွန်းက အခွင့်အရေးပေးခြင်း ဖြစ်သည် (Harvard University, n.d.) ။

အင်တာဗျူးတွင် ထိရောက်သည့် မေးခွန်းမေးမြန်းခြင်းအတွက် တရားဝင် သတ်မှတ်ထားသည့် လမ်းညွှန်ချက် မရှိပါ။ သုတေသီအပေါ်သာ မူတည်ပါသည်။ စိတ်အာရုံနှစ်၍ နားထောင်ခြင်း၊ အမှန်တကယ် စိတ်ပါဝင်စားမှုတို့ဖြင့် စူးစမ်းလေ့လာခြင်း၊ အတွေ့အကြုံ ယူခြင်းနှင့် စကားလက်ဆုံပြောခြင်းတို့မှတဆင့် အချက်အလက်ကောက်ယူခြင်းဖြင့် သုတေသီက ထူးခြားသည့် ဖြစ်ရပ်ကို စူးစမ်းလေ့လာကာ ဆွေးနွေးခြင်း ဖြစ်သည် (Seidman, 2006, pp.93-94)။ အင်တာဗျူး မေးမြန်းခြင်း အဆုံးသတ်သည်နှင့် တပြိုင်နက် အင်တာဗျူး နေစဉ်အတွင်း သတိပြုမိသည့် တွေ့ရှိချက်မှန်သမျှ သို့မဟုတ် နောက်ထပ် ရှင်းလင်းရန် လိုအပ်သည့် မသဲကွဲသည့်အချက်များကို မှတ်စု ရေးမှတ်ခြင်းက ပိုကောင်းပါသည် (McNamara, Carter, 1999)။

## ၄။ အချက်အလက်မှတ်တမ်းတင်ခြင်း နည်းနာများ

ကွင်းဆင်းလေ့လာခြင်း မပြုမီ အချက်အလက် မှတ်တမ်းတင်မည့် နည်းလမ်းကို အရည်အသွေး အခြေပြု သုတေသီများက စီစဉ်ထားလေ့ရှိကြသည်။ မည်သည့် အချက် အလက်များအား မှတ်တမ်းတင်ပြီး ထိုသို့ မှတ်တမ်းတင်မည့် နည်းနာများကိုလည်း သုတေသန အဆိုပြုလွှာတွင် ဖော်ပြရသည် (Creswell, 2009, p.181)။ စူးစမ်းလေ့လာမှု အခြေပြု အချက်အလက်များကို မှတ်တမ်းတင်ရန်အတွက် မှတ်တမ်းကို အသုံးပြုပါ။

အရည်အသွေးအခြေပြုလေ့လာနေစဉ် အတောအတွင်း တွေ့ရှိချက်အများအပြားကို သုတေသီများက ကြုံတွေ့ရလေ့ရှိပြီး စူးစမ်းနေစဉ် အချက်အလက်များအား မှတ်တမ်းတင်ရန်

အတွက် တွေ့ရှိချက်မှတ်တမ်းကို အသုံးပြုလေ့ ရှိကြသည်။ အရည်အသွေးအခြေပြု အင်တာဗျူး နေစဉ်အတွင်း မေးခွန်းများမေးမြန်းခြင်းနှင့် အဖြေများမှတ်တမ်းယူခြင်းအတွက် အင်တာဗျူး မှတ်တမ်းအသုံးပြုခြင်းက အကောင်းဆုံးနည်း ဖြစ်သည်။ "ဤမှတ်တမ်းတွင် အောက်ပါ အစိတ်အပိုင်းများ ပါဝင်သည် -

- ခေါင်းစဉ် (ရက်စွဲ၊ နေရာ၊ အင်တာဗျူးမေးမြန်းသူ၊ အင်တာဗျူးဖြေဆိုသူ)
- အင်တာဗျူးမေးမြန်းသူ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ။ သို့မှသာ စံသတ်မှတ်ထားသည့် နည်းနာများအား အင်တာဗျူးတစ်ခုမှ အခြားတစ်ခုအတွက် အသုံးပြုနိုင်သည်။
- မေးခွန်းများ (စစချင်းတွင် ရင်းနှီးမှုကို တည်ဆောက်သည့် မေးခွန်းဖြင့် ပုံမှန်အားဖြင့် စတင်လေ့ ရှိပြီးနောက် အရည်အသွေးအခြေပြု သုတေသန အစီအစဉ်အရ မေးခွန်းငယ်များ ၄ ခု၊ ၅ ခုကို ဆက်တိုက် မေးမြန်းပါသည်။ ဆက်လက်ပြီး သုံးသပ်ချက် သို့မဟုတ် မေးခွန်းတစ်ခုကို မေးမြန်းသည်)
- ၎င်းတို့၏ အယူအဆများအား ပို၍ အသေးစိတ် ရှင်းပြရန် သို့မဟုတ် ၎င်းတို့ ပြောဆိုခဲ့သည်များကို အကျယ်တဝံ့ပြောဆိုရန်အတွက် တစ်ဦးချင်းစီအား နောက်ဆက်တွဲ မေးမြန်းသည့် အစ်အောက်သော မေးခွန်းများ၊ အဖြေများကို မှတ်တမ်းတင်ရန်အတွက် မေးခွန်းများအကြား နေရာ ချန်လှပ် ထားပါ။
- အင်တာဗျူးဖြေဆိုရန် အချိန်ပေးသည့်အတွက် အင်တာဗျူးဖြေဆိုသူအား ကျေးဇူးတင်ရှိကြောင်း ရေးသားချက်ကို နောက်ဆုံးထားရှိပါ" (Creswell, 2009, p.147)။

အင်တာဗျူးများမှ အချက်အလက်များကို သုတေသီများက လက်ရေးဖြင့် မှတ်စုတိုရေးမှတ်ခြင်း၊ အသံသွင်းခြင်း၊ ဗွီဒီယိုရိုက်ကူးခြင်းတို့ဖြင့် မှတ်တမ်းတင်ပါသည်။ သုတေသီ၏ ကိုယ်ပိုင်အတွေ့အကြုံ၊ တစ်ချိန်တည်းတစ်ပြိုင်တည်း မေးခွန်းမေးမြန်းကာ အဖြေကို ရေးမှတ်နိုင်စွမ်းတို့အပေါ် မူတည်ပါသည်။ အသံသွင်းစက်ကို အသုံးပြုပါက တိပ်ခွေမှ ပြန်လည်ကူးယူရေးသားဖို့အတွက် သုတေသီများက စီစဉ်ထားရန် လိုအပ်သည်။ ပိုကောင်းသည့် ရလဒ်အတွက် အင်တာဗျူးပြီးဆုံးသည်နှင့် အသံသွင်းထားသည့် အင်တာဗျူးအား ကူးယူ ရေးသားရန် အကြံပြုပါသည်။

## ၅။ သုတေသီ၏ ဘက်လိုက်မှု

သုတေသနဘက်လိုက်မှုအား နားလည်သဘောပေါက်ရန် အရေးကြီးခြင်းက အကြောင်းရင်းများစွာကြောင့် ဖြစ်သည်။ ပထမအချက်မှာ သုတေသနအားလုံးတွင် ဘက်လိုက်မှု ရှိပါသည်။ သုတေသနဒီဇိုင်းများ အသီးသီး၌ ဘက်လိုက်မှုရှိပြီး ဖယ်ရှားရန် ခက်ခဲပါသည်။ ဒုတိယအချက်အနေဖြင့် သုတေသနလုပ်ငန်းစဉ်ရှိ အဆင့် တစ်ဆင့်ချင်းစီတွင် ဘက်လိုက်မှုကို တွေ့မြင်နိုင်သည်။ တတိယအချက်မှာ ဘက်လိုက်မှုက လေ့လာတွေ့ရှိချက်များ၏ ကျိုးကြောင်းခိုင်လုံမှုနှင့် ယုံကြည်စိတ်ချရမှုတို့အပေါ် သက်ရောက်မှုရှိသည်။ အချက်အလက်များအား အနက်ပြန်ဆိုမှုလွဲမှားခြင်းက လက်တွေ့ကျင့်သုံးရာတွင် အရေးကြီးသည့် နောက်ဆက်တွဲသက်ရောက်မှုများ ရှိနိုင်သည် (Smith & Noble, 2014, pp. 4, 17,101)။

အကယ်၍ သုတေသီများက ၎င်းတို့၏ ယူဆချက်များ မှန်ကန်ကြောင်းကို သက်သေပြရန် အချက် အလက်များအား အမှုမဲ့အမှတ်မဲ့ အနက်ပြန်ဆိုမိပါကလည်းကောင်း၊ ၎င်းတို့က သင့်လျော်သည်ဟု ထင်မြင်သည့် အချက်အလက်များကိုသာ ထည့်သွင်း ထားပါကလည်းကောင်း ဘက်လိုက်မှု ဖြစ်ပေါ်လာသည်။ အများဆုံး တွေ့မြင်ရသည့် ဘက်လိုက်မှုမှာ *မှန်ကန်ကြောင်းအတည်ပြုသည့် ဘက်လိုက်မှု* ဖြစ်သည်။ သုတေသီက ၎င်း၏ ယူဆချက်ကို အထောက်အပံ့ပြုရန်အတွက် အချက်အလက်ကို အနက်ပြန်ဆိုသည့်အခါ ၎င်းဘက်လိုမှုကို တွေ့မြင်ရသည်။ သုတေသီများက ၎င်းတို့၏ ယူဆချက်ကို မျက်နှာသာ မပေးသည့် အချက်အလက်များကိုလည်း ပယ်ချလေ့ ရှိသည်။ ရရှိလာသည့် အချက်အလက် အားလုံးကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပြီး ရှင်းလင်းတိကျပြီး ဘက်မလိုက်သည့် စိတ်ဖြင့် လေ့လာဆန်းစစ်ရမည် ဖြစ်သည်။ နောက်မေးမည့် မေးခွန်းအတွက် ဖြေဆိုသူ၏ အဖြေအပေါ် သက်ရောက်မှုရှိနိုင်သည့် အစီအစဉ်အတိုင်း သုတေသီများက မေးကြသည်။ သို့တည်းမဟုတ် အဖြေအချို့ကို ပေါ်ထွက်လာနိုင်မည့် နိမိတ်ပြမေးခွန်းများကို မေးမြန်းကြသည်။ ဤသည်ကို မေးခွန်း အစီအစဉ်အရ ဘက်လိုက်မှုဟု ခေါ်သည်။

အင်တာဗျူးတည်ဆောက်သည့်အခါတွင် ဖြစ်နိုင်ခြေရှိသည့် ဘက်လိုက်မှုကို ထင်ဟပ်ခြင်းဖြင့် မေးခွန်းများကို သင့်တော်သည့် အစီအစဉ်အတိုင်း စီစဉ်ရမည်။ သုတေသနတွင်ပါဝင်သူက ပြောဆိုဆက်ဆံသည်ကို ပြန်လည်တုံ့ပြန်သည့်အခါ အရည်အသွေး အခြေပြုသုတေသီများက အင်တာဗျူးကို ဦးဆောင်ခြင်းကို ရှောင်ကြဉ် ရမည်။ ဖြစ်နိုင်သည့် ရလဒ်ထွက်ပေါ်လာရန် လမ်းကြောင်းပေးသည့်အနေဖြင့် ဖြေဆိုသူများအား ဆွဲခေါ်သွားမည့် သို့မဟုတ် နှိုးဆွသည့် နမိတ်ပြမေးခွန်းများ မေးမြန်းခြင်းဖြင့် ဘက်လိုက်သည့် အဖြေများ

ထွက်ပေါ်လာသည်။ ယူဆချက်များအကို ထောက်ခံရန်အလို့ငှာ တုံ့ပြန်ရန်အတွက် ဖြေဆိုသူအား စေ့ဆော်ပေးသည့် နိမိတ်ပြ မေးခွန်းများ အသုံးပြုခြင်းကို ရှောင်ရှားခြင်းက အမြဲပင် အကောင်းဆုံး ဖြစ်သည် (Roberts, 2020, p.3199)။

သုတေသနဒီဇိုင်းနှင့် နည်းစနစ်ပိုင်းချဉ်းကပ်မှုများက ဘက်လိုမှုရှိမရှိနှင့် စူးစမ်းလေ့လာလျှက်ရှိသည့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် သင့်လျော်ခြင်း ရှိ၊ မရှိ စဉ်းစားရာတွင် သုတေသနကျင့်ဝတ်ကြီးကြပ်ရေး ကော်မတီက အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ နည်းစနစ်ပိုင်း ချဉ်းကပ်မှုက သဟဇာတဖြစ်ပြီး ကျင့်သုံးရာတွင် စည်းကမ်းလိုက်နာမှု၊ ပွင့်လင်းမြင်သာမှုနှင့် သင့်လျော်မှုရှိကြောင်း အရည်အသွေးအခြေပြု သုတေသီများက လက်တွေ့သရုပ်ပြသရမည်။ အခြားသုတေသီများက အချက်အလက်များကို မတူကွဲပြားစွာ အနက်ပြန်ဆိုသည့်တိုင်အောင် အကြောင်းအရာများကို မည်သို့ ပြုစုရေးသားပုံအား သဘောပေါက် နားလည်ခြင်းက တွေ့ရှိချက်များ၏ ခိုင်မာမှုကို သရုပ်ဖော်ရာတွင် မရှိမဖြစ် အရေးပါသည့် အပိုင်းပင် ဖြစ်ပါသည် (Smith & Noble, 2014, p.103)။

## မြန်မာသုတေသီများအတွက် အကြံပြုချက်များ

- အရည်အသွေးအခြေပြုသုတေသနဆိုသည်မှာ ကိန်းဂဏန်းများထက် စကားလုံးများပုံစံဖြင့် အချက် အလက်များကို အလေးထားသည့် သုတေသနနည်းလမ်းတစ်မျိုး ဖြစ်ပါသည်။
- အောက်ပါနည်းစနစ် ပုံစံများအား သုတေသီများက အင်တာဗျူးများတွင် သာမန်အားဖြင့် အသုံးပြုကြသည်-
    ၁. ကြိုတင်သတ်မှတ်ထားခြင်းမရှိဘဲ လွတ်လွတ်လပ်လပ် အင်တာဗျူးခြင်း - လွတ်လွတ်လပ်လပ် စကားစမြည်ပြောဆို အင်တာဗျူးခြင်း ဖြစ်သည် (မေးခွန်းများအား တိတိပပ မသတ်မှတ်ထားဘဲ ဖြေဆိုသူ၏ အကြောင်းအရာနှင့် လိုလားချက်များအပေါ်မူတည်၍ မေးခွန်းအား ပြောင်းလဲ နိုင်သည်။ သို့သော် သုတေသီက ဖော်ထုတ်ခြင်းမပြုသည့် အချက်အလက်များကို ဖြေဆိုသူထံမှ ရရှိသည်။ သို့တည်းမဟုတ် ဖြေဆိုသူထံမှ မေးခွန်းအသစ်ကို ဖော်ထုတ်နိုင်သည်။) သုတေသန အစီအစဉ်က မမျှော်လင့်ထားသည့် အကြောင်းအရာများနှင့် မေးခွန်းများကို အင်တာဗျူး ဖြေဆိုသူများက အစပျိုးပေးခြင်းဖြင့် သုတေသီက စိတ်ဝင်စားလာသည့် ဖြစ်ရပ်များအတွက်

ဤနည်းစနစ်က အသုံးတည့်ပါသည်။ သို့သော် အချိန်အများအပြားလိုအပ်ပြီး အင်တာဗျူးအား ရှည်ရှည်လျားလျား ကူးယူရေးမှတ်ရန် လိုအပ်သည်။

၂. <u>တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသည့် မေးခွန်းများဖြင့် အင်တာဗျူးခြင်း</u> - စံသတ်မှတ်ထားသည့် လွတ်လွတ်လပ်လပ်ဖြေဆိုနိုင်သည့် မေးခွန်းများဖြင့် အင်တာဗျူးခြင်းဖြစ်သည် (ကြိုတင် စီစဉ်ထားသည့် မေးခွန်းများ ဖြစ်သော်လည်း ဖြေဆိုသူက သုတေသီများမေးမြန်းသည့် မေးခွန်းများထက် ကျော်လွန်၍ နောက်ထပ် အချက်အလက်များကို ဖော်ထုတ်နိုင်သည်။ ထို့အပြင် မေးခွန်းအသစ်များကိုလည်း မေးမြန်းနိုင်သည်)။ သုတေသန အစီအစဉ်က မမျှော်မှန်းထားသည့် အချက်အလက်များကို အင်တာဗျူး ဖြေဆိုသူများထံမှ သုတေသီက ရရှိလိုသောအခါ ဤနည်းစနစ်က အသုံးတည့် ပါသည်။ သို့သော် အချိန်အကန့်အသတ်ရှိပြီး အင်တာဗျူးကို ကူးယူရေးမှတ် ရာတွင်လည်း အကန့်အသတ်ရှိနေဆဲ ဖြစ်သည်။

၃. <u>စနစ်တကျသတ်မှတ်ထားသည့် မေးခွန်းများဖြင့် အင်တာဗျူးခြင်း</u> - အသုံးများသည့် အင်တာဗျူး လမ်းညွှန်ချက် နည်းလမ်း ဖြစ်ပြီး လွတ်လွတ် လပ်လပ် ဖြေဆိုနိုင်သည့် မေးခွန်းအသေးစိတ် စာရင်းများ ပါဝင်သည် (အခြေခံကျသည့် မေးခွန်းများအား စာရင်းပြုစုထားသော်ငြား အင်တာဗျူး ဖြေဆိုသူများကို အကြောင်းအရာအသစ် အစပျိုးခြင်း၊ မေးခွန်းပြင်ပ အချက်အလက်များကို ဖော်ထုတ်ခြင်း၊ သုတေသီက မေးမြန်းသည့် မေးခွန်းထက်ကျော်လွန် မေးမြန်းခြင်းတို့ကို ခွင့်မပြုပေ)။ တိကျသည့် မေးခွန်းများမေးမြန်းခြင်းဖြင့် ဖြေဆိုသူများထံမှ အချက်အလက်များကို ကောက်ယူရန် ရည်ရွယ်ပါက ဤနည်းစနစ်က အသုံးဝင်ပါသည်။

- သုတေသနတွင် ပါဝင်သူများထံမှ တစ်ကြိမ်တည်းဖြင့် အကြောင်းအရာတစ်ရပ် သို့မဟုတ် ကိစ္စရပ် တစ်ခုနှင့်ပတ်သက်၍ အမြင်သဘောထား၊ စုံလင်များပြားသည့် အယူအဆများ၊ အတွေ့အကြုံများနှင့် ထင်မြင်ချက်များကို သုတေသီများက ကောက်ယူလိုသည့်အခါ “ဦးတည်အုပ်စု ဆွေးနွေးခြင်း (FGD)" နည်းလမ်းကို အသုံးပြုခြင်းက ပိုကောင်းပါသည်။
- လေ့လာမှုအတွက် လိုအပ်သည့် အချက်အလက်များ ရရှိရန်အတွက် ကောင်းကောင်း ရေးသားပြုစု ထားသည့် မေးခွန်းများက အလွန် အရေးပါပါသည်။ သုတေသန၏ အဓိက ရည်ရွယ်ချက်၊ အကြောင်းအရာတို့နှင့် အင်တာဗျူးမေးခွန်းများက အချိတ်

အဆက်မိနေရမည် ဖြစ်သည်။ အင်တာဗျူး မပြုလုပ်မီ အင်တာဗျူးဖြေဆိုသူများနှင့် မသက်ဆိုင်သည့် လူများကို နမူနာအဖြစ် အသုံးပြုကာ မေးခွန်းများကို စမ်းသပ်မေးမြန်းခြင်းက အထောက်အကူဖြစ်စေသည်။ သုတေသနက လိုအပ်သည့် အချက်အလက်များကို မေးခွန်းများမှ ရရှိနိုင်ခြင်း ရှိ၊ မရှိကို သုတေသီအား ရှာဖွေတွေ့ရှိစေလိမ့်မည် ဖြစ်သည်။ မေးခွန်းများအား စမ်းသပ်ရာတွင် နမူနာ စမ်းသပ်သည့် လူများအား အင်တာဗျူး မေးခွန်းများပိုမိုကောင်းမွန်အောင် မည်သို့ ပြုလုပ်ရမည်ကို အကြံပြုချက်ပေးရန် တောင်းခံပါ။

## ကျမ်းကိုးစာရင်း

Bradburn, Norman; Seymor, Sudman; Wansink, Brian. (2004). *Asking Questions: The Definitive Guide to Questionnaire Design for Market Research, Political Polls, and Social and Health Questionnaires*. Wiley.

Creswell, John. (2009) Research Design: Qualitative, Quantitative, and Mixed Methods Approaches, 3rd Edition. SAGE.

Edwards, R., & Holland, J. (2013). What is qualitative interviewing? A & C Black.

Flick, U. (2018). An introduction to qualitative research. SAGE.

Foddy, William. (1993). Constructing Questions for Interviews and Questionnaires. Cambridge University Press.

GUIDE, HOWTO. (2016). Focus Group Discussion. Available at: https://www.herd.org.np/uploads/frontend/Publications/Publications Attachments1/1485497050-Focus%20Group%20Discussion_0.pdf

Lane, Howard & L. Berg, Burce. (2017). Qualitative Research Methods for the Social Science. 9th edition.

Mayburg, C., and M. Poggempoel. (2007). Qualitative methods: a research approach worth considering. African Journal of Psychiatry Vol.10. Issue 2.

McNamara, Carter. (1999). General Guidelines for Conducting Interviews. ManagementHelp.org. Available at: https://www.qualitative-research.net/index.php/fqs/article/view/175/391

Mishra, Shanti Bhusan & Shashi Alok. (2017). Handbook of Research Methodology. Ebooks2go Inc.

Meho, L. I. (2006). E-mail interviewing in qualitative research: A methodological discussion. Journal of the American society for information science and technology, 57 (10), 1284-1295.

Opdenakker, Raymond. (2006). Advantages and Disadvantages of Four Interview Techniques in Qualitative Research. Forum: Qualitative Social Research 7(4). Available at: https://www.qualitative-research.net/index.php/fqs/article/view/175/392

Roberts, Rosanne. (2020). Qualitative Interview Questions: Guidance for Novice Reserachers. The Quality Report 25(9): 3185-3203.

Seidman, Irving. (2006). Interviewing as qualitative research: A guide for researchers in education and the social sciences. Teachers college press.

Smith, Joanna, and Helen Noble. (2014). Bias in research Evidence-based nursing. 17.4.

Harvard University. (n.d). Some Strategies for Developing Interview Guide, Available at: https://sociology.fas.harvard.edu/files/sociology/files/interview_strategies.pdf

Van Eeuwijk, Peter, and Zuzanna Angehrn. (2017). How to… Conduct a Focus Group Discussion (FGD). Methodological Manual.

# အခန်း (၄)
# အရေအတွက်အခြေပြု နည်းလမ်းများ - စစ်တမ်းကောက်ယူ သုတေသန ပြုခြင်း

အရေအတွက် အခြေပြုသုတေသနတွင် ကိန်းဂဏန်းအချက်အလက်များကို ကောက်ယူစုဆောင်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်းတို့ ပါဝင်သည်။ အရည်အသွေးအခြေပြု သုတေသနနှင့် နှိုင်းယှဉ်ကြည့်ပါက အရေအတွက် အခြေပြုသုတေသနတွင် မတူကွဲပြားသည့် အသုံးပြုနည်းလမ်းများကို ထည့်သွင်းထားသည်။ အင်တာဗျူး မေးမြန်းခြင်း၊ ဦးတည်အုပ်စု ဆွေးနွေးခြင်း သို့မဟုတ် သုတေသနတွင်ပါဝင်သူများအား လေ့လာခြင်း နည်းလမ်းများကဲ့သို့ အရည်အသွေးအခြေပြု ချဉ်းကပ်နည်းများသည် သုတေသီက အသုံးပြုသည့် မေးခွန်းများထက် ကျော်လွန်ကာ သုတေသနပြုလေ့လာသူများအား ပြင်ပအယူအဆများနှင့် အချက်အလက်များကို မိတ်ဆက်ခွင့် ပြုပါသည်။ ထို့ကြောင့် သုတေသီအတွက် မသိကျွမ်းသည့် အမြင်သဘောထားများကို လူတစ်ဦးချင်းစီမှ ရရှိလိုပါက အရည်အသွေးအခြေပြု ချဉ်းကပ်နည်းများက ထိရောက်မှုရှိသည့် သုတေသနနည်းစနစ်များ ဖြစ်ကြသည်။ ဆန့်ကျင်ဘက်အားဖြင့် အရေအတွက်အခြေပြုအချက်အလက်များက လူအများအပြား ပါဝင်သည့် လူအုပ်စုများအား လေ့လာရန်အတွက် အလွန်ပင် အသုံးတည့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် (၁) အုပ်စုတစ်ခု အတွင်း ပါဝင်သည့် အဖွဲ့ဝင်များအကြားရှိ အလားအလာများကို ဖော်ထုတ်ရန်နှင့် (၂) မတူညီသည့် အလားအလာများအကြား ဆက်နွယ်ချက်နှင့် အကြောင်းကြောင့် အကျိုးဖြစ်ခြင်း တို့ကို သတ်မှတ်ရန် လွယ်ကူခြင်းကြောင့် ဖြစ်ပါသည်။ အရေအတွက်အခြေပြုသုတေသနအား စာရင်းအင်းပညာအသုံးပြု လေ့လာဆန်းစစ်မှုဖြင့် သာဓကပြပါသည်။ သုတေသီက ကောက်ယူထားသည့် ကိန်းဂဏန်း အချက်အလက်များကိုအသုံးပြုကာ စာရင်းအင်းများကို တွက်ချက်ပါသည်။

လူအများပါဝင်သည့် အုပ်စုမှ ကိန်းဂဏန်းအချက်အလက်များကို စုဆောင်းရာတွင် စစ်တမ်းများသည် အထိရောက်ဆုံး နည်းလမ်းဖြစ်သည်။ စစ်တမ်းအတွက် ဖြေဆိုပေးသူ များသည် စစ်တမ်းဖြေဆိုသူများ ဖြစ်ကြသည်။ စစ်တမ်းအဖြေများအား အရည်အသွေးအခြေပြု ရလဒ်များ သို့မဟုတ် အရေအတွက် အခြေပြု ရလဒ်များအဖြစ် ကောက်ယူနိုင်သည် (Kelley et al. 2003)။ အရေအတွက်အခြေပြု သုတေသနတွင် ကိန်းဂဏန်းတန်ဖိုးများ သတ်မှတ် ထားသည့် နည်းလမ်းဖြင့် မေးခွန်းနှင့် အဖြေများကို စစ်တမ်းတွင် ထည့်သွင်းထားသည်။

ကိန်းဂဏန်းများအား စာရင်းအင်းပညာနည်းဖြင့် လေ့လာဆန်းစစ်နိုင်ပြီး အထက်အောက်စဉ်လိုက် လေ့လာဆန်းစစ်မှု (latitudinal analysis) သို့မဟုတ် ကာလအစဉ်အတိုင်း လေ့လာဆန်းစစ်မှု (longitudinal analysis) ပြုလုပ်နိုင်သည်။ အထက်အောက်စဉ်လိုက် လေ့လာမှုများက တိတိကျကျ သတ်မှတ်သည့် အချိန်တခဏတွင် စစ်တမ်းဖြေဆိုသူအုပ်စုအတွင်းရှိ အဖွဲ့ဝင်များအကြား လားရာ/အလားအလာတစ်ရပ်ကို ရှာဖွေဖော်ထုတ်ခြင်းဖြစ်သည်။ ကာလ အစဉ်အတိုင်း လေ့လာမှုများဆိုသည်မှာ အချိန်ကာလစဉ် တစ်လျှောက် စစ်တမ်းဖြေဆိုသူများပါဝင်သည့် အုပ်စုအတွင်းရှိ လားရာ/အလားအလာများ ပြောင်းလဲမှုကို နောက်ယောင်ခံရှာဖွေခြင်း ဖြစ်သည် (Nardi, 2018)။

## ၁။ စစ်တမ်းမေးခွန်းများ

မတူကွဲပြားသည့် ပုံစံများဖြင့် ဖော်ပြနိုင်သည်။ သို့သော် စစ်တမ်းမေးခွန်းများ ပုံစံကလည်း စစ်တမ်း ဖြေဆိုရာတွင် ဘက်လိုက်မှု ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် စစ်တမ်းမေးခွန်းပုံစံ အမျိုးမျိုးကို သိရှိရမည် ဖြစ်ပြီး စစ်တမ်းမေးခွန်းများရှိ ဘက်လိုက်မှု အမျိုးမျိုးကိုလည်း သိရှိရမည် ဖြစ်သည်။ ၎င်းတို့အား အောက်ပါအတိုင်း ခေါင်းစဉ်ခွဲများဖြင့် တစ်ခုချင်းစီ ရှင်းပြထားပါသည်။

### (က) စစ်တမ်းမေးခွန်းပုံစံများ

စစ်တမ်းဖြေဆိုသူများထံမှ သုတေသီက ကောက်ယူလိုသည့် အချက်အလက်အမျိုးအစားများအပေါ် မူတည်၍ စစ်တမ်းမေးခွန်းပုံစံကို ရွေးချယ်သည်။ အချက်အလက်များကောက်ယူရန်အတွက် စစ်တမ်းများကို အသုံးပြုလိုသည့် သုတေသီများက စစ်တမ်းဖြေဆိုသူများထံမှ မည်သည့် အချက်အလက်အမျိုးအစားများကို ၎င်းတို့က ကောက်ယူလိုသည်ကို စဉ်းစားရမည် ဖြစ်သည်။ အသုံးများသည့် စစ်တမ်းမေးခွန်းပုံစံများ အနှစ်ချုပ်ကို အောက်တွင် တင်ပြထားပါသည်။ မေးခွန်းပုံစံတစ်ခုချင်းစီအတွက် ဥပမာများနှင့်အတူ ထည့်သွင်း ဖော်ပြထားသည်။

#### အဖြေအကန့်အသတ်ရှိသည့် မေးခွန်းများ (Close-ended questions)

အဖြေအကန့်အသတ်ရှိသည့် မေးခွန်းများက စစ်တမ်းဖြေဆိုသူများအတွက် ရွေးချယ်စရာ အဖြေများကို အကန့်အသတ်ဖြင့်သာ စီစဉ်ထားရှိပါသည် (Pew Research Center, 2022)။ လားရာ/အလားအလာများကို ရိုးရိုးစင်းစင်း သတ်မှတ်နိုင်ရန်အတွက် သုတေသီက အဖြေများကို သတ်သတ်မှတ်မှတ် ထားရှိလိုသည့်အခါတွင် အဖြေအကန့်အသတ် ရှိသည့် မေးခွန်းများက

အသုံးတည့်ပါသည်။ အဖြေအကန့်အသတ်ရှိသည့် မေးခွန်းဥပမာကို အောက်တွင် ဖော်ပြထား ပါသည်။ မေးခွန်းတစ်ခုအတွက် အဖြေအများအပြား ပေးထားသည့်အနက် အဖြေ တစ်ခုတည်းကိုသာ စစ်တမ်းဖြေဆိုသူက ရွေးချယ်ရန် တောင်းဆိုထားသည်။

| | |
|---|---|
| အဖြေအကန့်အသတ်ရှိသည့် မေးခွန်း | ရန်ကုန်မြို့ကို သင်ဘာ့ကြောင့် ကြိုက်နှစ်သက်သလဲ?<br>• ____ အလွန်ပင် သန့်ရှင်းခြင်းကြောင့် ဖြစ်သည်။<br>• ____ အလွန်ပင် လုံခြုံစိတ်ချရခြင်းကြောင့် ဖြစ်သည်။<br>• ____ လုပ်ကိုင်စရာ အများအပြား ရှိခြင်းကြောင့် ဖြစ်သည်။<br>• ____ အလုပ်ကောင်းကောင်း ရရှိနိုင်ခြင်းကြောင့် ဖြစ်သည်။ |

## လွတ်လွတ်လပ်လပ် ဖြေဆိုရသည့် မေးခွန်းများ (Open ended questions)

လွတ်လွတ်လပ်လပ် ဖြေဆိုရသည့် မေးခွန်းများက အဖြေအကန့်အသတ်ရှိသည့် မေးခွန်းများနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ လွတ်လွတ်လပ်လပ် ဖြေဆိုရသည့် မေးခွန်းများက သုတေသီ မသိရှိရသေးသည့် အဖြေများအား စစ်တမ်းဖြေဆိုသူများကို ဖြေဆိုခွင့် ပေးထားခြင်းကြောင့် ဖြစ်သည် (Pew Research Center, 2022)။ သုတေသီ မမျှော်လင့် ထားသည့် အချက်အလက်များ သို့မဟုတ် အမြင်သဘောထားများကို ကောက်ယူစုဆောင်းခွင့် ရရှိစေသည်။ ထို့ကြောင့် သုတေသီက ပိုမို နားလည်သဘောပေါက်လာနိုင်သည်။ သို့ရာတွင် ရွေးချယ်စရာအဖြေများထက် ကျော်လွန်၍ စစ်တမ်းဖြေဆိုသူအား ဖြေဆိုခွင့် ပေးထားသည့် အတွက်ကြောင့် စစ်တမ်းဖြေဆိုသူများပါဝင်သည့် အုပ်စုအတွင်း လားရာ/အလားအလာများကို ဖော်ထုတ်ရန် ပိုမို ခက်ခဲပါသည်။ လွတ်လွတ်လပ်လပ် ဖြေဆိုရသည့် မေးခွန်း ဥပမာတစ်ရပ်ကို အောက်တွင် ဖော်ပြထားပါသည်။ စစ်တမ်းဖြေဆိုသူများအား ၎င်းတို့ကိုယ်ပိုင် အဖြေများကို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် လွတ်လွတ်လပ်လပ် ရေးသားဖြေဆိုခွင့် ပေးထားပါသည်။

| | |
|---|---|
| လွတ်လွတ်လပ်လပ် ဖြေဆိုရသည့် မေးခွန်း | *ရန်ကုန်မြို့ကို ဘာ့ကြောင့် ကြိုက်နှစ်ရသည်ကို ကျေးဇူးပြု၍ ရှင်းပြပါ။* ________________________________________ |

### အမျိုးအစားကဏ္ဍကို မေးမြန်းသည့် မေးခွန်းများ (Categorical questions)

စစ်တမ်းဖြေဆိုသူများအတွက် သတ်မှတ်ထားသည့် အဖြေပုံစံကို ထိန်းချုပ်ခြင်းဖြင့် အမျိုးအစားကဏ္ဍကို မေးမြန်းသည့် မေးခွန်းများသည် အဖြေအကန့်အသတ်ရှိသည့် မေးခွန်းများထက် ပို၍ တင်းကျပ်ထားသည် (Nardi, 2018)။ ဥပမာအားဖြင့် စစ်တမ်းဖြေဆိုသူများအား အဖြေများက မှန်သည် သို့မဟုတ် မှားသည်ကို ဖိအားပေး ဖြေဆိုခိုင်းနိုင်သည်။ သို့တည်းမဟုတ် စစ်တမ်းဖြေဆိုသူများအား အဖြေအများအပြားအနက်မှ အဖြေတစ်ခုကို ရွေးချယ် ဖြေဆိုခြင်းပုံစံ (multiple-choice format) ကို ပြုရန် တွန်းအားပေးနိုင်သည် (ဆိုလိုသည်မှာ အဖြေအများအပြားအနက်မှ အဖြေတစ်ခုတည်းကိုသာ စစ်တမ်းဖြေဆိုသူများအား ရွေးချယ်ခိုင်းခြင်း ဖြစ်သည်)။ အမျိုးအစားကဏ္ဍကို မေးမြန်းသည့် မေးခွန်းများအတွက် ဥပမာများကို အောက်တွင် ဖော်ပြထားသည်။

| | |
|---|---|
| အမျိုးအစား ကဏ္ဍကို မေးမြန်းသည့် မေးခွန်း | • အဖြေနှစ်မျိုးအနက် တစ်မျိုးကို မေးမြန်းသည့် မေးခွန်း -<br>❖ ရန်ကုန်မြို့သည် နေချင့်စဖွယ်နေရာ ဖြစ်သည်။ (မှန်/မှား)<br>• အဖြေအများအပြားအနက်မှ အဖြေတစ်ခုတည်းကို မေးမြန်းသည့် မေးခွန်း - မြန်မာနိုင်ငံတွင် လည်ပတ်ရန်အကောင်းဆုံးမြို့တော်မှာ -<br>❖ ရန်ကုန်မြို့<br>❖ မန္တလေးမြို့<br>❖ နေပြည်တော်<br>❖ အခြားမြို့ (အသေးစိတ်ဖော်ပြပါ) ____________________ |

### စကေးတူအခြေပြု-အချိုးအခြေပြု (အဆင့်သတ်မှတ်ချက် စကေး) မေးခွန်းများ (Interval-ratio (Likert scale) questions)

အကြောင်းအရာတစ်ရပ်ကို တိတိပပ မေးမြန်းထားသည့် မေးခွန်းတစ်ခုနှင့် ပတ်သက်၍ စစ်တမ်း ဖြေဆိုသူများ၏ ခံစားချက် ပမာဏ သို့မဟုတ် အတိမ်အနက်ကို ဖော်ညွှန်းနိုင်ရန် အတွက် စကေးတူအခြေပြု-အချိုးအခြေပြု မေးခွန်းများက မေးမြန်းပါသည်။ ၎င်းတို့အား အဆင့်

သတ်မှတ်ချက် စကေးမေးခွန်းများဟုလည်း တစ်ခါတစ်ရံ ခေါ်ဆိုကြသည်။ အဘယ့်ကြောင့် ဆိုသော် သုတေသနပြုသည့် လူများပါဝင်သော အုပ်စုအတွင်းရှိ အဖွဲ့ဝင်များအကြား ခံစားချက် အတိုင်းအဆကို နှိုင်းယှဉ်ကာ နားလည်သဘောပေါက်ရန်အတွက် ရှာဖွေခဲ့သူ စိတ်ပညာရှင် Rensis Likert က တွယ်ကျယ်လာအောင် အသုံးပြုခဲ့ခြင်းကြောင့် ဖြစ်သည် (Jenn, 2006)။ အနည်းဆုံးမှ အများဆုံး သတ်မှတ်ချက်ကို ကိုယ်စားပြုထားသည့် စကေးတစ်ခုကို စကေးတူ အခြေပြု-အချိုးအခြေပြု မေးခွန်းများက သုတေသနတွင် ပါဝင်သူများအား ဖြေဆိုနိုင်ရန် ပေးထားသည် (ဥပမာ ကိန်းဂဏန်း ၁ ကို သဘောတူညီမှု အနည်းဆုံးအဖြစ်လည်းကောင်း၊ ကိန်းဂဏန်း ၁၀ ကို သဘောတူညီမှု အမြင့်မားဆုံးအဖြစ်လည်းကောင်း သတ်မှတ်ကာ ဂဏန်း ၁ မှ ၁၀ နံပါတ်များ သတ်မှတ်ခြင်းဖြင့် မေးခွန်းအတွက် သဘောတူညီမှု အတိုင်းအဆကို ဖော်ညွှန်းခြင်း ဖြစ်သည်)။ စကေးတူအခြေပြု-အချိုးအခြေပြု မေးခွန်းဥပမာကို အောက်တွင် ဖော်ပြထားသည်။

| စကေးတူ အခြေပြု/ အချိုးအခြေပြု နှင့် အဆင့် သတ်မှတ်ချက် စကေး မေးခွန်း | ရန်ကုန်မြို့သည် နေထိုင်ရန် ကောင်းမွန်သည်။ | | | | |
|---|---|---|---|---|---|
| | လုံးဝ သဘောမတူပါ | တစ်စိတ်တစ်ပိုင်း သဘောမတူပါ | မသေချာပါ | တစ်စိတ်တစ်ပိုင်း သဘောတူသည် | အပြည့်အဝ သဘောတူသည် |
| | ၁ | ၂ | ၃ | ၄ | ၅ |

## ကိုယ်တိုင်အဆင့်သတ်မှတ်ချက်ကို မေးမြန်းသည့် မေးခွန်းများ (Rank order questions)

အဆင့်သတ်မှတ်ချက်မေးခွန်းများက စစ်တမ်းဖြေဆိုသူအား သုတေသီက သတ်မှတ်ထားသည့် စကေးအုပ်စုများထဲမှ အဖြေတစ်ခုကို ရွေးချယ်ခိုင်းခြင်း ဖြစ်ရာ ကိုယ်တိုင်အဆင့်သတ်မှတ်ချက်ကို မေးမြန်းသည့် မေးခွန်းများက စစ်တမ်းဖြေဆိုသူကို ၎င်းတို့ကိုယ်တိုင် ပုဂ္ဂလိက သတ်မှတ်ချက် စကေးအား ဖော်ပြရန် မေးမြန်းပါသည်။ ဖြစ်နိုင်သည့် အဖြေအမျိုးမျိုး၏ အရေးပါမှု သို့မဟုတ် အလေးအနက်ရှိမှုတို့ကို စစ်တမ်းဖြေဆိုသူက မည်သို့ အဆင့်သတ်မှတ်သည် သို့မဟုတ် အစီအစဉ်ထားသိုသည်ကို ဖော်ထုတ်ရာတွင် ကိုယ်တိုင်အဆင့်သတ်မှတ်ချက်ကို မေးမြန်းသည့် မေးခွန်းများက အသုံးဝင်ပါသည် (Fowler, 2009)။

ကိုယ်တိုင်အဆင့်သတ်မှတ်ချက်ကို မေးမြန်းသည့် မေးခွန်းတွင် စစ်တမ်းဖြေဆိုသူများအတွက် ဖြေဆိုနိုင်သည့် အဖြေအမျိုးမျိုးကို သုတေသီက ထိန်းချုပ်ပြီး အဖြေအမျိုးမျိုးအကြား သဘောကျနှစ်သက်မှုအတိုင်းအဆကို စစ်တမ်းဖြေဆိုသူများက သတ်မှတ်နိုင်ကြသည်။ ကိုယ်တိုင် အဆင့် သတ်မှတ်ချက် မေးခွန်းဥပမာကို အောက်တွင် ဖော်ပြထားပါသည်။

| | |
|---|---|
| ကိုယ်တိုင်<br>အဆင့်သတ်မှတ်ချက်ကို<br>မေးမြန်းသည့် မေးခွန်း | ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရန်အတွက်<br>အောက်ပါအချက်များကို ၎င်းတို့၏ အရေးပါမှုအရ အဆင့်<br>သတ်မှတ်ပါ (၁ သည် အရေးအကြီးဆုံး သို့မဟုတ်<br>အရေးအပါဆုံး ဖြစ်သည်)<br><br>• ____ အဆင့်မြင့် လမ်းများ<br>• ____ အဆင့်မြင့် မြို့ပတ်ရထား<br>• ____ သဘော်သတက္ကစီများ<br>• ____ ဈေးဝယ်စင်တာများ ပိုမို များပြားခြင်း<br>• ____ ဟိုတယ်များ ပိုမို ရှိလာခြင်း<br>• ____ လူနေအိမ်ယာများ ပိုမို ရှိလာခြင်း<br>• ____ စာသင်ကျောင်းများ ပိုမို<br>ဆောက်လုပ်ခြင်း<br>• အခြား ___________________________ |

### ဇယားပုံစံ မေးခွန်းများ (Matrix questions)

အဖြေများအား အတူအညီရွေးချယ်နိုင်သည့် စစ်တမ်းမေးခွန်းအမျိုးအပြားကို သုတေသီက အလိုရှိပါက ဇယားပုံစံမေးခွန်းများက သင့်လျော်ပါသည်။ စစ်တမ်းပုံစံတွင် လိုအပ်သည့် နေရာပမာဏကို ဇယားပုံစံမေးခွန်းများက လျှော့ချနိုင်သည် (Nardi,2018)။ အဆင့်သတ်မှတ်ချက်စကေးမေးခွန်းများကို အသုံးပြုထားသည့် ဇယားပုံစံမေးခွန်း ဥပမာကို အောက်တွင် ဖော်ပြထားသည်။

<table>
<tr>
<td>ဇယားပုံစံ<br>မေးခွန်း</td>
<td>အောက်ပါ စံနှုန်း သတ်မှတ်ချက်များအရ ဤစာအုပ်ကို အဆင့်သတ်မှတ်ပါ။
<table>
<tr><th></th><th>ညံ့သည်</th><th>အသင့်အတင့်</th><th>ကောင်းသည်</th></tr>
<tr><td>အကြောင်းအရာ၏ အရေးပါမှု</td><td></td><td></td><td></td></tr>
<tr><td>နားလည် သဘောပေါက်ရန် လွယ်ကူခြင်း</td><td></td><td></td><td></td></tr>
<tr><td>စာအုပ်ပုံနှိပ်သည့် စာရွက် အရည်အသွေး</td><td></td><td></td><td></td></tr>
<tr><td>လူတိုင်း လက်လှမ်းမီ ဝယ်ယူနိုင်သည့် စာအုပ်ဈေးနှုန်း</td><td></td><td></td><td></td></tr>
</table>
</td>
</tr>
</table>

## (ခ) ဘက်လိုက်မေးမြန်းသည့် မေးခွန်းများ (Biased questions)

စစ်တမ်းကောက်ယူရန်အတွက် မေးခွန်းများ ရေးသားပြုစုရာတွင် ဘက်လိုက်မေးမြန်းသည့် မေးခွန်းများကို ရှောင်ကြဉ်ရန် သုတေသီက ဂရုပြုရမည် ဖြစ်သည်။ ဘက်လိုက်မေးမြန်းသည့် မေးခွန်းများက အရည်အသွေး မပြည့်မီသည့် အချက်အလက်များကို ထွက်ပေါ်စေသည်။ အဘယ့်ကြောင့်ဆိုသော် အချက်အလက်များကို လိုရာဆွဲ၍ မမှန်မကန် လေ့လာဆန်းစစ်ခြင်း ဖြစ်စေသည့် အဖြေများကို စစ်တမ်း ဖြေဆိုသူများက ဖြေဆိုစေအောင် ဦးတည်စေသည့် အတွက်ကြောင့် ဖြစ်သည်။ ဘက်လိုက်မေးမြန်းသည့် မေးခွန်းဥပမာများကို အောက်တွင် စာရင်း ပြုစုထားပါသည်။ လေ့လာဆန်းစစ်ရာတွင် ၎င်းမေးခွန်းများက မည်သည့်အတွက်ကြောင့် ပြဿနာများ ဖြစ်ပေါ်စေသည်ကို ဥပမာဥပမေယျများနှင့်

ရှင်းလင်းပြသထားပါသည် (Pew, 2022; Nardi, 2018; Fowler,2009; Jenn, 2006; Kelley et al. 2003)။

| ဘက်လိုက်မေးမြန်းသည့် မေးခွန်းပုံစံများ | ဥပမာ | ဘက်လိုက်မှုအမျိုးအစား |
|---|---|---|
| အငြင်းပြ မေးခွန်း<br>(Negative question) | သင် သဘောတူသည် မတူသည်ကို ဖော်ပြပါ - ဆိုင်ဘာလုံခြုံရေး ဆိုသည့် အသုံးအနှုန်းကို ကျွန်ုပ် ဘယ်တုန်းကမျှ မကြားဘူးခဲ့ပါ။<br>• ကြားဖူးပါသည်။<br>• မကြားဘူးပါ။ | ဟုတ်မှန်သည့် အဖြေကို လမ်းကြောင်းပေးရန်အတွက် “မဟုတ်ကြောင်း” အဖြေကို လိုအပ်သည်။ ထို့ကြောင့် ဖြေဆိုသူအတွက် မေးခွန်းက ရှုပ်ထွေးသွားစေသည်။<br>“ဆိုင်ဘာလုံခြုံရေးဆိုသည့် အသုံးအနှုန်းကို ကျွန်ုပ်ကြားဖူးပါသည်” ဟူ၍ အငြင်းစကားလုံးကို ရှောင်ရှားခြင်းက ပိုကောင်းပါသည်။ |
| အငြင်းနှစ်ခါပြ မေးခွန်း<br>(Double negative question) | ကုမ္ပဏီက တရားမဝင် ပြုမူဆောင်ရွက်ခြင်း မရှိတာ ဟုတ်ပါသလား? | အငြင်းစကားလုံး နှစ်ခု အသုံးပြုခြင်းက ဖြေဆိုသူအတွက် မေးခွန်းကို ရှုပ်ထွေးသွားစေသည်။<br>“ကုမ္ပဏီက တရားဝင် ဆောင်ရွက်နေပါသလား?” ဟု မေးမြန်းခြင်းက ပိုကောင်းပါသည်။ |
| မသဲကွဲသည့် မေးခွန်း<br>(Vague question) | မြန်မာနိုင်ငံက အခြားနိုင်ငံများထက် ပို၍ ဈေးကြီးပါသလား? | ကျယ်ပြန့်ပြီး မရှင်းလင်းသည့် မေးခွန်းကို မေးမြန်းခြင်း ဖြစ်သည် (ဥပမာ ဈေးကြီးသည်ဟူသည့် |

| | | |
|---|---|---|
| | | စကားလုံးတွင် အဓိပ္ပာယ် အတိအကျ မပါရှိပါ)<br>"ထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ဆန်စပါးဈေးနှုန်းက ပိုကြီးပါသလား?" ဟု အတိအကျ မေးမြန်းခြင်းက ပိုကောင်းသည်။ |
| အဖြေနှစ်မျိုး ဆန့်ကျင်လျှက် ရှိနေသည့် မေးခွန်း (Dichotomous question) | တရားမဝင် တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုအကြောင်း သင်သိပါသလား?<br>• သိပါသည်။<br>• မသိပါ | ဖြေဆိုသူအတွက် အဖြေ ၂ မျိုးသာ ရွေးချယ်ခွင့် ပေးထားသည်။ သို့သော် ဖြေဆိုသူတွင် ခံစားချက် အမျိုးမျိုး ရှိနိုင်သည်။ "တရားမဝင် တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုအကြောင် သင် မည်မျှ သိရှိပါသနည်း?" ဟု ရွေးချယ်နိုင်သည့် အဖြေ အများအပြား ပေးခြင်းက ပိုကောင်းသည်။<br>• ဘယ်တုန်းကမှ မကြားဘူးပါ<br>• ကြားဖူးပါသည် သို့သော် အဓိပ္ပာယ် မသိပါ<br>• ၎င်းကုန်သွယ်မှု အကြောင်း မြန်မာနိုင်ငံ၏ ဥပဒေများကို သိပါသည်<br>• ၎င်းကုန်သွယ်မှုအကြောင်းကို မြန်မာအစိုးရထက် ကျွန်ုပ် ပိုသိပါသည် |

| | | |
|---|---|---|
| ရည်ရွယ်ချက် နှစ်ရပ် (ပေါင်း၍သော် လည်းကောင်း၊ နှစ်မျိုးစလုံးက တိုက်ရိုက်သော် လည်းကောင်း) ပါသည့် မေးခွန်း (Double-barreled (compound or double-direct) question) | မြန်မာရှေ့နေများ၏ လုပ်ဆောင်ချက်နှင့် ၎င်းတို့၏ ပညာရှင်ကျင့်ဝတ်များကို လိုက်နာမှုတို့အပေါ် သင ကျေနပ်မှု ရှိပါသလား? | မတူညီသည့် အကြောင်းအရာ နှစ်ခုနှင့် စပ်လျဉ်း၍ ဖြေဆိုသူအား အဖြေတစ်ခုတည်း ဖြေဆိုရန် မျှော်မှန်းထားခြင်း ဖြစ်သည်။ အကြောင်းအရာများအား ခွဲခြားခြင်းက ပိုကောင်းပါသည်-<br>• မြန်မာရှေ့နေများ၏ လုပ်ဆောင်ချက်ကို သင ကျေနပ်ပါသလား?<br>• မြန်မာရှေ့နေများက ၎င်းတို့၏ ပညာရှင်ကျင့်ဝတ် များကို လိုက်နာကျင့်သုံးမှုအပေါ် သင ကျေနပ်ပါသလား? |
| နိမိတ်ပြ (နိဒါန်းပျိုးသည့်) မေးခွန်း (Leading (or lead-in) question) | ဒေါ်နယ်ထရန့်က မည်မျှ ဆိုးသွမ်းပါသလဲ? | လိုချင်သည့်အဖြေကို ဖြေဆိုသူအား အဆိုပြုထားခြင်း ဖြစ်သည်။<br>“ဒေါ်နယ်ထရန့်အပေါ် သင့် သဘောထားက မည်သို့ ရှိပါသလဲ?” ဟူသည့် ဘက်မလိုက်သည့် စကားရပ်ကို အသုံးပြုခြင်းက ပိုကောင်းပါသည်။ |
| ဗန်းစကားအသုံးပြု မေးခွန်း (Jargon question) | သင်နှင့် အလုပ်တွဲလုပ်သူများနှင့် အကြိမ်မည်မျှ မျက်နှာချင်းဆိုင် | အသုံးအနှုန်း (ဥပမာ “မျက်နှာချင်းဆိုင်တွေ့ချိန်”) ကို စာဖတ်သူက နားလည်ကြောင်း ယူဆခြင်း ဖြစ်သည်။ |

| | | |
|---|---|---|
| | တွေ့ချိန် (face-time) ပြုလုပ်ပါသလဲ?<br>• ဘယ်တော့မျှ<br>• တစ်ပတ်လျှင် တစ်ကြိမ်ထက် ပိုပါသည်<br>• တစ်ပတ်လျှင် တစ်ကြိမ်<br>• တစ်ပတ်လျှင် တစ်ကြိမ်အောက် | "မျက်နှာချင်းဆိုင် တွေ့ချိန်" ဆိုသည်မှာ အင်တာနက်ပေါ်တွင် ဗွီဒီယိုကွန်ဖရင့် အသုံးပြုခြင်းဖြင့် အခြားသူများနှင့် တွေ့ဆုံခြင်း ဖြစ်သည်။ ရက်သတ္တပတ် တစ်ပတ်တွင် သင် ဤသို့ တွေ့ဆုံမှုကို အကြိမ်မည်မျှ ပြုလုပ်ပါသနည်း?" ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုခြင်း သို့မဟုတ် သာမန် စကားလုံး အသုံးပြုခြင်းက ပိုကောင်းသည်။ |
| အဖြေအများအပြား ပါဝင်နိုင်သည့် မေးခွန်း (Loaded question) | သင် မည်သည့် အရက်ပါဝင်သည့် ဖျော်ရည်ကို ကြိုက်နှစ်သက် ပါသလဲ? | ဖြေဆိုသူအတွက် မှန်ကန်မှု မရှိနိုင်သည့် ယူဆချက်ကို ပြုလုပ်ခြင်း ဖြစ်သည်။ မေးခွန်း နှစ်ခုအဖြစ် ခွဲခြား မေးမြန်းခြင်းက ပိုကောင်းသည်။<br>• သင် အရက်သောက်သုံး ပါသလား?<br>• အရက်သောက်ပါက သင် ဘယ်အရက် အမျိုးအစားကို အကြိုက်ဆုံးပါလဲ? |

## ၂။ စစ်တမ်းကောက်ယူခြင်း

စစ်တမ်းမေးခွန်းပုံစံအပြင် စစ်တမ်းဖြန့်ဝေရာတွင်လည်း ပြဿနာများ ကြုံတွေ့ရနိုင်ခြေရှိသည်။ စစ်တမ်း ဖြန့်ဝေပုံက ဘက်လိုက်မှုရှိသည့် စစ်တမ်းရလဒ်များ ထွက်ပေါ်လာနိုင်သည်။ ဘက်လိုက်မှုပုံစံ အမျိုးမျိုးကို ဖြစ်ပေါ်စေသည့် ဖြန့်ဝေသည့် ပုံစံ အမျိုးမျိုး ရှိပါသည် (Pew, 2022; Nardi, 2018; Fowler, 2009; Jenn, 2006; Kelley et al. 2003)။

ပြဿနာနမူနာများစာရင်းကို အောက်တွင် ဖော်ပြထားပြီး ပြဿနာတစ်ရပ်ချင်းစီအတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်း ဖော်ပြထားသည်။

## ကြိုတင်သိရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှု (Demand bias)

စစ်တမ်း/အင်တာဗျူးအကြောင်း ကြိုတင်သိရှိမှုအပေါ် အခြေခံ၍ ဖြေဆိုသူက အဖြေများ ပေးသည့်အခါ ကြိုတင်သိရှိခြင်းကြောင့် ဘက်လိုက်မှု ဖြစ်ပေါ်လာသည် (ဆိုလိုသည်မှာ ဖြေဆိုသူက စစ်တမ်းကောက်ယူမှု၏ ရည်ရွယ်ချက်ကို ခန့်မှန်းရန် ကြိုးစားပြီးနောက် ရည်ရွယ်ချက်နှင့်ကိုက်ညီအောင် ဖြေဆိုကြခြင်း ဖြစ်သည်)။ အောက်ပါ နည်းလမ်းများကို အသုံးပြုခြင်းဖြင့် ကြိုတင်သိရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှုများကို နည်းပါးအောင် ပြုလုပ်နိုင်သည်။

- စစ်တမ်း/အင်တာဗျူးမေးခွန်းများ အသေးစိတ် ရေးသားခြင်းကို နည်းနိုင်သမျှ နည်းအောင် ကြိုးစားပါ။
- ကြားကျကျ/ဘက်လိုက်မှုကင်းအောင် ကြိုးစားပါ။
- မေးခွန်းလွှာအား လူများ ကြိုတင်သိရှိမှုနည်းအောင် ပြုလုပ်ပါ။

## လူမှုရေးရာ လိုလားချက်အရ ဖြစ်ပေါ်သည့် ဘက်လိုက်မှု (Social desirability bias)

စစ်တမ်းဖြေဆိုသူက ကျင့်ဝတ်သီလပိုင်းအပေါ် ၎င်း၏ ပုဂ္ဂလိက သဘောထားအပေါ် မူတည်၍ အဖြေများ ဖြေဆိုသည့်အခါတွင် လူမှုရေးရာ လိုလားချက်အရ ဘက်လိုက်မှု ဖြစ်ပေါ်လာသည် (ဆိုလိုသည်မှာ လူများက ၎င်းတို့ကို ကဲ့ရဲ့ခံရမည့် နည်းလမ်းဖြင့် ဖော်ပြလိုစိတ် မရှိကြပေ)။ အကယ်၍ စစ်တမ်းဖြေဆိုသူများအား ၎င်းတို့၏ ပုဂ္ဂလိက ကျင့်ဝတ်သီလအပေါ် အခြေပြုပြီး မေးခွန်း မဖြေဆိုစေလိုပါက ပုဂ္ဂိုလ်စွဲကင်းသော မေးခွန်းများကို အသုံးပြုပါ။ ဥပမာအားဖြင့်

- အသုံးမပြုရ - "သင် လာဘ်ပေးလာဘ်ယူ ပြုလုပ်ပါသလား?" (ဤမေးခွန်းက လူမှုရေးရာ လိုလားချက် အရ ဘက်လိုက်မှုကို ဖြစ်ပေါ်စေသည်။ အဘယ့်ကြောင့် ဆိုသော် လာဘ်ပေးလာဘ်ယူ မလုပ်သည့် ကျင့်ဝတ်သီလ ကောင်းမွန်သူအဖြစ် ဖြေဆိုသူက အထင်ကြီးလေးစားခံလိုခြင်းကြောင့် ဖြစ်သည်)
- ပိုကောင်းသည့် နည်းလမ်း - "သင့်ဝန်ကြီးဌာနမှာ ရှိနေသူများက လာဘ်ပေးလာဘ်ယူ ပြုလုပ်နေကြတယ်လို့ သင် ထင်မြင်ပါသလား?" (ဤမေးခွန်းက

လူမှုရေးရာ လိုလားချက်အရ ဖြစ်ပေါ်လာသည့် ဘက်လိုက်မှုကို ရှောင်ရှားစေနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဤမေးခွန်းက ဖြေဆိုသူများအား ၎င်းတို့ကိုယ်ကို ဖော်ပြရန် မေးမြန်းခြင်း မဟုတ်ဘဲ အခြားသူများအား ဖော်ပြရန် မေးမြန်းခြင်းကြောင့် ဖြစ်သည်)

## မဖြေဆိုခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှု (Non-response bias)

စစ်တမ်းလွှာကို ဖြန့်ဝေသည့်အခါ လူအုပ်စုကြီးထဲမှ ပုံကျရွေးချယ်ထားသည့် ဖြေဆိုသူများအား စစ်တမ်းလွှာကို ပေးလေ့ရှိပါသည်။ သို့သော် လူများက စစ်တမ်းကို ဖြေဆိုရန် ငြင်းပယ်သည့်အခါ စစ်တမ်းတွင် ပါဝင်သူများက စစ်တမ်းတွင် မပါဝင်သူများနှင့် အလွန်အမင်း ကွဲပြားကြောင်း အဓိပ္ပာယ် သက်ရောက်ပါသည်။ ရလဒ်အနေဖြင့် သင့်တွင် ပုံကျနမူနာ ဆက်လက် မရှိတော့ခြင်း ဖြစ်သည်။ ဤသို့ဖြစ်ရသည့် နမူနာများအား အောက်တွင် ဖော်ပြထားသည်။

- မြန်မာနိုင်ငံတွင် ရှိသည့် လူတိုင်းထံသို့ စစ်တမ်းလွှာအား အီးမေးလ်မှတဆင့် ပေးပို့သည်။ သို့သော် အင်တာနက်ရှိသူများကသာ ဖြေဆိုသူများ ဖြစ်ကြသည်။
- လုပ်ငန်းခွင်ရှိ ဆရာများနှင့် အငြိမ်းစား ဆရာများထံသို့ စစ်တမ်းလွှာကို သင်ပေးပို့ပါက အငြိမ်းစား ဆရာများကသာ စစ်တမ်းဖြေဆိုရန် အချိန်ပေးနိုင်ကြသည်။

မဖြေဆိုခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှုကို လျှော့ချနိုင်သည့် နည်းလမ်းများ ရှိပါသည်။ ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်-

- စစ်တမ်းမေးခွန်းများကို ဖြေဆိုလိုသူများသာ သင့်စစ်တမ်းတွင် ပါဝင်စေရေး သေချာအောင် ဆောင်ရွက်ရမည်။ သို့မှသာ စစ်တမ်းမေးခွန်းများကို ဖြေဆိုရန် ငြင်းဆန်သူများထံမှ အဖြေများကို လေ့လာဆန်းစစ်မှုတွင် ထည့်သွင်းရန် လိုအပ်မည် မဟုတ်ချေ။
- စစ်တမ်းမေးခွန်းများအား နားလည်သဘောပေါက်လွယ်အောင် တိုတိုတုတ်တုတ် ပြုစုပါ။ သို့မှသာ စစ်တမ်းမေးခွန်းများ ဖြေဆိုခြင်းအား လူများက အားလျှော့သွားခြင်း ဖြစ်စေမည် မဟုတ်ပါ။

## သဘောဆန္ဒကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှု (Voluntary bias)

စစ်တမ်းဖြေဆိုရန် သဘောဆန္ဒအလျှောက်ပါဝင်သူက စိတ်ပါဝင်စားမှု အားကောင်းလွန်းပါက သဘောဆန္ဒကြောင့် ဘက်လိုက်မှု ဖြစ်ပေါ်လာပါသည်။ အားကောင်းသည့် စိတ်ပါဝင်စားမှုက အသုံးတည့်သည့် အချက်အလက်များထွက်ပေါ်လာစေသော်လည်း စိတ်ခံစားချက်နှင့် အမြင်သဘောထား အားကောင်းသူများထံမှသာ အချက်အလက်များ ရရှိပါက ပြဿနာရှိပါသည်။ စိတ်ခံစားချက်နှင့် အမြင်သဘောထား အားကောင်းသည့် စစ်တမ်းဖြေဆိုသူများအပေါ်သာ အခြေခံထားသည့် အချက်အလက်များတွင် စိတ်ခံစားချက်နှင့် အမြင်သဘောထား အားမကောင်းသူများထံမှ အချက်အလက်များ မပါဝင်ခြင်းဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ဤအခြေအနေက အချက်အလက်များကို တိမ်းချော် (ဘက်လိုက်) စေပါသည်။ အကြောင်းရင်းမှာ အချက်အလက်များက စိတ်ခံစားချက်နှင့် အမြင်သဘောထား ပြင်းပြသူများထံမှသာ ရရှိလာခြင်းကြောင့် ဖြစ်သည်။

သဘောဆန္ဒကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှုကို လျှော့ချနိုင်ချေရှိသည့် နည်းလမ်းအချို့ ရှိပါသည်-

- စစ်တမ်းမေးခွန်းများကို ဖြေဆိုလိုသည့် ဆန္ဒကြီးမားသူများအပေါ်သာ မှီတည်၍ စစ်တမ်း ကောက်ယူခြင်းကို ရှောင်ကြဉ်ရန် ကြိုးစားပါ။ အဘယ့်ကြောင့်ဆိုသော် စိတ်ဆန္ဒကြီးမားသူများကသာ စစ်တမ်းတွင် ပါဝင်ရန် စေတနာ ထက်သန်ပေလိမ့်ခြင်းကြောင့် ဖြစ်သည်။
- စစ်တမ်းဖြေဆိုရန်အတွက် လူများကို ဆွဲဆောင်သိမ်းသွင်းပါ။ သို့မှသာ ဖြေဆိုရန် သိပ် ဆန္ဒမရှိသူ များက စစ်တမ်းမေးခွန်းများကို ဖြေဆိုလာပေမည် ဖြစ်သည်။
- သင့်သုတေသနတွင် စစ်တမ်းမေးခွန်းများကို ဖြေဆိုရန် ဆန္ဒရှိသူများကိုသာ စစ်တမ်း အချက်အလက်များက ဦးစားပေး ထင်ဟပ်ထားကြောင်း ဝန်ခံပါ။

## အဖြေများ စီစဉ်ထားရှိပုံကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှု (Answers order bias)

အဖြေအများအပြားအနက်မှ အဖြေတစ်ခုကို ရွေးချယ်ဖြေဆိုရမည့် မေးခွန်းများ အသုံးပြုထားသည့် စစ်တမ်းများတွင် စစ်တမ်းမေးခွန်းတစ်ခုအတွက် ပေးထားသည့် ရွေးချယ်စရာ အဖြေများအား စီစဉ်နေရာ ချထားသည့်ပုံစံမှ ထွက်ပေါ်လာသည့် ဘက်လိုက်မှု ဖြစ်သည်။ ဖြစ်နိုင်ခြေရှိသည့် အဖြေများ စီစဉ်နေရာချထားသည့် အခါ အဖြေများအနက် ထိပ်ဆုံး သို့မဟုတ် လက်သင့်ရာ အနီးဆုံးနေရာရှိ အဖြေကို ရွေးချယ်လိုကြသည် (ဥပမာ

ညာသန်တစ်ဦးအနေဖြင့် ၎င်း၏ ညာလက်နှင့် အနီးဆုံးရှိ အဖြေများကို ရွေးချယ်ဖြေဆိုကြလေ့ရှိသည်)။

ပုံမှန်အားဖြင့် အဖြေများစီစဉ်ထားရှိပုံကြောင့် ဖြစ်ပေါ်လာသည့် ဘက်လိုက်မှုကို ဖယ်ရှားရန် အလွယ်ကူဆုံး နည်းလမ်းမှာ အဖြေအများအပြားအနက်မှ အဖြေတစ်ခုကို ရွေးချယ်ဖြေဆိုရသည့် မေးခွန်းများကို စစ်တမ်းတစ်ခုတည်းတွင် အတူအညီ အသုံးပြုခြင်းပင် ဖြစ်သည်။ သို့သော် မေးခွန်းများအကြား အောက်ပါ အချက်တို့ကို ကြိုးစား ဆောင်ရွက်ရမည်-

- မေးခွန်းအမျိုးမျိုးအတွက် အဖြေစီစဉ်ထားရှိပုံကို ပြောင်းလဲပါ။
- မေးခွန်းပုံစံ အမျိုးမျိုးအသုံးပြုပါ။ သို့မှသာ မေးခွန်းအချို့က အဖြေအများအပြား အနက်မှ အဖြေတစ်ခုတည်းသာ ဖြေဆိုရမည့်ပုံစံဖြစ်ပြီး အချို့က ထိုအမျိုးအစား မဟုတ်ပေ။

## အစွန်းရောက် ဘက်လိုက်မှု (Extreme bias)

စကေးတူအခြေပြု-အချိုးအခြေပြု (အဆင့်သတ်မှတ်ချက် စကေး) မေးခွန်းများတွင် အစွန်းရောက် ဘက်လိုက်မှု ဖြစ်ပေါ်လာသည်။ စစ်တမ်းဖြေဆိုသူမှ စိတ်ခံစားချက် ဖြေဆိုရန် မေးခွန်းက နှိုးဆွသည့်အခါ စစ်တမ်းဖြေဆိုသူက ပို၍ အစွန်းရောက်သည့် အဖြေများကို ရွေးချယ်ပေလိမ့်မည် (ဥပမာ အကယ်၍ စစ်တမ်း မေးခွန်းက ဖြေဆိုသူအား ဒေါသထွက်စေပါက ၎င်းအနေဖြင့် "အပြည့်အဝသဘောတူသည်" သို့မဟုတ် "လုံးဝသဘောမတူ" ဆိုသည့် အဖြေကို အလေးပေး ရွေးချယ်ပေလိမ့်မည် ဖြစ်သည်)။

အစွန်းရောက်ဘက်လိုက်မှုကို ကိုယ်တွယ်ရန် အောက်ပါအတိုင်း ဖြစ်နိုင်ပါသည်-

- စစ်တမ်းဖြေဆိုသူထံမှ စိတ်ခံစားချက် ပြင်းထန်သည့် အဖြေများကို လျှော့ချနိုင်ရန်အတွက် ဘက်မျှသည့် စကားရပ်ကို အသုံးပြုရန် ကြိုးစားပါ။
- မေးခွန်း၏ ရည်ရွယ်ချက်က စစ်တမ်းဖြေဆိုသူထံမှ စိတ်ခံစားချက်ပြင်းထန်သည့် အဖြေကို ရရှိရန် ဖြစ်ကြောင်း ဝန်ခံပါ။

## ကြားနေ ဘက်လိုက်မှု (Neutral bias)

မေးခွန်းအများအပြားပါသည့် စစ်တမ်းများတွင် ကြားနေဘက်လိုက်မှုက တစ်ခါတစ်ရံ ဖြစ်ပေါ်သည်။ စစ်တမ်းမေးခွန်းများကို ဖြေဆိုသည့်အခါ စစ်တမ်းဖြေဆိုသူများက အာရုံဝေဝါးကာ ပျင်းရိလာလေ့ရှိသည် သို့မဟုတ် ထူးမခြားနား ဖြစ်လာသည် (ဆိုလိုသည်မှာ ၎င်းတို့က မေးခွန်းများအကြောင်း ဂရုမစိုက်ကြတော့ပေ)။ ထိုသို့အခြေ အနေများတွင်

စစ်တမ်းမေးခွန်းအားလုံးကို အဖြေတစ်ခုတည်း၊ တစ်ပုံစံတည်း ဖြေဆိုခြင်းဖြင့် စစ်တမ်းကို မြန်မြန်ဆန်ဆန် ပြီးဆုံးအောင် စစ်တမ်းဖြေဆိုသူများက ကြိုးစားကြပေမည် (ဥပမာ အဖြေအားလုံးက "ကြားနေ" သို့မဟုတ် "မသေချာ" သို့မဟုတ် "အပြည့်အဝ သဘောတူသည်/လုံးဝသဘောမတူ" စသည်တို့ ဖြစ်ကြသည်)။

ကြားနေဘက်လိုက်မှုကို လျှော့ချသည့် နည်းလမ်းများတွင် အောက်ပါတို့ ပါဝင်သည်-

- ဦးတည်ထားသည့် လူအုပ်စုကြီးအကြောင်း သိရှိရမည်။ သို့မှသာ စစ်တမ်းဖြေဆိုသူများက စစ်တမ်းမေးခွန်း များကို စိတ်ဝင်တစား ရှိကြမည် ဖြစ်သည်။
- စစ်တမ်းအား တိုတိုတုတ်တုတ် ပြင်ဆင်ပါ။ ထို့ကြောင့် စစ်တမ်းမေးခွန်း အနည်းငယ်သာ ထည့်သွင်းရမည် ဖြစ်သည်။
- မေးခွန်း ပုံစံ အစုံအလင် ထည့်သွင်းပါ (တူညီသည့် အကြောင်းအရာ တစ်ခုတည်းအပေါ် အဖြေအများအပြားအနက်မှ အဖြေတစ်ခုတည်း ရွေးချယ်ရသည့် မေးခွန်းများကို အသုံးပြုပါ။ သို့သော် မတူညီသည့် မေးခွန်း ပုံစံများ ဖြစ်ရမည်)။ ဥပမာအားဖြင့် စစ်တမ်းဖြေဆိုသူများက သိုသိပ်တတ်သူ သို့မဟုတ် ပွင့်ပွင့်လင်းလင်းရှိသူ ဖြစ်ကြောင်း စူးစမ်းလေ့လာရာတွင် စစ်တမ်း တစ်ခုတည်းတွင် အောက်ပါ မေးခွန်းနှစ်မျိုးစလုံး အသုံးပြုပါ-
  - ✓ သင်အပြင်ထွက်လည်ပါသလား/ လူမှုပေါင်းသင်းရေးသမား ဖြစ်ပါသလား? ဟုတ်တယ်/ မဟုတ်ဘူး
  - ✓ သင်ဘာကို ပို ကြိုက်နှစ်သက်ပါသလဲ? အိမ်တွင်နေခြင်း/ သူငယ်ချင်းများနှင့် လက်ဘက်ရည် ထွက်သောက်ခြင်း

## ၃။ စစ်တမ်းလေ့လာဆန်းစစ်ခြင်း

စစ်တမ်းများက စစ်တမ်းဖြေဆိုသူများအား ရွေးချယ်ရန် လိုအပ်သည်။ စစ်တမ်း ဖြေဆိုသူများပါဝင်သည့် အုပ်စုက "နမူနာ" ဖြစ်ပြီး စစ်တမ်းဖြေဆိုသူများသည် ယေဘုယျ လူအုပ်စုကြီး၏ အုပ်စုငယ်ဖြစ်ကြောင်း ညွှန်းဆိုပါသည်။ ပြီးခဲ့သည့် အပိုင်းများက "နမူနာနှင့် မသက်ဆိုင်သည့် အမှားများ (non-sampling errors)" အကြောင်း ဆွေးနွေးခဲ့ကြသည်။ ၎င်းအမှားက စစ်တမ်းဖြေဆိုသူများရွေးချယ်ခြင်းနှင့် မသက်ဆိုင်သည့် ပြဿနာ များကြောင့် ဖြစ်ပေါ်လာသည့် အမှားများ ဖြစ်ကြသည်။ စစ်တမ်းဖြေဆိုသူများ ရွေးချယ်ခြင်းမှ

ထွက်ပေါ်လာသည့် အမှားများ ဖြစ်သော "နမူနာရွေးချယ်ခြင်းဆိုင်ရာ အမှားများ (sampling errors)" အကြောင်း ဤအပိုင်းတွင် ဆွေးနွေးသွားမည်။

လူအများအပြားပါဝင်သည့် အုပ်စုအတွင်းရှိ လူတိုင်းထံမှ စစ်တမ်းအဖြေများကို ကောက်ယူရန် ခက်ခဲခြင်းကြောင့် စစ်တမ်းများက နမူနာများကို အသုံးပြုကြသည်။ ထိုသို့အခြေအနေများတွင် ပို၍ ကြီးမားသည့် လူအုပ်စုကြီးကို ကိုယ်စားပြုသည့် လူအနည်းငယ်ထံမှ စစ်တမ်းအချက်အလက်များ ရရှိရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ လူအားလုံးထံမှ စစ်တမ်းကောက်ယူရန် ခက်ခဲပေမည်။ သို့သော် မြန်မာ့လူဦးရေကို ကိုယ်စားပြုသည့် လူအုပ်စုတစ်ခု (သို့မဟုတ် နမူနာတစ်ခု) ထံမှ စစ်တမ်းကောက်ယူရန် ဖြစ်နိုင်ပါသည်။

စစ်တမ်းဖြေဆိုသူများကို ရွေးချယ်သည့် ချဉ်းကပ်နည်းအမျိုးမျိုးနှင့်အတူ စစ်တမ်းနမူနာ ကောက်ယူသည့် နည်းလမ်း အမျိုးမျိုးရှိပါသည်။ ချဉ်းကပ်နည်း တစ်ခုချင်းစီအား "နမူနာရွေးချယ်သည့် နည်းလမ်း" ဟု ခေါ်သည်။ နမူနာရွေးချယ်နည်း တစ်ခုချင်းစီတွင် ကိုယ်ပိုင် အားသာချက်နှင့် အားနည်းချက် အသီးသီး ရှိကြသည်။ ထို့ကြောင့် သုတေသနလုပ်ငန်းအတွက် အသုံးတည့်သည့် အချက်အလက်များကို ပေးနိုင်စွမ်းရှိမှုအပေါ် အခြေခံ၍ ချဉ်းကပ်နည်းတစ်ခုကို သုတေသီက ရွေးချယ်ရမည် ဖြစ်သည်။ ထို့အပြင် ရွေးချယ်ထားသည့် နမူနာရွေးချယ်သည့် နည်းလမ်းကို သုတေသီက ဖော်ပြရမည် ဖြစ်သည်။ သို့မှသာ သုတေသနလုပ်ငန်းတွင် အသုံးပြုသည့် စစ်တမ်း၏ အားသာချက်များနှင့် အားနည်းချက်များကို စာဖတ်သူများက နားလည်သဘောပေါက်ပေလိမ့်မည်။ အများအားဖြင့် နမူနာရွေးချယ်သည့် နည်းလမ်း အမျိုးမျိုးအား "ဖြစ်နိုင်စွမ်းရှိသည့် နမူနာရွေးချယ်ခြင်း (probability sampling)" နှင့် "ဖြစ်နိုင်စွမ်းမရှိသည့် နမူနာရွေးချယ်ခြင်း (non-probability sampling)" အဖြစ် အမျိုးအစားခွဲခြားနိုင်သည်။

## ဖြစ်နိုင်စွမ်းရှိသည့် နမူနာရွေးချယ်ခြင်း (Probability sampling)

လူအုပ်စုကြီးအတွင်းရှိ အဖွဲ့ဝင်တစ်ဦးချင်းစီက စစ်တမ်းတွင် ပါဝင်နိုင်သည့် အခွင့်အလမ်း အတူအညီ ရှိစေရေး အားထုတ်ထားသည့် နမူနာရွေးချယ်သည့် နည်းလမ်းများကို ဖြစ်နိုင်စွမ်းရှိသည့် နမူနာ ရွေးချယ်ခြင်းဟု ခေါ်သည် (Hibberts et al. 2012; Chaudhuri & Stenger, 2005)။ ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ လူတိုင်းက စစ်တမ်းတွင် ပါဝင်ရန် ခက်ခဲကြောင်း သုတေသီက သိရှိသည့်အခါ စစ်တမ်းတွင် ပါဝင်ရန်အတွက် မြန်မာနိုင်ငံရှိ လူတစ်ဦးချင်း၌ အခွင့်အလမ်း အတူတူ အသေအချာ ရှိစေရန် သုတေသီက ဆောင်ရွက်ရမည် ဖြစ်သည်။

အသုံးများသည့် ဖြစ်နိုင်စွမ်းရှိသည့် နမူနာရွေးချယ်ခြင်း ပုံစံများအား ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များနှင့် အတူ အောက်ပါအတိုင်း အနှစ်ချုပ် ဖော်ပြထားပါသည်။

| နမူနာ ရွေးချယ်ခြင်း ပုံစံ | ရှင်းလင်းပြချက် | အားသာချက်/ အားနည်းချက် |
|---|---|---|
| လွယ်လင့်တကူ ကောက်ယူသည့် ပုံကျနမူနာ (Simple random sample) | N အရေအတွက်ရှိသည့် လူအစုအဖွဲ့ကြီးမှ x နမူနာကို သင အလိုရှိပါက ၎င်း x အတွင်းရှိ လူတစ်ဦးချင်းစီတွင် N မှ ရွေးချယ်ခံရသည့် အခွင့်အလမ်း အတူအညီ ရှိကြသည် (ဥပမာ အောင်ဘာလေထီ) | • *အားသာချက်* - လူတိုင်းတွင် အခွင့်အလမ်း အညီအမျှ ရှိကြသည်။<br>• *အားနည်းချက်* - လူအုပ်စုကြီး အတွက်မူ လူအုပ်စုကြီးအတွင်းရှိ လူတိုင်းကို သတ်မှတ်ရန် ခက်ခဲပါသည်။ |
| အလွှာခွဲခြား ကောက်ယူသည့် နမူနာ (Stratified sample) | လူအုပ်စုကြီးတစ်ခုလုံးကို အုပ်စုများ/ အလွှာများအဖြစ် ခွဲခြားပြီးနောက် အုပ်စု/ အလွှာတစ်ခုချင်းစီမှ လူများကို ပုံကျနမူနာ လွယ်လင့်တကူ ကောက်ယူခြင်း ပြုလုပ်ပါသည် (ဥပမာ အမျိုးသားနှင့် အမျိုးသမီးဟူ၍ ခွဲခြားပြီးနောက် အုပ်စုတစ်ခုချင်းစီအတွက် ပုံကျနမူနာ ကောက်ပါ) | • *အားသာချက်* - အချက်အလက်များတွင် အုပ်စု/ အလွှာတိုင်းကို ကိုယ်စားပြု ပါဝင်စေသည်။<br>• *အားနည်းချက်* - အုပ်စုများ/ အလွှာများ စီစဉ်ရန်အတွက် ရှုပ်ထွေးပါသည်။ |
| အစုလိုက် ကောက်ယူသည့် နမူနာ (Cluster sample) | လူအစုအဖွဲ့ကြီးအား အစုငယ်များအဖြစ် ခွဲခြားပြီးနောက် အစုငယ်များကို ရွေးချယ်ရန်အတွက် | • *အားသာချက်*- အရင်းအမြစ် များက အကန့်အသတ်ရှိပါက ဆောင်ရွက်ရန် လွယ်ကူပါသည်။ |

| နမူနာ ရွေးချယ်ခြင်း ပုံစံ | ရှင်းလင်းပြချက် | အားသာချက်/ အားနည်းချက် |
|---|---|---|
| | လွယ်လင့်တကူ နမူနာ ကောက်ယူခြင်း ပြုလုပ်ပါ။<br>(ဥပမာ အသက်အုပ်စုငယ်များအား ကဏ္ဍများအဖြစ် ခွဲခြားပြီးနောက် နမူနာ ရွေးချယ်မည့် အသက်အုပ်စုငယ်ကို ပုံကျ ရွေးချယ်ပါ) | • *အားနည်းချက်* - နမူနာအတွက် မရွေးချယ်ထားသည့် အုပ်စုငယ်များ ထံမှ အချက်အလက် မရရှိနိုင်သည့် အန္တရာယ် ကြုံတွေ့နိုင်သည်။ |
| စနစ်တကျ ပုံကျ ကောက်ယူသည့် နမူနာ (Systematic random sample) | လူအစုအဖွဲ့ကြီးရှိ လူတိုင်းကို စာရင်း ပြုစုပြီးနောက် ပုံမှန် အပိုင်းအခြားတစ်ခုရှိ လူများကို အင်တာဗျူးမေးမြန်းပါ/ စစ်တမ်း ကောက်ယူပါ (ဥပမာ ၁၀ ယောက်မြောက် လူတိုင်းကို အင်တာဗျူးမေးမြန်းပါ/ စစ်တမ်းကောက်ပါ) | • *အားသာချက်* - အရင်း အမြစ်များ အကန့်အသတ်ရှိပါက အလွယ်တကူ ကောက်ယူနိုင်သည်။<br>• *အားနည်းချက်* - (ပုံသေ တသမတ်တည်း ပုံစံကို ရှောင်ရှားရန်) ပုံကျ သတ်မှတ်သည့် လူစာရင်း လိုအပ်သည်။ |
| အဆင့်များစွာ ကောက်ယူသည့် နမူနာ (Multi-stage sample) | အထက်ဖော်ပြပါ နမူနာ ရွေးချယ်ခြင်း နည်းစနစ်များကို ပေါင်းစပ်ထားသည်။ | |

## ဖြစ်နိုင်စွမ်းမရှိသည့် နမူနာရွေးချယ်ခြင်း (Non-probability sampling)

စစ်တမ်းတွင် ပါဝင်ရန်အတွက် လူတစ်ဦးချင်းစီတွင် အခွင့်အရေး အတူတူရှိသည်ကို အာမခံချက် မပေးသည့် နမူနာ ကောက်ယူသည့် နည်းလမ်းများကို ဖြစ်နိုင်စွမ်းမရှိသည့်

နမူနာရွေးချယ်ခြင်းဟု ညွှန်းဆိုသည် (Hibberts et al. 2012; Chaudhuri & Stenger, 2005) ။အသုံးများသည့် ဖြစ်နိုင်စွမ်းရှိသော နမူနာရွေးချယ်ခြင်း ပုံစံများအား ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များနှင့် အတူတကွ အောက်ပါအတိုင်း အနှစ်ချုပ် ဖော်ပြထားပါသည်။

| နမူနာ ရွေးချယ်ခြင်း ပုံစံ | ရှင်းလင်းပြချက် | အားသာချက်/ အားနည်းချက် |
|---|---|---|
| သဘောဆန္ဒ (ကိုယ်တိုင် ရွေးချယ်ခြင်း) အရ ရွေးချယ်သည့် နမူနာ (Voluntary (self-selecting) sample) | အင်တာဗျူး/ စစ်တမ်းများတွင် ပါဝင်ရန် ကိုယ်တိုင် အရွေးချယ်ခံသည့် လူများ ဖြစ်သည် (ဥပမာ လူများအား စစ်တမ်းတွင် သဘောဆန္ဒအလျှောက် သင်က မေးမြန်းခြင်း ဖြစ်သည်)။ | • *အားသာချက်* - ရွေးချယ်ရန် လွယ်ကူသည်။<br>• *အားနည်းချက်* - အင်တာဗျူး/ စစ်တမ်းတွင် ပါဝင်သူများ အတွက်သာ အချက်အလက်များက သင့်လျော်သည်။ |
| လက်သင့်ရာ ကောက်ယူသည့် နမူနာ (Convenience sample) | လက်လှမ်းမီသူများကိုသာ ရွေးချယ်ခြင်း ဖြစ်သည်။<br>(ဥပမာ တရားသူကြီးများကို စစ်တမ်း ကောက်ရန်အတွက် နေပြည်တော်တွင် ရှိသည့် တရားရုံးချုပ် အဆောက်အဦးသို့ သွားရောက်ပြီးနောက် အဆောက်အဦးထဲမှ ထွက်လာသူ/ အတွင်းသို့ ဝင်သွားသူတို့ကို စစ်တမ်းကောက်ပါ။) | • *အားသာချက်* - ကောက်ယူရန် အလွန် လွယ်ကူသည်။<br>• *အားနည်းချက်* - ဘက်လိုက်မှု ဖြစ်နိုင်ခြေ မြင့်မားသည်။ |
| ဆင့်ကဲ ကောက်ယူသည့် | လူတစ်ဦးကို သင်က အင်တာဗျူး မေးမြန်းသည်/ | • *အားသာချက်* - ဆောင်ရွက်ရန် |

| နမူနာ ရွေးချယ်ခြင်း ပုံစံ | ရှင်းလင်းပြချက် | အားသာချက်/ အားနည်းချက် |
|---|---|---|
| နမူနာ (Snowball sample) | စစ်တမ်းကောက်သည်။ ထို့နောက် ၎င်း၏ ပေါင်းသင်း ဆက်ဆံရေး နယ်ပယ်ကို အသုံးပြု၍ နောက်ထပ် လူများကို သင့် အင်တာဗျူး/ စစ်တမ်းတွင် ပါဝင်စေခြင်း ဖြစ်သည်။<br><br>(ဥပမာ လွှတ်တော်အတွင်းရှိ NLD အမတ်များကို သင်က စစ်တမ်းကောက်ယူ ချင်ပါက လွှတ်တော်အမတ်ဖြစ်နေသည့် NLD အဖွဲ့ဝင်တစ်ဦးကို မေးမြန်းပြီးနောက် ၎င်းနှင့် သိကျွမ်းသည့် လွှတ်တော်အတွင်းရှိ အခြား NLD အမတ်များကို ချိတ်ဆက် ပေးရန် တောင်းဆိုခြင်း ဖြစ်သည်။) | အလွန်လွယ်ကူပြီး သီးသန့်လူများကို ဦးတည်ကောက်ယူရန်အတွက် ကောင်းမွန်သည်။<br>• *အားနည်းချက်* -အချက် အလက်ပိုင်းတွင် အကန့်အသတ် ရှိသည်။ အင်တာဗျူး/ စစ်တမ်းတွင် ပါဝင်သူ အမျိုးအစားအတွက်သာ အချက်အလက်က သင့်လျော်ပါသည်။ |

# ၄။ မြန်မာသုတေသီများတွက် အကြံပြုချက်များ

မြန်မာသုတေသီများအတွက် စစ်တမ်းကောက်ယူရာတွင် အသုံးဝင်သည့် အကြံပြုချက်အချို့ ရှိပါသည် -

- စစ်တမ်းကောက်ယူရာတွင် စစ်တမ်းဖြေဆိုသူများ၏ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားကို ကာကွယ်ရန် အရေးကြီးပါသည်။ အမည်လျှို့ဝှက်ထားသည့် စစ်တမ်းပုံစံများ (ဆိုလိုသည်မှာ စစ်တမ်း ပုံစံကို ဖြည့်စွက်သည့် လူကို မည်သူကမျှ မဖော်ထုတ်နိုင်ပေ) နှင့် လျှို့ဝှက် ပေးပို့သည့် လုပ်ငန်းစဉ် လိုအပ်ပါသည် (ဆိုလိုသည်မှာ မည်သူက သင့်ထံသို့ စစ်တမ်းပေးပို့ကြောင်း မည်သူကမျှ မသိနိုင်ပေ)။

- စစ်တမ်းဖြေဆိုသူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ (ဥပမာ စစ်တမ်းကောက်ယူလိုသည့် လူများစာရင်း ပြုစုထားသည့် သုတေသနအစီအမံများ) ပါဝင်သည့် မှတ်တမ်းမှတ်ရာများကို စစ်တမ်းအဖြေများ ပါဝင်သည့် မှတ်တမ်းမှတ်ရာများနှင့် ခွဲခြားထားပါ။
- အကယ်၍ စစ်တမ်းကို စာရွက်ဖြင့် ကောက်ယူပါက လူမြင်ကွင်းမဟုတ်ဘဲ သီးသန့်ဖြစ်သည့် "လုံခြုံသည့် နေရာ" တွင် စစ်တမ်းဖြေဆိုသူများအား စစ်တမ်းပုံစံကို ဖြေဆိုရမည် ဖြစ်သည်။ စစ်တမ်းဖြေဆိုသူများက စစ်တမ်းဖြေဆိုရန် လုံခြုံသည့် နေရာရှိတွင်သာ ဖြေဆိုရန် သင် ညွှန်ကြားနိုင်သည် သို့မဟုတ် ၎င်းတို့ ဖြေဆိုရန် အတွက် လုံခြုံသည့် နေရာကို သင် စီစဉ်ပေးနိုင်သည်။
- စစ်တမ်းအား အွန်လိုင်းမှတဆင့် ကောက်ယူနိုင်သည်။ အသုံးများသည့် အွန်လိုင်း စစ်တမ်းကောက်ယူသည့် နည်းလမ်းများတွင် Google Forms (https://docs.google.com/forms/u/0/) နှင့် Survey Monkey (https://www.surveymonkey.com/) တို့ ပါဝင်သည်။ စစ်တမ်းအဖြေများအား အွန်လိုင်းအသုံးပြု အချက်အလက်ဘဏ်တိုက်အတွင်း အလိုအလျောက် သိမ်းဆည်းနိုင်သည့် အားသာချက် ရှိသည်။ သို့ရာတွင် စစ်တမ်းဖြေဆိုသူများအနေဖြင့် အင်တာနက် ရရှိရန် လိုအပ်သည်။
- (ဥပမာ လက်ကိုင်ဖုန်းကဲ့သို့) ဝိုင်ဖိုင်အသုံးပြု၍ စစ်တမ်း ကောက်ယူရန် ဖြစ်နိုင်သည်။ Google Forms နှင့် Survey Monkey နှစ်ခုစလုံးအား လက်ကိုင်ဖုန်းဖြင့် ဖြေဆိုနိုင်သည်။ လက်ကိုင်ဖုန်းနှင့် အကျွမ်းတဝင် ရှိသူများကသာ စစ်တမ်း ဖြေဆိုနိုင်သည့်အတွက် သင့်စစ်တမ်း အချက်အလက်များက လက်ကိုင်ဖုန်း အသုံးပြုသူများအတွက် အလေးသာသည့် ဘက်လိုက်မှု ဖြစ်နိုင်စေကြောင်း သတိပြုရမည်။
- စစ်တမ်း ဖြေဆိုသူများလေ ရလဒ်ကောင်းလေ ဖြစ်သည်။ ထို့ကြောင့် အင်တာဗျူး ဖြေဆိုသူ အရေအတွက်ထက် စစ်တမ်း ဖြေဆိုသူ အရေအတွက်က အမြဲတစေ ပိုများရခြင်း ဖြစ်သည်။
- စစ်တမ်းအဖြေများက နည်းပါးနိုင်ချေ ရှိသည်။ ဥပမာ မည်သူမည်ဝါက စာအိတ်ဖြင့် ပေးပို့မေးမြန်းမှန်း မသိသည့် စစ်တမ်းအား လက်ခံရရှိသူများ၏ ၁-၂ ရာခိုင်နှုန်းကသာ ဖြေဆိုကြသည်။ အကယ်၍ သင်က ၁၀-၁၅ ရာခိုင်နှုန်း ဖြေဆိုသူကို လက်ခံရရှိပါက သင့်စစ်တမ်းက ကောင်းကောင်း အလုပ်ဖြစ်သည့် သဘော ဖြစ်ပါသည်။ စစ်တမ်း ဖြေဆိုသူများက သင့်ကို သိရှိပြီး စစ်တမ်းလိုအပ်သည့် သုတေသနလုပ်ငန်းကို သိရှိပါက

ဖြေဆိုသူနှုန်း မြင့်မားနိုင်ပါသည်။ သို့သော် သင့်သုတေသန လုပ်ငန်းအကြောင်း အချက်အလက်များကို ဖော်ပြခြင်းက စစ်တမ်းဖြေဆိုသူများထံမှ ရရှိသည့်အဖြေတွင် ဘက်လိုက်မှုများရှိနိုင်သည့် အတွက် သတိပြုရမည် ဖြစ်သည်။

- တစ်သီးတစ်ခြားဖြစ်သည့် နေရာတွင် စစ်တမ်းအား စီမံဆောင်ရွက်ခြင်းဖြင့် စစ်တမ်းဖြေဆိုမှုများကို တိုးမြင့်ရန်သည်လည်း ဖြစ်နိုင်ခြေရှိသည်။ ဥပမာအားဖြင့် ပညာရပ်နှီးနှောဖလှယ်ပွဲ တက်ရောက်သူ များအား စစ်တမ်းကောက်ယူခြင်းကို နှီးနှောဖလှယ်ပွဲ ကျင်းပသည့် အခန်းအတွင်း တက်ရောက်လာသူများ ရှိနေစဉ် စစ်တမ်းဖြန့်ဝေပါက ဖြေဆိုသူနှုန်း မြင့်မားပေလိမ့်မည်။ သို့သော် ကျဉ်းကျုတ်သည့် နေရာတွင် စစ်တမ်းဖြေဆိုသူများအား တစ်စုံတစ်ယောက်က သိရှိနိုင်သည့် အန္တရာယ် မြင့်မားခြင်းကြောင့် သတိပြုရမည် ဖြစ်သည်။ စစ်တမ်းဖြေဆိုသူများ၏ လုံခြုံရေးကို သင် စီမံဆောင်ရွက်ရန် လိုအပ်သည်။

## ကျမ်းကိုးစာရင်း

Chaudhuri, Arijit and Stenger, Horst. (2005). Survey Sampling. CRC Press.

Fowler, Floyd. Jr., (2009). Design and Evaluation of Survey Questions in Leonard Bickman and Debra Rog (Eds.), The SAGE Handbook of Applied Social Science Research Methods, SAGE Publishers.

Hibberts, Mary; Johnson, R. Burke; and Hudson, Kenneth. (2012). Common Survey Sampling Techniques, in Lior Gideon (Ed.), Handbook of Survey Methodology for the Social Sciences. Springer.

*International Journal of Quality Health Care* 3(2003): 261-266.

Jenn, Ng Chirk. (2006). Designing a Questionnaire. 1 Malays Fam Physician 1. 32-35.

Kelley, Kate; Clark, Belinda; Brown, Vivienne and John Sizia. (2003). Good Practice in the Conduct and Reporting of Survey Research, 15.

Nardi, Peter. (2018). Doing Survey Research. New York: Routledge.

Pew Research Center. (2022). Writing Survey Questions. Available at: https://www.pewresearch.org/our-methods/u-s-surveys/writing-survey-questions/

# အခန်း (၅)
# ပညာရပ်ဆိုင်ရာ သုတေသနနှင့် ရေးသားနည်း အခြေခံအချက်များ

လူမှုရေးသိပ္ပံသုတေသနသည် လူ့အဖွဲ့အစည်းအတွင်းရှိ လူမှုရေးရာကိစ္စရပ်များနှင့် လူမှုရေး ပြဿနာ များကို စုံစမ်းလေ့လာသည့် လုပ်ငန်းစဉ် တစ်ခုဖြစ်သည်။ လူမှုရေးသိပ္ပံ၏ ရည်ရွယ်ချက်သည် ကောက်ယူထားသည့် အချက်အလက်များကို စူးစမ်းလေ့လာခြင်း၊ ခွဲခြားသရုပ်ဖော်ခြင်း၊ ရှင်းလင်းပြသခြင်းနှင့် ခန့်မှန်းခြင်းတို့မှတဆင့် ၎င်းတို့ကို လေ့လာဆန်းစစ်ခြင်းက ကောင်းမွန်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးရန် ဖြစ်ပါသည်။ သုတေသန ရေးသားနည်းတွင် သီးခြား လိုက်နာရမည့် တိုတိုတုတ်တုတ်နှင့် အချက်အလက်ပြည့်စုံခြင်း၊ ရိုးရှင်းခြင်းတို့ ရှိရမည် ဖြစ်သည်။ စာသားများကို အချိုးကျကျ ရေးသားခြင်းနှင့်လည်း သက်ဆိုင်သည်။ လူမှုရေးသိပ္ပံသုတေသန ဂျာနယ်များတွင် ပါရှိသည့် ဆောင်းပါးများတွင် ပုံမှန်အားဖြင့် စာလုံးရေ ၅ ထောင်မှ ၈ ထောင်အကြား ပါဝင်လေ့ ရှိသည်။ ကန့်သတ်ထားသည့် စာလုံးရေနှင့် ကိုက်ညီရန် အလို့ငှာ မလိုအပ်ဘဲ အသေးစိတ်ရေးသားခြင်း၊ မလိုအပ်ဘဲ ရှင်းလင်းချက်ပေးခြင်း၊ ရှည်လျားထွေပြားစွာ ရေးသားခြင်း၊ အကြောင်းအရာမှ ဘေးချော်သွားခြင်း၊ ဝေ့လည်ကြောင်ပတ် ရေးသားခြင်း၊ စကားလုံးအပိုများနှင့် အနှစ်မပါသည့် စကားရပ်များကဲ့သို့ ကိစ္စရပ်များကို ရှောင်ကြဉ်ရမည်။

ထို့အပြင် သုတေသနစာတမ်းရေးသားခြင်းတွင် ရိုးစင်းသည့်ရေးသားနည်းပုံစံ ရှိရမည်။ စကားလုံး ရွေးချယ်သုံးစွဲခြင်းနှင့် ဝါကျ တည်ဆောက်ပုံက လိုရင်းတို့ရှင်း ဖြစ်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သုတေသန စာတမ်းတစ်စောင်တွင် အောက်ပါ အစိတ်အပိုင်းများ ပုံမှန်အားဖြင့် ပါဝင်ရမည် ဖြစ်သည်။ စာတမ်းအကျဉ်း၊ နိဒါန်း၊ သုတေသနမေးခွန်း၊ ပညာရပ်စာပေ သုံးသပ်လေ့လာခြင်း၊ သုတေသနနည်းလမ်း၊ သုတေသနရလဒ်များ၊ ဆွေးနွေးချက်နှင့် သုံးသပ်ချက်များ ဟူ၍ ဖြစ်သည်။ အောက်ပါအပိုင်းများတွင် အကြောင်းအရာတစ်ရပ်ချင်းစီအား ဆွေးနွေးထားပါသည်။

## စာတမ်းအကျဉ်း (Abstract)

သင့်စာတမ်းအား အနှစ်ချုပ်ကာ တိုတိုတုတ်တုတ် အချက်အလက်အပြည့်အစုံ မိတ်ဆက်နိုင်သည့် အသုံးတည့်သည့် ကိရိယာမှာ စာတမ်းအကျဉ်း ဖြစ်သည်။ ၎င်းကို

ချရေးခြင်းဖြင့် သင့်သုတေသနအကြောင်းအရာ၏ အဓိကအချက်ကို ရရှိစေကာ သင့်အကြံဉာဏ်များကို အစီအစဉ်ချမှတ်နိုင်ပြီး အမှန်တကယ် ဆောင်ရွက်မည့် အဆင့်များကို စီမံနိုင်ရန် သင့်ကို အထောက်အကူ ပြုပေလိမ့်မည်။ ဤအဆင့်တွင် အကြောင်းအရာပိုင်းနှင့် သက်ဆိုင်သည့် စံနှုန်းသတ်မှတ်ချက်များပေါ်သာ သင့်အနေဖြင့် အထူး အလေးပေးရမည် ဖြစ်သည်။ စာတမ်း အကျဉ်းတွင် သုတေသန၏ အစိတ်အပိုင်းအားလုံးကို ထည့်သွင်းရမည် ဖြစ်သည်။ စာဖတ်သူများအား သုတေသန ခေါင်းစဉ်၊ အယူအဆများနှင့် အစီအမံများကို နားလည်သဘောပေါက်စေရန် စာတမ်းအကျဉ်းက ကူညီပေးသည်။ လူမှုရေးသိပ္ပံဘာသာရပ်များတွင် စာတမ်းအကျဉ်းအား စာလုံးရေ ၁၀၀ မှ ၂၅၀ ထိ ပါဝင်သည့် စာပိုဒ် တစ်ပိုဒ်တည်းဖြင့် ပုံမှန်ရေးသားကြသည်။ လက်တလော ဖြစ်ရပ်ရှိ လူမှုရေးရာ ပြဿနာ သို့မဟုတ် ဥပဒေဆိုင်ရာ ပြဿနာကို ပထမဆုံးဝါကျက ရှင်းရှင်းလင်းလင်း ဖော်ပြရမည်။ တကယ့်အဖြစ်အပျက် အခြေအနေအပေါ် ပြဿနာရပ်က အခြေပြုထားခြင်းကို ပိုမို လိုလားပါသည်။ ထိုသို့ တကယ့် အဖြစ်အပျက်ပေါ် အခြေပြုထားပါက သုတေသနပြုမည့် ပြဿနာရပ်ကို ဖော်ပြပြီးနောက် ၎င်း၏ အခြေခံနှင့် ဆန်းစစ်ချက်ကို ဖော်ပြထားသည့် ရေးသားချက်များကို တောက်လျှောက် ရေးသားရမည်။ နောက်ဆက်လာမည့် ဝါကျများက စုံစမ်းစစ်ဆေးမှုကို မည်သို့ဆောင်ရွက်ထားကြောင်း ဖော်ပြရမည်။ ထို့နောက် ဆက်လက်၍ သုတေသနအကြောင်းနှင့် စမ်းသပ်ချက်၏ ရလဒ်များကို အစဉ်အတိုင်း ရေးသားဖော်ပြရမည်။ နောက်ဆုံးဝါကျများက ရလဒ်များ၏ သိသာထင်ရှားမှုနှင့် အများဆိုင် လေ့လာမှုနယ်ပယ်အပေါ် သုတေသန၏ အကျိုးသက်ရောက်မှုကို ဖော်ပြရမည် ဖြစ်သည်။

## နိဒါန်း (Introduction)

နိဒါန်းပိုင်းက သုတေသနစာတမ်း၏ ပထမဆုံးအပိုင်း ဖြစ်သည်။ သုတေသန အဆိုပြုချက်၏ အချက်အလက်များနှင့် ဆွေးနွေးချက်များကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ သုတေသနခေါင်းစဉ်နှင့် ဆက်စပ်၍ ရေးသားဖော်ပြထားသော စာသားများပါဝင်သည်။ နိဒါန်းပိုင်းကို သုတေသနနောက်ခံ အကြောင်းအရာ၊ ရည်ရွယ်ချက်နှင့် ပြဿနာဟူ၍ အပိုင်း (၃) ပိုင်း ခွဲခြားထားသည်။ နောက်ခံ အချက်အလက်များက သုတေသနကို နားလည်သဘောပေါက် စေရန်အတွက် လိုအပ်ပါသည်။ ရည်ရွယ်ချက်အကြောင်း ရေးသားချက်က သုတေသန ပြုရခြင်း အတွက် အကြောင်းရင်း အမှန်များကို ပြသထားသည်။ သုတေသနက စူးစမ်းလေ့လာလိုသည့် သုတေသန ပြုမည့် ပြဿနာ သို့မဟုတ် ကိစ္စရပ်နှင့် ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း အသေအချာ ဖော်ပြရမည် ဖြစ်သည်။

သုတေသနအကြောင်းအရာနှင့် ဆက်စပ်သည့် စာပေများကို အတိုချုံး လေ့လာဆန်းစစ်ချက်က နိဒါန်းပိုင်းတွင် လိုအပ်သည်။ ကျယ်ပြန့်သည့် အကြောင်းအရာကို စတင်ပြီးနောက် သုတေသနအပေါ် တဖြည်းဖြည်းချင်း ဆွဲခေါ်ယူကာ အလေးထား ဖော်ပြသည့် သရုပ်ဖော် ရေးသားချက်အဖြစ် နိဒါန်းပိုင်းကို အကောင်းဆုံး ဖွဲ့စည်းရမည် ဖြစ်သည်။ ချဉ်းကပ်နည်း တစ်ခုအနေဖြင့် လေ့လာမှုနယ်ပယ်ကို အကြမ်းဖျင်း မိတ်ဆက်တင်ပြထားသည့် စာပိုဒ် တစ်ခု သို့မဟုတ် နှစ်ခုဖြင့် စတင် ရေးသားရမည်။ ထို့နောက် ဆက်တိုက်လာမည့် စာပိုဒ်များက လက်ရှိသုတေသနက ၎င်းနယ်ပယ်ကို မည်သို့ တိုးတက်စေမည်ကို ဖော်ပြပါ။ လက်ရှိ လေ့လာမှုက သုတေသနမေးခွန်းအား ဖြေဆိုသွားမည့်အကြောင်း နောက်ဆုံးစာပိုဒ်က ရှင်းရှင်းလင်းလင်း ဖော်ပြသွားမည် ဖြစ်သည်။ နောက်ဆုံးစာပိုဒ်တွင် သုတေသနကျမ်း အကြောင်းဝါကျ ပါဝင်လေ့ရှိသည်။ စာတမ်းက အကြံပြုထားသည့် အဓိက ဆွေးနွေးချက် အကြောင်း ဖော်ပြထားသည့် ဝါကျတစ်ကြောင်းတည်းဖြင့် ဖော်ပြထားပါသည်။ သုတေသနကျမ်းအကြောင်း ဖော်ပြထားသည့် ဝါကျကို မတင်ပြမီ စာတမ်းက ဆန်းစစ်သွားမည့် ယူဆချက် တစ်ခုကိုလည်း နိဒါန်းတွင် ထည့်သွင်းဖော်ပြပါ။ ထို့နောက် ယူဆချက်ကို စမ်းသပ်မည့် ချဉ်းကပ်နည်းကို အကျဉ်းချုံး ဖော်ပြရမည် ဖြစ်သည်။ သုတေသနမေးခွန်းအတွက် အဖြေက လေ့လာမှုတစ်ရပ်လုံးကို မည်သို့ပံ့ပိုး ဖြည့်ဆည်းပေးမည်ကို ဖော်ပြထားသည့် အနှစ်ချုပ် ဝါကျတစ်ကြောင်းကို နောက်ဆုံးတွင် ထည့်သွင်းထားရမည် ဖြစ်သည်။ သင်၏ အဓိကကျသည့် သုတေသနမေးခွန်းကို ဖြေဆိုရန် လိုအပ်သည့် မေးခွန်းခွဲများသာမက သုတေသနက လေ့လာဆန်းစစ်ထားသည့် ကြိုတင်မျှော်မှန်း တွေ့ရှိချက်များကိုလည်း ဤအပိုင်းတွင် ထည့်သွင်း ရမည် ဖြစ်သည်။

အလွန်ဝေဝါးသည့် သို့မဟုတ် ရှုပ်ထွေးသည့် စကားရပ်များကို ရှောင်ရှားခြင်းက အကောင်းဆုံး ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သုတေသနက ၎င်းကိုယ်ပိုင် သုတေသန စိတ်ပါဝင်စားမှုများကို ရှင်းရှင်း လင်းလင်း မဖော်ပြနိုင်ကြောင်း ယူဆသွားနိုင်သည့် အတွက်ကြောင့် ဖြစ်သည်။ သုတေသန၏ အဓိကကျသည့် အချက်ကို နိဒါန်းပိုင်းက အမြဲတစေ ရှင်းရှင်းလင်းလင်း ဖော်ပြရမည်။ သုတေသနအကြောင်း အကြေအလည် ဆွေးနွေး ချက်တစ်ရပ်ကို မည်သို့ တည်ဆောက်ကြောင်းကိုလည်း နိဒါန်းပိုင်းက ဖော်ပြသင့်သည်။

သင့်စာတမ်းကို ရေးသားဖွဲ့စည်း သည့်အခါတွင် အောက်ပါ စည်းမျဉ်းများကို လေ့လာသင့်သည်။ နိဒါန်းပိုင်း ဖွဲ့စည်းမှုက ကျိုးကြောင်းဆီလျော်သည့် အစီအစဉ်အတိုင်း ဖြစ်ရမည်။ ယေဘုယျကျသည့် အချက်များဖြင့် စတင်ပြီးနောက် ပို၍ အသေးစိတ်ကျသည့် အချက်အလက်များကို ရေးသားသွားရမည်။ အဓိက ခေါင်းစဉ်က အဆင့်တစ်ဆင့်ရှိ

ခေါင်းစဉ်ခွဲများအားလုံး၏ အနှစ်ချုပ် ဖြစ်ရမည်။ အကယ်၍ သင်က နောက်ထပ် အပိုင်းကို ထပ်မံခွဲခြားပါက ခေါင်းစဉ်ခွဲ နှစ်ခု အနည်းဆုံး ပါဝင်သင့်သည်။

ဖွဲ့စည်းပုံကို ရိုးရိုးစင်းစင်း ထားရှိရန်အလို့ငှာ သုတေသန အကြောင်းအရာအလိုက် အမြင်ရှုထောင့်ကို အလေးထားခြင်းဖြင့် အပိုင်းတစ်ပိုင်းချင်းစီက အလွန်အမင်း ကွာခြားမှုမရှိဘဲ နိဒါန်းပိုင်းကို ထပ်မံခွဲခြားရမည် ဖြစ်ပါသည်။ သို့သော် ပညာရပ်ဆိုင်ရာသုတေသနစာတမ်းတွင် အသုံးပြုရန်အတွက် ခေါင်းစဉ်ပုံစံနှင့် စပ်လျဉ်း၍ တရားသေ သတ်မှတ်ထားသည့် စည်းမျဉ်းများ မရှိပါ။ သုတေသန စာဖတ်ပရိသတ်အတွက် နိဒါန်းပိုင်းက အလွန်ပင် အရေးကြီးပါသည်။ အကယ်၍ သုတေသနက စာဖတ်ပရိသတ်၏ သိလိုစိတ် သို့မဟုတ် အနည်းဆုံးအနေဖြင့် စိတ်ဝင်စားမှုကို မနှိုးဆွနိုင်ပါက စာဖတ်ပရိသတ်က ဖတ်ရှုရန် သို့မဟုတ် နားထောင်ရန် လက်တွန့်သွား ပေလိမ့်မည်သာမက စာတမ်းအတွက် လုံးဝ ဒုက္ခခံကာ အချိန်ပေးလိမ့်မည် မဟုတ်ပါ။

## သုတေသနမေးခွန်း (Research Question)

သုတေသနအကြောင်းနှင့် စူးစမ်းလေ့လာမည့် အဓိက အဆိုပြုချက်ကို သုတေသန မေးခွန်းက အကြမ်းဖျင်း တိုတိုတုတ်တုတ် ထိထိရောက်ရောက် ရှင်းလင်းရမည် ဖြစ်သည်။ ဘာသာရပ်တစ်ခုရှိ ယေဘုယျအကြောင်း အရာနှင့် သုတေသနပြုမည့် ပြဿနာက မည်သို့ သင့်လျော်ကြောင်းကိုလည်း ဖော်ပြရမည်။ ဤသုတေသန မေးခွန်းက လူမှုဘဝတွင် အမှန်တကယ် ကြုံတွေ့ရသည့် ပြဿနာနှင့် စူးစမ်းလေ့လာမည့် ယူဆချက်များ ဖြစ်ရမည်။ အကြောင်းအရာနှင့် ပတ်သက်၍ ယေဘုယျ ဆက်စပ် စဉ်းစားရမည့် အခြေအနေနှင့် သုတေသန ပြဿနာက မည်မျှ ဆက်စပ်ကြောင်းကိုလည်း ဤအပိုင်းက ဖော်ပြရမည်။

## ပညာရပ်စာပေ သုံးသပ်လေ့လာချက် (Literature Review)

စူးစမ်းလေ့လာလျှက်ရှိသည့် သုတေသနမေးခွန်း ဖွံ့ဖြိုးတိုးတက်မှုများနှင့် နောက်ဆုံး အမြင်ရှုထောင့်များကို ပညာရပ်စာပေသုံးသပ်လေ့လာချက်က အထောက်အပံ့ပေးပါသည်။ အကြောင်းအရာနှင့် ဆက်စပ်၍ လေ့လာပြီးဖြစ်သည့် လက်ရှိ ပညာရပ်စာပေနှင့် စာရေးဆရာများအကြောင်း အသုံးတည့်သည့် အကြံကောင်းဉာဏ်ကောင်းများကိုလည်း ရရှိနိုင်ပါသည်။ သို့သော် ဒစ်ဂျစ်တယ် အချက်အလက်များကို အသုံးပြုသည့်အခါ အထူး ကြုံတွေ့ရသည့် စိန်ခေါ်မှုမှာ ဒေတာအချက်အလက်များအား ရွေးချယ်ကာ အဓိပ္ပာယ် ပြည့်ဝသည့် အကြောင်းအရာအတွင်း ထည့်သွင်းအသုံးပြုမည့် ဒေတာများ၏ အရည်အသွေးကို စိစစ်ရခြင်း ဖြစ်ပါသည်။ သုတေသနမေးခွန်းနှင့် အညီ ပညာရပ်စာပေ သုံးသပ်လေ့လာချက်က

အကြောင်းအရာအလိုက် သီအိုရီများနှင့် ဆက်စပ်ရမည် ဖြစ်သည်။ မနီးယိုးစွဲ ဆင်တူသည့် သုတေသနမေးခွန်းများကို စူးစမ်းလေ့လာခဲ့သော မည့်သည့် ပညာရပ်စာတမ်းမှမဆို လိုအပ်သည့် အချက်အလက်များအား ပညာရပ်စာပေသုံးသပ်လေ့လာချက်က ရရှိစေပါသည်။ သုတေသနစာတမ်း အကြောင်းအရာကို သင့်အား နားလည်သဘောပေါက်စေသည့် ယခင်လေ့လာမှုများအကြောင်း အချက်အလက်ကိုလည်း ရရှိသည်။ ထို့အပြင် အကြောင်းအရာ အပေါ် သုတေသန ပြုခဲ့သည့် အခြား လေ့လာမှုများနှင့် သင့်စာတမ်းက မည်မျှ ကွာခြားသည် သို့မဟုတ် ဆင်တူသည်ကိုလည်း ဖော်ထုတ်နိုင်ပါသည်။

သင်၏ သုတေသနမေးခွန်းနှင့် ဆက်စပ်သည့် အခြေခံကျကျ သုတေသန ချဉ်းကပ်နည်းများကို ဖော်ထုတ်ကာ နိုင်းယှဉ်နိုင်ရန်အတွက် ပညာရပ်စာပေ သုံးသပ် လေ့လာချက်က အထောက်အကူပြုပါသည်။ သုတေသနတွင် စူးစမ်းလေ့လာလျှက်ရှိသော ယူဆချက်များနှင့် အဓိကကျသည့် သုတေသနမေးခွန်းကို ဖြေဆိုရန် လိုအပ်သည့် မေးခွန်းငယ်များလည်း ဤအပိုင်းတွင် ထည့်သွင်းထားပါသည်။ မသဲမကွဲ ရှုပ်ထွေးသည့် စကားလုံး ရေးသားချက်များကို ရှောင်ကြဉ်ရမည်။ ဤအပိုင်းတွင် အဆိုပြုချက်ကို မည်မျှ အားကောင်းခိုင်မာစေကြောင်း ဤသုတေသနက ဖော်ပြရမည် ဖြစ်သည်။ ထို့အပြင် သုတေသနမေးခွန်းများနှင့် ၎င်းတို့ကို ဖြေဆိုရန်အတွက် အသုံးပြုသည့် အချက်အလက်တို့ကို ဖော်ပြရန် လုံလောက်သည့် ဖွဲ့စည်းရေးသားပုံကို စာပိုဒ်များတွင် ပါရှိရပါမည်။

ကောင်းမွန်သည့် ပညာရပ်စာပေ သုံးသပ်လေ့လာချက်တွင် အောက်ပါ လက္ခဏာရပ်များ ပါဝင်ရမည် ဖြစ်သည်-

- ပညာရပ်စာပေသုံးသပ်လေ့လာချက်က သုတေသန၏ လက်တလော အခြေအနေကို ဖော်ပြရမည်။
- လေ့လာဆန်းစစ်မှုကို ချမှတ်ဆောင်ရွက်ရန် ထောက်ပံ့ပေးသည့် ယခင်ပညာရပ် အကြောင်းကိုလည်း အချက်အလက် ပေးပါသည်။
- အခြားလေ့လာမှုများအတွက် ကွာခြားချက်နှင့် တူညီချက်များကိုလည်း ပြသပါသည်။

## သုတေသန နည်းလမ်းများ (Research Methods)

သင်၏ လေ့လာမှုတွင် အသုံးပြုထား သုတေသနနည်းလမ်းများကို နားလည် သဘောပေါက်လွယ်အောင် ဤအပိုင်းတွင် ဖော်ပြရမည်။ နည်းလမ်းတစ်ခုချင်းစီအား အပိုင်းအလိုက် သီးခြား ဖော်ပြပါ။ စစချင်းအနေဖြင့် လေ့လာမှုတွင် အသုံးပြုထားသည့်

နည်းလမ်းများကို အပိုင်းတစ်ပိုင်းတည်းဖြင့် ဖော်ပြရမည်ဖြစ်ပြီး လေ့လာ ဆန်းစစ်မှုတွင် အသုံးပြုသည့် နည်းလမ်းတစ်ခုချင်းစီအတွက် ရှင်းလင်းပြသမှုများ ပါဝင်သည်။

ဤအချက်အလက်များက အခရာကျပြီး စာဖတ်သူများက ၎င်းတို့၏ ကိုယ်ပိုင် အဖွဲ့အစည်းများတွင် ဤနည်းလမ်းကို ထပ်မံအသုံးပြုနိုင်စွမ်း ရှိကြမည် ဖြစ်သည်။ ထပ်မံ၍ လေ့လာမှုတွင် အသုံးပြုထားသည့် အဓိကလုပ်ငန်းစဉ်နှင့် နည်းစနစ် တစ်ခုချင်းစီကို အပိုင်းအလိုက် ဖော်ပြရမည်။ အလားတူပင် သီအိုရီပိုင်း သို့မဟုတ် နမူနာတည်ဆောက် လေ့လာသည့် အပိုင်းကို အသုံးပြုပါက သုတေသနနည်းလမ်းများ၏ ကနဦးအပိုင်းတွင်ပင် ထည့်သွင်းထားရမည်။ နောက်ဆုံးတွင်မူ တွေ့ရှိချက်များကို လေ့လာဆန်းစစ်ရာတွင် အသုံးပြုသည့် စာရင်းအင်း ပညာလေ့လာဆန်းစစ်မှု နည်းလမ်းများကို မှတ်မှတ်ရရ ဖော်ပြ သင့်သည်။ သီအိုရီပိုင်း သုတေသနအနေဖြင့် ဤအချက်တွင် အဆိုပြုချက်များတွင် ရည်ညွှန်းကိုးကားချက်များအဖြစ် အသုံးပြုသည့် အရင်းအမြစ်များလည်း ထည့်သွင်းရမည် ဖြစ်သည်။ မူလအရင်းအမြစ်များကို အင်တာဗျူး၊ စစ်တမ်းများ သို့မဟုတ် အခြား နည်းလမ်းများမှ ကောက်ယူထားပါက လက်တွေ့ မျက်မြင်အခြေပြု သုတေသနတွင် ၎င်းတို့ကိုလည်း ထည့်သွင်းရမည်။ အရည်အသွေး အခြေပြုအချက် သို့မဟုတ် အရေအတွက် အခြေပြု အချက်အလက်များကို ကောက်ယူရာတွင် အသုံးပြုသည့် သုတေသနဒီဇိုင်းနှင့် နည်းလမ်းများအကြောင်းကိုလည်း ဤအပိုင်းတွင် ဆွေးနွေးရပေမည်။

သုတေသနတွေ့ရှိချက်များ စုဆောင်းရာတွင် အထောက်အကူပြုရန်အတွက် ဤသုတေသန နည်းလမ်းအား ဘာ့ကြောင့် ရွေးချယ်ထားသည်ကိုလည်း ဤအပိုင်းတွင် ရှင်းပြသင့်ပါသည်။ ထို့အပြင် သုတေသနနည်းလမ်းများက မည်သည့်အတွက်ကြောင့် သင့်လျော်ကြောင်းကိုလည်း ထပ်မံ ရှင်းပြသင့်သည်။

## အချက်အလက် လေ့လာဆန်းစစ်ခြင်းနှင့် တွေ့ရှိချက်များ (Data Analysis and finding)

အမှန်တကယ်ကောက်ယူထားသည့် အချက်အလက်များကို အချက်အလက်လေ့လာ ဆန်းစစ်ချက်က တင်ပြထားပါသည်။ သင်၏ သုတေသနအပေါ် အခြေခံထားသည့် စူးစမ်းလေ့လာထားချက်နှင့် သင် ကောက်ယူ စုဆောင်းထားသည့် အချက်အလက် ကုန်ကြမ်း များအကြောင်းကို နောက်တစ်ဆင့်တွင် ရေးသားရမည် ဖြစ်သည်။ အကယ်၍ ဖြစ်နိုင်ပါက သုတေသနတွင် အသုံးပြုသည့် အရေအတွက်အခြေပြု စစ်တမ်းကောက်ယူမှုနှင့် အရည်အသွေးအခြေပြု စစ်တမ်းကောက်ယူမှုတို့က အထောက်အပံ့ပေးကြောင်း ရေးသား

ဖော်ပြရမည်။ ဤအပိုင်းက ရေးသားရန် အခက်ခဲဆုံးအပိုင်း ဖြစ်လေ့ရှိပါသည်။ ယခင် အကြံပြုချက်များအတိုင်း လိုက်နာပါက ရေသားရန် အတော်ပင် လွယ်ကူပေသည်။ အထူးသဖြင့် နိဒါန်းပိုင်း၏ နောက်ဆုံး စာပိုဒ်ကို ကြည့်ပါ။ အသေးစိတ် သက်ရောက်မှုများကို လေ့လာခြင်းဖြင့် သုတေသနက ဖြစ်ရပ်တစ်ခုကို ဖော်ထုတ်ပါက သက်ရောက်မှု တစ်ချက်ချင်းစီအား စာပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ဖော်ပြရန်အတွက် တွေ့ရှိချက်များကို အသုံးပြုပါ။ အကယ်၍ သုတေသနက ယူဆချက်တစ်ခုကို တင်ပြပါက သင်၏ ယူဆချက်ကို အထောက်အပံ့ပြုသည့် သို့မဟုတ် ပယ်ချသည့် ကျိုးကြောင်းလျော်ညီသော ဆွေးနွေးချက်တစ်ခုကို တွေ့ရှိချက်များကို အသုံးပြု၍ တည်ဆောက်ပါ။ သုတေသနက အဓိက ရည်ရွယ်ချက် (၃) ရပ်ကို ဖော်ထုတ်ပါက ရည်ရွယ်ချက်တစ်ရပ်ချင်းစီအတွက် တွေ့ရှိချက်များကို အသုံးပြုပါ။

'နိဒါန်းပိုင်း' တွင် ဖော်ပြထားသော ကောင်းစွာ သတ်မှတ်ထားသည့် လေ့လာမှုအား တွေ့ရှိချက်အပိုင်းတွင် တင်ပြထားသည့် အထောက်အပံ့ပြု 'ရလဒ်များ/တွေ့ရှိချက်များ'နှင့်အတူ အချက်အလက် လေ့လာဆန်းစစ်ချက် အပိုင်းကို ဆက်လက်ရေးသားရမည်။ သုတေသန အကြောင်း အကျဉ်းချုပ် ပြန်လည်တင်ပြထားသည့် အနှစ်ချုပ် စာပိုဒ်နှင့် ဤအပိုင်းကို စတင်ရမည်။ အရေးအကြီးဆုံး တွေ့ရှိချက်များကို အနှစ်ချုပ် တင်ပြရမည် ဖြစ်ပြီး အကယ်၍ ဖြစ်နိုင်ပါက အဆိုပြုထားသည့် ယူဆချက်ကို လက်ခံသည် သို့မဟုတ် ပယ်ချသည်ကိုလည်း အနှစ်ချုပ် တင်ပြရမည်။ ထို့နောက် ဤအပိုင်းတွင် တင်ပြထားသည့် စိတ်ဝင်စားဖွယ် အကောင်းဆုံးဖြစ်သည့်အပြင် သိသာ ထင်ရှား၍ မှတ်သားလောက်ဖွယ် ကောင်းသည့် တွေ့ရှိချက်များကို ရေးသားပါ။ ထို့အပြင် ဤတွေ့ရှိချက်များကို အခြားပညာရပ်စာပေများတွင် တင်ပြထားသည့် လေ့လာမှုများနှင့် နှိုင်းယှဉ် တင်ပြရမည် ဖြစ်သည်။ အနက်ပြန်ဆိုရာတွင် တွေ့ကြုံနိုင်ချေရှိသည့် အားနည်းချက်များအကြောင်း ဆွေးနွေးချက်ကိုလည်း ထည့်သွင်းပါက ပို၍ အချက်အလက် ပြည့်စုံပေလိမ့်မည်။ နောက်ဆုံးတွင်မှ ဤအကြောင်းကို လေ့လာထားသည့် ပညာရပ် စာပေတွင်ပါရှိသော အခြားသုတေသနလုပ်ငန်းများအကြောင်းကို ဤအပိုင်း၏ နောက်ဆုံးပိုင်းတွင် ထည့်သွင်း စဉ်းစားရမည်။ ထို့နောက် ပညာရပ်ဆိုင်ရာ နယ်ပယ် တစ်ခုလုံးအတွက် ဤသုတေသနက မည်သို့ ဖြည့်ဆည်း ပံ့ပိုးပေးသည်ကိုလည်း ထည့်သွင်း ဖော်ပြရမည်။ သီအိုရီများနှင့် တွေ့ရှိချက်များအကြား အသေးစိတ် ကျိုးကြောင်း ဆက်နွှယ်ချက်၊ ရှင်းလင်းချက်နှင့် အဓိကအချက်များကို အသုံးပြု၍ သုတေသန တွေ့ရှိချက်များကို ဖော်ပြရမည် ဖြစ်သည်။ တကယ့်ဖြစ်ရပ်အခြေပြုလေ့လာမှုများနှင့်အတူ သင့်လျော်သည့် တွေ့ရှိချက်များအား ကျိုးကြောင်းသင့် ကောက်ချက်ချခြင်းကိုလည်း သုတေသနတွေ့ရှိချက်တွင် ထည့်သွင်းရမည်။

အခွင့်အလမ်းနှင့် ကြုံတွေ့လာနိုင်ချေ ရှိသည့် အန္တရာယ်များကဲ့သို့ အချက်အလက်အခြေပြု စိစစ်အကဲဖြတ်ချက်ကိုလည်း ဆွေးနွေးချက်တွင် ပြသရမည် ဖြစ်သည်။

## သုံးသပ်ချက် (Conclusion)

သင်၏ သုတေသနနှင့် သင် ကောက်ယူစုဆောင်းထားသည့် အချက်အလက်ကုန်ကြမ်းများ လေ့လာ ဆန်းစစ်ချက်တို့အပေါ် အခြေခံ၍ အကြောင်းအရာနှင့် ပတ်သက်သည့် သင့် စူးစမ်းတွေ့ရှိချက် အကြောင်းကို နောက်တစ်ဆင့်အနေဖြင့် ရေးသားရမည် ဖြစ်သည်။ အကယ်၍ ဖြစ်နိုင်ပါက တွေ့ရှိချက်များကို အထောက်အပံ့ ပေးသည့် သင် ဆောင်ရွက်ခဲ့သော စစ်တမ်းကောက်ယူမှုများကိုလည်း တင်ပြရမည် ဖြစ်သည်။ သင့်သုတေသန တွေ့ရှိချက် များကို ဖတ်ရှုသည့်စာဖတ်ပရိသတ်ထံ ယုံကြည်မှုဆောင်ကြဉ်းပေးနိုင်ရန်အတွက် သုံးသပ်ချက် အပိုင်းက အသုံးတည့်သည့် နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ တိုတိုတုတ်တုတ် ထိထိရောက်ရောက် ဖြစ်သည့် ဝါကျအနည်းငယ်အသုံးပြု၍ သုတေသန မေးခွန်း၊ အဆိုပြုချက်များနှင့် သုံးသပ်ချက်ကိုအနှစ်ချုပ် ရေးသားသင့်သည်။ ထိုသို့ ရေးသားခြင်းဖြင့် သင့်သုတေသနအား ကျိုးကြောင်းဆီလျော်စွာ ဖွဲ့စည်းထားခြင်းကို စာဖတ်သူအား သတိပြုမိစေမည် ဖြစ်သည်။ ဤသို့ဖြင့် အရေးအကြီးဆုံး အချက်များကို စာဖတ်သူများ၏ စိတ်ထဲတွင် မှတ်သားမိသွားစေမည် ဖြစ်သည်။ သုံးသပ်ချက်၏ နောက်ဆုံးပိုင်းတွင် ကိုယ်ပိုင်သုံးသပ်ချက် သို့မဟုတ် ယူဆချက်ကို ဖော်ပြပြီးနောက် နောက်ပြုလုပ်မည့် သုတေသနတွင် ရှင်းရှင်းလင်းလင်း ဖြစ်အောင် မေးမြန်းရန် သင့်လျော်မည့် မေးခွန်းများကိုလည်း ထောက်ပြရေးသားရမည်။ ဥပမာအားဖြင့် မေးခွန်းများအား အခြား အကြောင်းအရာများသို့ ပြောင်းလဲ မေးမြန်းပြီးနောက်လည်းကောင်း သို့မဟုတ် မတူညီသည့် အမြင်ရှုထောင့်မှနေ၍ ၎င်းအကြောင်းအရာများကို ဆန်းစစ်ခြင်းဖြင့်လည်းကောင်း ရေးသားခြင်း ဖြစ်သည်။ သုတေသန ရလဒ်များကို သုံးသပ်ချက်အပိုင်းက အနှစ်ချုပ်တင်ပြခြင်း ဖြစ်သည်။ ထပ်မံ၍ သုတေသနအကြောင်း ကနဦး မိတ်ဆက်တင်ပြပြီးနောက် အဓိက တွေ့ရှိချက်များကို အနှစ်ချုပ် တင်ပြပါ။ ထို့နောက် ဆွေးနွေးချက်၏ အဓိကကျသည့် အချက်များကို ဖော်ပြပါ။ နောက်ဆုံးအနေဖြင့် ဤသုတေသနက လေ့လာသည့်ပညာရပ် နယ်ပယ်တစ်ခုလုံးအတွက် မည်သို့ ဖြည့်ဆည်းပေးကြောင်း အဆိုပြုချက်နှင့် အဆုံးသတ်ပါ။ တွေ့ရှိချက်များ၏ အနှစ်ချုပ်ကို သုံးသပ်ချက် အပိုင်းက ဖော်ပြပြီးနောက် ၎င်းတွေ့ရှိချက်များက သုတေသန မေးခွန်း သို့မဟုတ် ပြဿနာနှင့် ဆီလျော်ကိုက်ညီမှု ရှိကြောင်း ရေးသားရမည် ဖြစ်သည်။

## ကျမ်းကိုးစာရင်း သို့မဟုတ် စာစုစာရင်း (References or Bibliography)

သုတေသနတွင် အသုံးပြုခဲ့သည့် သို့မဟုတ် နောက်ခံအချက်အလက်များအတွက် ရည်ညွှန်းခဲ့သည့် စာအုပ်စာတမ်းများအားလုံးကို ထည့်သွင်းဖော်ပြရမည်။ သင့်လျော်သည့် ပညာရေးအဖွဲ့အစည်းများက အတိအကျသတ်မှတ်ထားသည့် ကျမ်းကိုးစာရင်းပုံစံ သို့မဟုတ် ရည်ညွှန်းကိုးကားပုံစံ တို့ကို အသုံးပြုရမည်။ ယေဘုယျအားဖြင့် စာအုပ်နှင့် ဆောင်းပါးများ ရည်ညွှန်းကိုးကားသည့် ပုံစံအခြေခံစည်းမျဉ်းမှာ အမည် နောက်ဆုံးစာလုံး၊ အမည်ရှေ့ဆုံးစာလုံး၊ ထုတ်ဝေသည့်ခုနှစ်၊ "မျက်တောင် အဖွင့်အပိတ်ဖြင့် ရေးသားထားသည့် ဆောင်းပါးခေါင်းစဉ်" (Last name, First name. Year. "Title of Article in Quotation Marks.") တို့ ဖြစ်သည်။ ကျမ်းကိုးစာရင်းကို (A-Z) အက္ခရာ အစဉ်အတိုင်း ပုံစံချ ရေးသားရမည် ဖြစ်ပြီး စစချင်း စာကြောင်း စာရွက်ဘေးမျဉ်းနှင့် ကပ်ရေးသားပြီးနောက် နောက်ထပ်စာကြောင်းများကိုမူ စာရွက်ဘေးမျဉ်းမှ ခွာရေးသည့် ပုံစံ (hanging indent) ဖြင့် ရေးသားရမည်။ ရည်ညွှန်းကိုးကားမည့် အရင်းအမြစ်များနှင့် ပတ်သက်သည့် အချက်အလက်ပိုမို သိရှိလိုပါက သင့်လျော်သည့် ကျမ်းကိုးစာရင်းပုံစံလက်စွဲများကို ကိုးကားနိုင်သည်။

ကျမ်းကိုးစာရင်းနှင့် စာစုစာရင်း၏ ကွဲပြားချက်ကို နားလည်သဘောပေါက်ရန်မှာလည်း အရေးကြီးပါသည်။ ကျမ်းကိုးစာရင်းသည် သုတေသနရှိ အဆိုပြုချက်တစ်ရပ်ကို ထောက်ပံ့ပေးရန် အကိုးအကားပြုခဲ့သည့် အရင်းအမြစ်များ စာရင်းကို ရည်ညွှန်းပါသည်။ စာစုစာရင်းသည် သုတေသနပြုလုပ်စဉ် ရည်ညွှန်းကိုးကားခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ စိတ်ကူးသစ်များ ပေါ်ထွက်လာရန် အကြံဉာဏ်ယူခဲ့ရသည့် စာအုပ်စာတမ်းများ အားလုံး၏ စာရင်းဖြစ်သည်။ ကျမ်းကိုးစာရင်းနှင့် စာစုစာရင်း နှစ်မျိုးလုံးကို ပညာရပ်ဆိုင်ရာ စာတမ်း၏ နောက်ဆုံးပိုင်းတွင် တွေ့ရလေ့ရှိသည်။ ထိုစာရင်းများသည် သုတေသီများကို စာပေခိုးယူမိခြင်း မျိုးမှ ရှောင်ရှားနိုင်စေရန် ကူညီပေးသကဲ့သို့ စာဖတ်သူများကိုလည်း မူလအရင်းအမြစ်များထံမှ သတင်းအချက်အလက် ပိုမိုရှာဖွေနိုင်စေမည် ဖြစ်သည်။

## မြန်မာသုတေသီများအတွက် အကြံပြုချက်များ

သုတေသနဆောင်ရွက်ခြင်းနှင့် သုတေသနအား အများပြည်သူသို့ ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြသရာတွင်လည်းကောင်း သုတေသနစာတမ်းကို အသိအမှတ်ပြု ဂျာနယ်များတွင် ပုံနှိပ်ထုတ်ဝေခြင်း ရည်ရွယ်ချက် ပြည့်မြောက်ရန်အတွက်လည်းကောင်း ပညာရပ်စာပေ ရေးသားခြင်းက မရှိမဖြစ် လိုအပ်သည့် အလုပ်တစ်ခု ဖြစ်ပါသည်။ စာတမ်းအကျဉ်း၊ ပညာရပ်စာပေ သုံးသပ်လေ့လာချက်၊ နိဒါန်း၊ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များ

စသည့် သုတေသန၏ အစိတ်အပိုင်းအားလုံးကို ပညာရပ်စာပေ ရေးသားနည်းဖြင့် ဖွဲ့စည်း ရေးသားရပေမည်။ သုတေသန၏ အစိတ်အပိုင်း အားလုံးက နည်းစနစ်တကျ တွေးခေါ်ဆင်ခြင်မှု၊ ဆန်းစစ်ဝေဖန်လေ့လာချက်နှင့် ဘက်မျှသည့် သုံးသပ်ချက်များကို ယေဘုယျအားဖြင့် လိုအပ်ပါသည်။ စာဖတ်သူများအားလုံးအတွက် အလွယ်တကူ နားလည် သဘောပေါက်ရန် လိုအပ်ပါသည်။ သို့ရာတွင် အတိတ်ကာလ၌ ပညာရပ်စာပေရေးသားခြင်း ဆိုင်ရာ သင်တန်းနှင့် သုတေသနသင်တန်းများ လုံလုံလောက်လောက် မရှိခဲ့ခြင်းကြောင့် မြန်မာသုတေသီအများစုသည် ပညာရပ်စာပေ ရေးသားနည်းများနှင့် အကျွမ်းတဝင် မရှိကြပေ။ အခြားအကြောင်းတစ်ရပ်မှာ မြန်မာနိုင်ငံရှိ တက္ကသိုလ်အားလုံးတွင် သင်ကြားသင်ယူခြင်း အတွက် အင်္ဂလိပ်ဘာသာစကားကို တရားဝင်အဖြစ် သတ်မှတ်ထားသော်ကြား သုတေသန စိတ်ကူးဉာဏ်များကို ရှင်းလင်းစွာ တင်ပြရန် အင်္ဂလိပ်ဘာသာစကားဖြင့် ကျွမ်းကျွမ်းကျင်ကျင် ရေးသားတတ်မှု စွမ်းရည် မရှိခြင်းကြောင့် လည်း ဖြစ်ပါသည်။

ဝေဝေဝါးဝါးဖြစ်နေသည့် စာရေးသားခြင်းပုံစံကို ရှောင်ရှားရန်အလို့ငှာ ရိုးရိုးစင်းစင်း ဖြစ်သည့် ဝါကျဖြင့် ရေးသားရန်က အဓိကကျသည့် အချက်ဖြစ်ပါသည်။ ရှုပ်ရှုပ်ထွေးထွေး ပေါင်းစပ်ရေးသားထားသည့် ဝါကျများသည် နားလည်သဘောပေါက်ရန် ခက်ခဲပါသည်။ ရှင်းလင်းသည့် စကားရပ်များ၊ အပိုဒ်ငယ်များနှင့် စကားဆက်များဖြင့် ဇာတ်ကြောင်းပြော အရေးအသားပုံစံ သို့မဟုတ် သရုပ်ဖော်အရေးအသားပုံစံက ပို၍ နားလည်သဘောပေါက် လွယ်ကူပါသည်။ သုတေသန ရေးသားနည်းတွင် အနက်အဓိပ္ပာယ်ကို ရောထွေးစေသည့် မလိုလားသည့် စကားလုံးများအသုံးပြုခြင်း မပါဝင်စေရပါ။ ထို့အပြင် သတ်မှတ်ခြင်းမရှိသည့် အယူအဆများနှင့် ရှင်းလင်းပြ ထားခြင်းမရှိသည့် ဗန်းစကားများကို သုတေသန ရေးသားနည်းတွင် ထည့်သွင်း အသုံးမပြုသင့်ဘဲ ဝေးဝေး ရှောင်ရှားရပေမည်။

သုတေသနကောင်းကို သိရှိနိုင်ရန်အတွက် မြန်မာသုတေသီများက ဂျာနယ် ဆောင်းပါးများ၊ ပညာရပ်ဆိုင်ရာ စာအုပ်များနှင့် ပညာရပ်ဆိုင်ရာ ဘလော့ဂ် ဝက်ဆိုက်များကို ဖတ်ရှုခြင်းက အထောက်အကူဖြစ်စေပါသည်။ ပညာရပ်စာပေ ရေးသားနည်းကောင်းများ၏ ဥပမာများကို ၎င်းတို့တွင် ဖတ်ရှုနိုင်သည်။ သို့သော် အဆိုပါ စာအုပ်စာတမ်းများကို မိတ္တူ ကူးရာတွင် စာပေအသိဉာဏ်ခိုးယူကူးချမှုကို ရှောင်ကြဉ်ရန် သုတေသီများအနေဖြင့် ဂရုထားရမည် ဖြစ်သည်။

သုတေသနရေးသားနည်းကို မစတင်မီ မြန်မာသုတေသီအားလုံးအနေဖြင့် ကိုယ်တိုင် အောက်ပါ မေးခွန်းများကို မေးမြန်းသင့်ပါသည် -

- စစချင်းအနေဖြင့် မည်သည့် သီအိုရီနှင့် ယူဆချက်မူဘောင်ကို အသုံးပြုသင့်ပါသလဲ?
- အချက်အလက်ဘဏ်တိုက် ကြီးကြီးမားမားနှင့် တဆင့်ခံရရှိသည့် အရင်းအမြစ်များကို မည်သို့ စီစဉ်မည်နည်း?
- တွေ့ရှိချက်များက ပညာရပ်နယ်ပယ်အတွက် အသိပညာကို ဖြည့်ဆည်းပေးမည်လား?
- မည်သည့်အရင်းအမြစ်များကို ပါဝင်ထည့်သွင်းသင့် သနည်း?

## ကျမ်းကိုးစာရင်း

Lapai, Niger. (2019). Understanding Social Science Research: An overview, *Lapai International Journal of Management and social science. 11* (2).

Bailey, Stephen. (2018). *Academic Writing: A Hand Book for International Students*, 5$^{th}$edition, Routledge.

# တက်သစ်စ သုတေသီများအတွက် သုတေသနလက်စွဲ

## သစ်မင်းအိမ် ( မြန်မာဘာသာပြန် )



ဂျော်နသန် လီဂျောဘာလဒ်၊ လဲ့ပြာ (ဥပဒေ)၊ ခင်ခင်မေ၊
ဆောင်းနှင်း၊ မေဖြူ၊ သံလွင်၊ မိုးမခ၊ အိုင်းရစ်